# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ်(၁၀၀)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတကာ ဆက်ဆံရေး၊ ပြည်တွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်၍ နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီ မှ ညနေ ၄ နာရီခွဲအထိ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ညှိနှိုင်းခန်းမဆောင်၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်၍ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတကာ ဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးကိစ္စရပ်များ၊ တပ်မတော်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာပြီးနောက် အခြေအနေများ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေး ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့နိုင်

**နေပြည်တော် ဇန်နဝါရီ ၇**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့်၊ ဟိုင်းကြီးကျွန်း၏ အနောက်တောင်ဘက် ၂၃၅ မိုင်ခန့်နှင့်

*စာမျက်နှာ ၃ ကော်လံ ၅* ❐



## ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အရောင်းပြပွဲ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ရတနာကုန်သည်များ တက်ရောက်ကြမည်

စာမျက်နှာ ❖ ၅




မြန်မာ့အလင်း

# ညီညွတ်ရေးနဲ့ အသက်ရှည်ရှည်...

လူ့ဘဝ လူ့သက်တမ်းက တိုတောင်းလှသည်။

နှိုင်းရစမ္မတရားအရဆိုလျှင် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ သက်တမ်းက နိုင်ငံတကာအလယ်တွင် ပို၍ပင် တိုတောင်းသေးသည်ဟု ဆိုရမည်လားမသိ။

ကမ္ဘာနှင့်ချီပြောရလျှင် လူ့သက်တမ်းက ၇၁ ဒသမ ၅ နှစ်ဟု ဆို၏။ အမျိုးသားများအတွက် ၆၈ နှစ် ၄ လ ဖြစ်ကာ အမျိုးသမီးများအတွက် ၇၂ နှစ် ၈ လ ဟူ၏။ ကုန်လွန်ခဲ့သော ၂၀၁၀-၂၀၁၅ အတွက် ကုလသမဂ္ဂ ကမ္ဘာ့လူဦးရေခန့်မှန်းတွက်ချက်မှု၏ အဆိုအရမှာ လူ့သက်တမ်း ၆၉ နှစ်။ အမျိုးသား ၆၇ နှစ်နှင့် အမျိုးသမီး ၇၁ ဒသမ ၁ နှစ်ဖြစ်၏။

ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်း၏ စာရင်းအရဆိုလျှင် ဂျပန်၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ သြစတြေးလျ စသည့်နိုင်ငံသားများက ယေဘုယျအားဖြင့် အသက်ရှည်ဆုံး မျှော်လင့်နိုင်ကြသူများဖြစ်ပြီး ဆီးရီးယား၊ အင်ဂိုလာ စသည်တို့က အသက်တိုဆုံးစာရင်းဝင်များ ဖြစ်သည်ကို တွေ့ရသည်။ အသက်ရှည်ဆုံး မျှော်လင့်နိုင်သည့် နိုင်ငံသားများက ၈၀ ကျော်ဖြစ်ကာ အသက်တိုဆုံးတို့က ၅၀ စွန်းစွန်းမျှဟု ဆိုပါသည်။ မြန်မာနိုင်ငံသားများက နိုင်ငံစုစုပေါင်း ၁၈၃ နိုင်ငံ စာရင်းပြုထားရာမှာ နံပါတ် ၁၂၉ ဖြစ်သည့်အတွက် အောက်ပိုင်းအုပ်စုထဲမှာ ပါသည်ဟု ဆိုရပါမည်။

ကျန်းမာရေးဆိုင်ရာ တွက်ချက်မှုများအရဆိုလျှင် လေကောင်းလေသန့်မရသည့်၊ ရေကောင်းရေသန့်မရသည့်၊ မြေကောင်းမြေသန့်မရှိသည့် ပတ်ဝန်းကျင်တို့မှာ နေထိုင်ကြရခြင်းကြောင့်ဟု ဆိုသည်။

လေကောင်းလေသန့်မှ မရှူရပါပဲ၊ ရေကောင်းရေသန့်မှ မသောက်ရပါပဲ၊ မြေကောင်းမြေသန့်က အသီးအနှံများကို မစားသောက်ရပါပဲ ဘယ်လို အသက်ရှည်နိုင်ပါမည်နည်းဟု ဆိုပါသည်။ ထိုသည်တို့နှင့် အပြိုင် အရေးကြီးသောအချက်များက စီးပွားရေး အဆင့်အတန်းနှင့် လူမှုဝန်းကျင်နိမ့်ကျမှု ပြဿနာများ၊ အလုပ်ရှားပါးမှု ပြဿနာ၊ ဝင်ငွေမလုံလောက်မှု ပြဿနာ၊ ပညာရေးအဆင့်အတန်း နိမ့်ကျမှု၊ စားဝတ်နေရေးအခြေခံကို လုံလောက်အောင် မဖြေရှင်းနိုင်သည့် စီးပွားရေးအနေအထား၊ ပြည်သူ့ကျန်းမာရေးစနစ် အဆင့်နိမ့်ကျမှု၊ ကျန်းမာရေးဆိုင်ရာ နေထိုင်စားသောက်မှု အမူအကျင့် အလေ့အထ မရှိမှုများ၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် အရက်သေစာ အလွန်အကျွံသုံးစွဲမှု၊ အာဟာရ မပြည့်ဝမှု၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသည့်ပြဿနာ စသည်တို့ကို ရည်ညွှန်းပါသည်။

အချက်အလက်များစွာကို ရွေးထုတ်ထားသော်လည်း အခြေခံအားဖြင့်မူ စီးပွားရေးနိမ့်ကျခြင်း၊ ပညာရေးနိမ့်ကျခြင်း၊ ပြည်သူ့ကျန်းမာရေးစနစ် နိမ့်ကျခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပြဿနာများဟု တွေ့ရပါသည်။

သတိထားမိသည့် အရေးကြီးသော အခြားအချက်တစ်ခုမှာ စစ်ပွဲများကြားမှာ နေရသည့် နိုင်ငံသားများ၏ မျှော်မှန်းနိုင်သော အသက်မှာ အတိုတောင်းဆုံးများ ဖြစ်နေသည်ဆိုခြင်းပါ။

စစ်ပွဲများကြားမှာ၊ မငြိမ်းချမ်းမှုများကြားမှာ၊ စစ်ပွဲများအတွင်းမှာ ပစ်ခတ်တိုက်ခိုက်ရင်း သေဆုံးမှုများသာမက၊ စစ်ပွဲများက ဖန်တီးထုတ်လုပ်လိုက်သည့် အမျိုးမျိုးအဖုံဖုံသော နစ်နာဆုံးရှုံးမှုများ ပေါ်ထွန်းလာပါသည်။ စီးပွားရေးစနစ် တိုးတက်မြင့်မားအောင် ဆောင်ရွက်မြှင့်တင်နိုင်သည့် အခွင့်အရေးမရရှိမှု၊ ပညာသင်ကြားခွင့်မရသည့်သူများ အလွန်အမင်းများပြားလာမှုတို့က အသက်ရှည်ရေး မျှော်လင့်ချက်နည်းပါးမှု၏ အခြေခံများ ဖြစ်နေသည်ကို တွေ့ရပါမည်။

တိုင်းရင်းသား ညီအစ်ကို မောင်နှမများကြားမှာ ညီညွတ်ရေး မတည်ဆောက်နိုင်ကြသည့်အတွက် ငြိမ်းချမ်းရေးမရှိ။ ငြိမ်းချမ်းရေးမရှိသည့်အတွက် လူမှုအဆင့်မီမီနှင့် ကျန်းမာသက်ရှည်စွာ နေနိုင်ခွင့် အလိုလိုဆုံးရှုံးကြရသည့် ဘဝများအတွက် စာနာနားလည်နိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၇

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

***ယမန်နေ့မှအဆက်***

**နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ဖင်လန်သမ္မတနိုင်ငံ၊ သမ္မတ ဆူလီနီနီတိုထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံးအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ၊ သမ္မတ အဲလက်ဇန္ဒြား ဗူစစ်ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယားသမ္မတနိုင်ငံ ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဘက်မလိုက်လှုပ်ရှားမှု မူများအပေါ်တွင် အခြေခံပြီး ဆယ်စုနှစ်များစွာ တည်တံ့ခဲ့သည့် မြန်မာ-ဆားဘီးယားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် ဖော်ညွှန်းလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်အပြန်အလှန်စိတ်ဝင်စားမှုရှိသည့် နယ်ပယ်ပေါင်းစုံ၌ ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နိုင်ငံရေးဆွေးနွေးပွဲများနှင့်အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် နယ်ပယ်ပေါင်းစုံ၌ နက်ရှိုင်းစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ဆားဘီးယားနိုင်ငံ၏ သမ္မတတစ်ဦးအနေဖြင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် အထောက်အကူပြုသွားရန် အသင့်ရှိပါသည်။

**နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ၊ သမ္မတ Hilda C.Heine,Ed.D ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

မြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ အစိုးရနှင့်ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မာရှယ်ကျွန်းစုသမ္မတနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာစာမျက်နှာတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်းဖြင့် လည်းကောင်း၊ အနာဂတ်မျှော်မှန်းချက်များ အောင်မြင်ရေးကို ရှေးရှု၍ လည်းကောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိနေသည့် မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထောက်ခံသွားရန် သန္နိဋ္ဌာန်ချထားပါသည်။

မြန်မာနိုင်ငံ၏ မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခါသမယ၌ အဆွေတော်အား အနာဂတ်တွင် ဆက်လက်၍ ကြီးပွားတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ မွန်ဂိုလီးယားနိုင်ငံသမ္မတ KHALTMAAGIIN BATTULGA ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် အဆွေတော်နှင့် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာနိုင်ငံပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီတန်ဖိုးများ ပိုမိုမြှင့်တင်နိုင်ရေးတို့အတွက် မွန်ဂိုလီးယား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မြဲလာစေရန် မိမိအနေဖြင့် အဆွေတော်နှင့်အတူ လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဆီးနှင်းများကျဆင်းနေမှုကြောင့် ချင်းတောင်သွားလမ်းပေါ်တွင် ခရီးသွားယာဉ်များ သတိထားမောင်းနှင်ရန်လိုအပ်

**တီးတိန် ဇန်နဝါရီ ၇**

ခရီးသွားလာမှုပိုမိုများပြားသည့် ပွင့်လင်းရာသီကာလ ဆောင်းရာသီအတွင်း ချင်းပြည်နယ်တွင် ကားလမ်းတစ်လျှောက် ဆီးနှင်းများ ကျဆင်းနေမှုနှင့် မြူမှိုင်းများ ထူထပ်နေမှုတို့ကြောင့် လမ်းမြင်ကွင်းပျောက်ပြီး အန္တရာယ်များ ဖြစ်ပေါ်တတ်သဖြင့် ချင်းတောင်သွားလမ်းပေါ်တွင် ပြေးဆွဲနေကြသော ခရီးသည်တင်ယာဉ်ကြီး ယာဉ်ငယ် ယာဉ်မောင်းများအနေဖြင့် သတိထားမောင်းနှင်ကြရန် လိုအပ်ကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

“နှစ်စဉ်နှစ်တိုင်း ဆောင်းတွင်းကာလ ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေကျဆင်းသလို ကားတွေမှာလည်း နှင်းကွဲမီးပါပေမယ့် အဝေးကြီးလှမ်းမမြင်ရဘူး။ ယာဉ်တစ်စီးနဲ့တစ်စီး အနီးကပ်ရောက်မှ ရုတ်တရက် မြင်ရတယ်။ အဓိကတော့ ဆိုဇန်ကျေးရွာအနီး ဆွောင်းပီးလမ်းခွဲတစ်လျှောက်၊ အာလွယ်ကျေးရွာတစ်လျှောက်နဲ့သိုင်းငင်းကျေးရွာ အောက်ဘက်တစ်လျှောက်တွေဆိုရင် ဆီးနှင်းမြူမှိုင်းတွေ တော်တော်ဆိုးရွားပါတယ်။ ဒီရာသီမှာ ချင်းတောင်တက် ကားတွေအနေနဲ့ကတော့ သတိထားသွားလာတာ အကောင်းဆုံးပဲ ” ဟု တီးတိန်မြို့ခံ ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

ချင်းတောင်ခြေရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းတောင်ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန်ထုတ် ဟိုင်မွာလ်ဂျစ်ကားများမှာ မိုးတွင်းကာလများပါ ပြေးဆွဲခဲ့ရာမှ ယခုနောက်ပိုင်းတွင်မှ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ် မော်တော်ယာဉ်များဖြစ်သည့် မီနီဘတ်စ်ယာဉ်များ၊ ခြောက်ဘီးယာဉ်နှင့် ၁၀ ဘီးယာဉ်များပါ ပြေးဆွဲလာကြသည့်အပြင် လူစီးသီးသန့်ဇိမ်ခံယာဉ်များဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှုများပြားလာခြင်းတို့ကြောင့် လူစီးသီးသန့်ဟိုင်မွာလ်ဂျစ်ကားများမှာမူ စီးနင်းလိုက်ပါသူနည်းပါးသွားပြီး ကုန်စည်များကိုသာ အဓိက တင်ဆောင်၍ ပြေးဆွဲလာရကြောင်း ချင်းတောင်တန်းယာဉ်လိုင်းမှ ယာဉ်မောင်း ကိုခိုင်ပူက ပြောသည်။

ချင်းတောင်ပေါ်သွားကားလမ်းများသည် အောက်ခံမြေသားကြံ့ခိုင်မှုအားနည်းပြီး သက်နုမြေသားဖြစ်၍ မိုးရာသီဆိုလျှင် မကြာခဏတောင်ပြို၊ လမ်းပြိုကျမှုများသည့်အတွက် နှစ်စဉ်တောင်ပေါ်လမ်း အဆင့်မြှင့်တင်ရေး လမ်းမြေသားများ ချဲ့ထွင်ပြုပြင်ရသည့်နေရာ များသည့်အပြင် အချို့နေရာများတွင် ယာဉ်လမ်းကျဉ်းမြောင်းခြင်း၊ လမ်းပေါ်တွင် နွေ၊ မိုး၊ ဆောင်းတစ်နှစ်ပတ်လုံး မြေအစိုဓာတ်ကြောင့် မြေသားနိမ့်ကျမှုရှိခြင်း၊ မိုင်ရှည်ရှုံ့ဗွက်များပြည့်နှက်၍ ဗွက်ရှန်းသွားလာနေရသည့်အတွက် ခရီးသွားပြည်သူများမှာ ခရီးစဉ်ကြန့်ကြာမှု အခက်အခဲများဖြင့် ကြုံတွေ့နေကြရသည့်အပြင် ချင်းတောင်တက်ယာဉ်လိုင်းများမှ ယာဉ်မောင်းများလည်း ဂရုတစိုက် မောင်းနှင်ခဲ့ရပြီး ယခုဆောင်းရာသီကာလတွင်လည်း နှင်းများကျဆင်းနေမှုကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတိနှင့်ယှဉ်၍ မောင်းနှင်ရန်မှာ အထူးအရေးကြီးကြောင်း ဒေသခံခရီးသွား တိုင်းရင်းသားပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**နေစု(ချင်းရိုးမ)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပီရူးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ပီရူး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီး H.E. Mr. Fernando Quiros Campos အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ပီရူး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ ပြည်သူအချင်းချင်း ဆက်ဆံရေး တိုးမြှင့်သွားရန်နှင့် အားကစား၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ မူးယစ်ဆေးဝါး တရားမဝင်ကုန်သွယ်မှုတားဆီးရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီး H.E. Mr. Fernando Quiros Campos အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပညာရပ်စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးအတွက် မဟာဘွဲ့ရရှိရုံမျှနှင့် မပြီးသေးဘဲ ထပ်မံ၍ ပညာရပ်များ စဉ်ဆက်မပြတ် ဆည်းပူး



**ရန်ကုန် ဇန်နဝါရီ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့၊ ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)၊ ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာမဟာဘွဲ့နှင့် ကျန်းမာရေးမဟာသိပ္ပံ (အခြေခံကျန်းမာရေး) အောင်မြင်ခဲ့သူအား ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ပညာရပ်များ စဉ်ဆက်မပြတ်ဆည်းပူး**

ပြည်ထောင်စုဝန်ကြီးက ပညာရပ်စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးအတွက် ယခု မဟာဘွဲ့ရရှိရုံမျှနှင့် မပြီးသေးဘဲ ထပ်မံ၍ ပညာရပ်များ စဉ်ဆက်မပြတ် ဆည်းပူးကြရန် တိုက်တွန်းလိုပြီး ဝန်ကြီးဌာနမှလည်း အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဌာနအသီးသီး၊ စီမံချက်လုပ်ငန်းအသီးသီးတွင် တာဝန်ထမ်းဆောင်ရသည့်အခါ လုပ်ငန်းနှင့်စပ်ကျွမ်းကျင်မှုရှိစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဌာနချုပ်နှင့် US CDC တို့၏ အင်တာနက်စာမျက်နှာမှ ကျန်းမာရေးဆိုင်ရာ သတင်းများ၊ ကမ္ဘာ့ကျန်းမာရေး အစည်းအဝေးပွဲများမှ သဘောတူညီချက်များ၊ ကြေညာချက်များ၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ သတင်းများ၊ လုပ်ငန်းလမ်းညွှန်ချက်များ၊ လက်စွဲစာအုပ်များကို လေ့လာကြရန် တိုက်တွန်းလိုပါကြောင်း၊ ပညာရှင်များအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ရာ အင်္ဂလိပ်စာ ကျွမ်းကျင်မှုရှိရန်မှာ အထူးအရေးကြီးသဖြင့် လေ့လာလိုက်စားကြစေလိုပါကြောင်း။

**စွမ်းဆောင်ရည်မြှင့်သင်တန်း**

ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာ နေရာဒေသတွင် နေထိုင်ရေးအဆင်ပြေစေရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေးကိစ္စများကိုလည်း အလေးပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် ပညာရပ်ကဏ္ဍနယ်ပယ်တို့ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် အဓိကအရေးကြီးသည်သာမက သုတေသနပြုလုပ်သူတစ်ဦးချင်းစီအတွက်လည်း စဉ်းစားတွေးခေါ်ပုံနှင့် အသိပညာများ ပိုမိုတိုးတက်မြင့်မားလာကာ ပညာရပ်အလိုက် ကျွမ်းကျင်နှံ့စပ်မှု ပိုမိုကောင်းမွန်လာသည့် အကျိုးကျေးဇူးများ ရရှိပါကြောင်း၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်)တွင် ဆေးသုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့် certificate သင်တန်းများ ပြုလုပ်လျက်ရှိပြီဖြစ်ပါကြောင်း။

**ညှိနှိုင်းစုစည်းဖြေရှင်း**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းအဖွဲ့စိတ်ဓာတ်၊ ညှိနှိုင်းစုစည်းဖြေရှင်းတတ်သော စိတ်ဓာတ်၊ အပြန်အလှန်လေးစားမှု၊ အကောင်းမြင်စိတ်တို့ဖြင့် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာ သာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ပူးတွဲတာဝန်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် မဟာဘွဲ့ရရှိအောင်မြင်ခဲ့သူများ ကိုယ်စား သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကိုယ်စားလှယ်များက တက်ရောက်ခဲ့သည့် မဟာဘွဲ့သင်တန်းများနှင့် ပတ်သက်၍ လိုအပ်ချက်များနှင့် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အကြံပြုချက်များကို တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အကြံပြုချက်များကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကာ ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံပြင်ဆင်သင့်သည်များကို အမြန်ဆုံး မွမ်းမံပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ကျော့စန်းလွင်၊ ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အထွေထွေကိစ္စရပ်များဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုအဆင့် ဆေးရုံကြီးများအပါအဝင် ဆေးရုံ ၂၆ ရုံမှ ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကုသရေးရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းရေးရာ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ စီမံအုပ်ချုပ်မှုရေးရာ၊ ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစသည့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးပြီး ချက်ချင်းဖြည့်ဆည်းပေးနိုင်သည်များကို ဖြည့်ဆည်းပေးခဲ့ကာ ရေရှည်ဆောင်ရွက်ပေးရမည့်များကို စီစဉ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

အိန္ဒိယနိုင်ငံ ပို့ပလဲယားမြို့၏ အနောက်မြောက်ဘက် မိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေရှိနိုင်သဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။ မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၂ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၂ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ ညမှ နောက် ၄၈ နာရီအတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးရေးဆိုင်ရာ ကြီးကြပ်ရေးမှူးနှင့် ကျောင်းညှိနှိုင်းရေးမှူး သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၇**

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးရေး (South-East Asia Primary Learning Metrics-SEA-PLM) ဆိုင်ရာကြီးကြပ်ရေးမှူးများ(Test Administrators)နှင့် ကျောင်းညှိနှိုင်းရေးမှူးများ (School Coordinators) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အရှေ့တောင်အာရှဒေသတွင်း မူလတန်းပညာရေးအဆင့် လေ့လာသင်ယူမှုအား သုတေသနပြုလုပ်စစ်ဆေးအကဲဖြတ်ရာတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများ၊ ကျောင်းညှိနှိုင်းရေးမှူးများအတွက် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် သုတေသနလုပ်ငန်းသည် အာဆီယံဒေသတွင်းရှိ Grade-5 အဆင့် ကျောင်းသားလူငယ်များအား စစ်ဆေးအကဲဖြတ်သည့် "စံ"တစ်ခုဖြင့် လေ့လာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စစ်ဆေးအကဲဖြတ်လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာများ ရေးသားပြုစု၍ ပညာရေးဆိုင်ရာမူဝါဒချမှတ်သူထံ တင်ပြသွားခြင်းဖြင့် အဓိပ္ပာယ်ပြည့်ဝသော သင်ယူမှုရလဒ်များရရှိအောင်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

**အရေးစွမ်းရည် စစ်မေးသည့် ပထမဦးဆုံးစစ်ဆေးမှုဖြစ်**

၂၀၁၉ ခုနှစ်အတွင်း SEA-PLM ပုံမှန်စစ်ဆေးလေ့လာမှု (Main Survey) ကို အာဆီယံနိုင်ငံ(၇)နိုင်ငံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး စစ်ဆေးမည့်နိုင်ငံဖြစ်ပါကြောင်း၊ အရေးစွမ်းရည်၊ အဖတ်စွမ်းရည်၊ သင်္ချာစွမ်းရည်နှင့် လူသားကောင်း ဖြစ်မှုစသော နယ်ပယ်များကို (၄)နှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ဆီမီယို(SEAMEO)၊ ယူနီဆက် အရှေ့အာရှဒေသဆိုင်ရာ ရုံး(UNICEF-EAPRO)တို့က ငွေကြေးအထောက်အပံ့ပေးပြီး ဩစတြေးလျနိုင်ငံ ပညာရေးသုတေသနကောင်စီ(Australian Council for Educational Research-ACER) က နည်းပညာပံ့ပိုးပေးမှုများဖြင့် နိုင်ငံတကာအဆင့်မီပညာရည်စစ်ဆေး အကဲဖြတ်စံတစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုပြုလုပ်သော လေ့လာ စစ်ဆေးအကဲဖြတ်မှုတွင် ထူးခြားမှုအနေဖြင့် လူသားကောင်းဖြစ်မှုနယ်ပယ်အား ထည့်သွင်းစစ်ဆေးထားသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာပေါ်တွင် အရေးစွမ်းရည် စစ်မေးသည့် ပထမဦးဆုံးစစ်ဆေးမှုဖြစ်ပြီး ဆီမီယိုအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရလဒ်လည်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကို စွမ်းဆောင်ရည်မြှင့်တင် သင်တန်းများပေး၍ အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ပညာရေးစနစ်တွင် ထည့်သွင်းဆောင်ရွက်ရန် ရည်ရွယ်ပါကြောင်း။

**အရည်အသွေးရှိသော ပညာရေးကို ဖော်ဆောင်**

ယခုဆောင်ရွက်မည့် ပုံမှန်စစ်ဆေးအကဲဖြတ်မှု(SEA-PLM Main Survey) ကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိအခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ရွေးချယ်ထားသော ကျောင်းပေါင်း ၂၀၂ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူပေါင်း ၅၅၅၃ ဦးကို စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် မိဘ ၅၅၅၃ ဦး၊ Grade-5 သင်ကြားသည့်ဆရာ၊ ဆရာမ ၄၄၁ ဦး၊ ကျောင်းအုပ်ကြီး ၂၀၂ ဦးကိုလည်း စစ်တမ်းမေးခွန်းလွှာများကို ဖြည့်သွင်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မူလတန်းပညာရေးသင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေး(SEA-PLM)လုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးရှိသော ပညာရေးကို ဖော်ဆောင်ပေးကြရန်တိုက်တွန်းပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ယူနီဆက်ရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် Paul Edwards က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် အခမ်းအနားကို သင်တန်းအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ယူနီဆက်ဒုတိယဌာနေကိုယ်စားလှယ် Paul Adward, ၊ Education Section Chief MitsueUemura, ၊Australian Council for Educational Research (ACER) မှ Research Fellow Dr.Jacqueline Cheng, ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ကျောင်းညှိနှိုင်းရေးမှူးဆောင်ရွက်မည့်ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်ရေးမှူးဆောင်ရွက်မည့် ဆရာ၊ ဆရာမများ၊ SEA-PLM ၏ ဦးစီးကော်မတီဝင်များ၊ နည်းပညာပံ့ပိုးမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်**

သင်တန်းကို ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် စစ်ဆေးအကဲဖြတ်မည့် ၂၀၂ ကျောင်းမှ ကျောင်းအုပ်ကြီးများက ကျောင်းညှိနှိုင်းရေးမှူးများအဖြစ် လည်းကောင်း၊ စစ်ဆေးမည့်ကျောင်းနှင့် တစ်မြို့နယ်တည်းရှိ အခြားကျောင်းမှ ဆရာ၊ ဆရာမ ၂၈၂ ဦးက ကြီးကြပ်ရေးမှူးအဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်ရန် သင်တန်းတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် USAID PRLM မှ အကြီးအကဲနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် USAID Promoting Rule of Law in Myanmar (PRLM) မှ Chief of Party, Mr. Robert La Mont နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ် Action Plan အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ Corruption Perception Survey ကောက်ယူမည့် အစီအစဉ်များ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲများ ဖွင့်လှစ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး Mr. Robert La Mont ကလည်း ကော်မရှင်အတွက် လိုအပ်သည့်ရုံးသုံးပစ္စည်းကိရိယာများ၊ နည်းပညာဆိုင်ရာအကူအညီများ၊ Survey ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မြတ်မြတ်စိုး၊ ဒေါ်လဲ့လဲ့သွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်ဆောလျင်စွာ ဆောင်ရွက်သွားနိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယနေ့တွင် Ministry of Economy, Trade and Industry (METI) of Japan မှ Trade and Economic Cooperation Bureau ၏ Director General Mr. Masaki Ishikawa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် The American Chamber of Commerce in Myanmar ၏ Executive Director Ms. Zara Dang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။ **(အောက်ပုံ)**

Ministry of Economy, Trade and Industry (METI) of Japan မှ Trade and Economic Cooperation Bureau ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အတွင်း လုပ်ကိုင်နေသော ကုမ္ပဏီများတွင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအတွက် အလုပ်သင်သင်တန်းများ၊ သက်မွေးပညာသင်တန်းများ ပံ့ပိုးပေးသွားရေး၊ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် ထားဝယ်အထူးစီးပွားရေးဇုန်ဆောလျင်စွာ ဆောင်ရွက်သွားနိုင်ရေးနှင့် ဇန်နဝါရီလအတွင်း နေပြည်တော်တွင် ကျင်းပမည့် Invest Myanmar Summit သို့ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ရေးတို့ကို ဆွေးနွေးကြသည်။

The American Chamber of Commerce in Myanmar မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် စားသုံးသူပြည်သူများအား အကာအကွယ်ပေးရေးမှာ အဓိက ဦးစားပေးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည့်အားလျော်စွာ ပြည်သူများသုံးစွဲမည့် ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရစေရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြသွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# လူကုန်ကူးမှုဆိုင်ရာ ၂၀၁၈ ခုနှစ် အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက် ၁၀ ချက်အပေါ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှုဆိုင်ရာ ၂၀၁၈ ခုနှစ် အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက် (၁၀)ချက်အပေါ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ် ဆောင်ရွက်နေပါကြောင်း၊ အမေရိကန် နိုင်ငံ၏ အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်အရ Tier အဆင့်သတ်မှတ်ချက် အမျိုးမျိုးဖြင့် မြန်မာနိုင်ငံသည် ရပ်တည်ခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံသည် ၎င်းတို့၏ ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေပါစံနှုန်းများနှင့် နိုင်ငံများအား ကိုက်ညီမှုရှိ မရှိ တိုင်းတာ၍ နှစ်စဉ်အစီရင်ခံစာများ ထုတ်ပြန်ပြီးအဆင့်များသတ်မှတ်၍ အကြံပြုချက်များကို နှစ်စဉ်ထုတ်ပြန်ကြေညာလေ့ရှိကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဖြစ်သော လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးရန်မှာ အရေးကြီးပါကြောင်း၊ လူကုန်ကူးခြင်းသည် လူမှုကာကွယ်စောင့်ရှောက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့နှင့်လည်း ဆက်စပ်နေကြောင်း၊ တိုက်ပွဲရှောင်စခန်းများနှင့် အခြားဘေးရှောင်စခန်းများမှ ပြည်သူများမှာ လူကုန်ကူးခံရနိုင်သည့် ဖြစ်နိုင်ခြေအခြေအနေများတွေ့ရှိရသောကြောင့် ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရန်လိုအပ်ကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများသည် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို သက်ဆိုင်ရာဌာနများပူးပေါင်း၍ ထုတ်ပြန်ဖော်ပြနိုင်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာ့ဒစ်ဂျစ်တယ်အခွင့်အရေးဆွေးနွေးပွဲ ကျင်းပမည့် တာဝန်ခံ အရပ်ဘက်အဖွဲ့အစည်းများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တတိယအကြိမ် မြန်မာ့ဒစ်ဂျစ်တယ် အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ (Myanmar Digital Rights Forum) တာဝန်ယူကျင်းပမည့် အရပ်ဘက်အဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business), ဖန်တီးရာ (Phandeeyar), မြန်မာ့အိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့ (Myanmar ICT for Development Organization) နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း မြန်မာ (Free Expression Myanmar) တို့မှ တာဝန်ရှိသူများအား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**



**ဆွေးနွေး**

တွေ့ဆုံစဉ် ယင်းအရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည့် တတိယအကြိမ် "မြန်မာ့ဒစ်ဂျစ်တယ် အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ" (3rd Myanmar Digital Rights Forum) တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ တက်ရောက်ပါဝင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၀၉) သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၇**

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၀၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပခဲ့ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ ကျောင်းအုပ်ကြီး/ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၀၉)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၇၁ ဦး၊ သင်တန်းသူ ၇၄ ဦး စုစုပေါင်း ၁၄၅ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ရေးသူ၊ ဖတ်သူ တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးနှင့် စာအုပ်၊ စာပေချစ်မြတ်နိုးသူများအသင်း (Book Club စစ်တွေ)တို့ ပူးပေါင်းပြီး လူငယ်များအသိပညာဖွံ့ဖြိုးတိုးပွားရေးနှင့် စာပေတန်ဖိုးသိရှိကာ စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်၍ ရေးသူ၊ ဖတ်သူ တွေ့ဆုံဆွေးနွေးပွဲကို စစ်တွေခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စာရေးဆရာမ ပုညခင်က စာပေကိုဖတ်ရှုလေ့လာမှု အားကောင်းလာသည်နှင့်အမျှ စာပေဖတ်ရှုလိုသည့်စိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ စာအုပ်၊ စာပေများကိုလေ့လာဖတ်ရှုပြီး မိမိဘဝတိုးတက်အောင်မြင်ရေး၊ အသိပညာ ဗဟုသုတတိုးပွားရေးတို့ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုမှု အားကောင်းလာခြင်းဖြင့် အမှား၊ အမှန်ခွဲခြားတတ်ကာ အတွေးအခေါ်များ ရင့်သန်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စာရေးဆရာမ ပုညခင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ စာပေအသိုင်းအဝိုင်းမှ စာရေးဆရာများက စာပေရေးရာများကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော လူငယ်များက စာပေဆိုင်ရာများနှင့် သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုဦးစီးအဖွဲ့ဝင် စာရေးဆရာ ကျွန်းသားငမန်း၊ ဌာနဆိုင်ရာများ၊ Book Club၊ မြို့နယ် စာရေးဆရာအသင်း၊ ရခိုင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ရခိုင်တိုင်းရင်းသားဘာသာကဏ္ဍရှိပြည်ရခိုင် စာတည်းအဖွဲ့တို့မှ စာပေပညာရှင်များ၊ Youth Club၊ ကျောင်းသားသမဂ္ဂ၊ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ Wisdom City ကွန်ပျူတာသင်တန်းတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)မှ အထက်တန်းကျောင်းသား၊ ကျောင်းသူများ စာဖတ်ပရိသတ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအချောထည်ပြပွဲ နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ရတနာကုန်သည်များ တက်ရောက်ကြမည်

**ရန်ကုန် ဇန်နဝါရီ ၇**

နိုင်ငံအတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) က ကြီးမှူး၍ ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အချောထည်ပြပွဲ ၂၀၁၉ ကို ဇန်နဝါရီ ၉ ရက်မှ ၁၃ရက်နေ့အထိ ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ Lotte Hotel တွင် နံနက် ၁၀နာရီမှ ည ၇နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ကျောက်မျက်ရတနာဆိုင်ခန်းပေါင်း ၁၂၇ ခန်းဖြင့် ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

ပြပွဲသို့ နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များ လာရောက်ကြည့်ရှုဝယ်ယူနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာရှိမြန်မာသံရုံးမှတစ်ဆင့် ဖိတ်ကြားခဲ့ရာ ပထမအကြိမ်ပြပွဲတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံ ဖိတ်ကြားရာမှ ယခုနှစ်တွင် ၄၄ နိုင်ငံရှိ ရတနာကုန်သည်များကို ဖိတ်ကြားထားသည်။

ပြပွဲတွင် အသေးစားကျောက်မျက်လေလံတင်ရောင်းချပွဲ ပါဝင်မည်ဖြစ်ပြီး ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာနှစ်သောင်းသတ်မှတ်ထားသည်။ လေလံပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် သဘာဝကျောက်မျက်များကို ကျောက်မျက်ရတနာ အရည်အသွေးစစ်ဆေးနိုင်ရန် ပြပွဲတွင် ဓာတ်ခွဲခန်းထားရှိခြင်းကြောင့် ဝယ်ယူသူများအဖို့ စိတ်ချယုံကြည်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့အပြင် ဒီဇိုင်းကျင်းပရေးကော်မတီမှ ကြီးမှူးပြီး လက်ဝတ်ရတနာ ပြိုင်ပွဲနှင့် လက်ဖြင့်ရေးဆွဲသည့် ခဲပန်းချီပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာအခန်းကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် အဆင့်မြင့်လက်ဝတ်ရတနာအချောထည် ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရတနာကုန်သည်များအတွက် CB ဘဏ်မှ ကောင်တာဖွင့်လှစ်ထားရှိပြီး ပြည်ပမှ ရတနာကုန်သည်များ Visa Master Card ဖြင့် အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ထားသည်။ATM စက်များထားရှိပြီး အလွယ်တကူငွေထုတ်ယူနိုင်မည်ဖြစ်သည်။

ကျောက်မျက်ရတနာမှ ရရှိသည့် အခွန်ဘဏ္ဍာငွေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကြောင်းသိရှိရသည်။ **အောင်သူရ**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၅ ဒီဂရီ စင်တီဂရိတ်နှင့် မချမ်းဘောမြို့၊ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ လှိုင်လင်မြို့တွင် ၀ ဒသမ ၅၅ လက်မ၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီ၊ တောင်ငူမြို့တွင် ၀ ဒသမ ၃၁ လက်မ၊ လှိုင်ကော်မြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၁၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# မြန်မာ့မျက်မှောက် စီးပွားရေးအလားအလာနှင့် ရင်းနှီးမြှုပ်နှံမှု

**မောင်သန်းဝင်းရွှေ**

ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ ထုတ်ပြန်ရာ၌ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိနိုင်သည်ဟု ခန့်မှန်းချက်ရှိပါသည်။ သာမန်အားဖြင့် ယင်းစီးပွားရေး တိုးတက်မှုနှုန်းသည် စီးပွားရေးကို နှေးကွေးစေမည်ဟု ကောက်ယူတတ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းမှာ သည် ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ခြင်းကြောင့်ဖြစ်သည်ဟု ကောက်ယူရပေမည်။ ယင်းနှုန်းသည် နိုင်ငံတကာစံနှုန်းနှင့် နှိုင်းယှဉ်ပါက အားကောင်းသော နှုန်းဖြစ်နေသေးသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ Myanmar Economic Monitor-MEM ဆိုသည်မှာ ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံ၏ နောက်ဆုံးရ စီးပွားရေး အချက်အလက်များကို အခြေခံကာ တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေဖြန့်ချိသည့် အစီရင်ခံစာဖြစ်ပြီး လတ်တလော စီးပွားရေးတိုးတက်မှုများ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးတိုးတက်မှု အလားအလာများနှင့် မူဝါဒရေးရာ အကြံပြုချက်များ စုစည်းတင်ပြချက် ဖြစ်ပေသည်။

**ကောင်းမွန်လာမည်ဟု မျှော်မှန်းနိုင်**

ယေဘုယျအားဖြင့် မြန်မာ့မျက်မှောက်စီးပွားရေး အခြေအနေမှာ မက်ခရိုစီးပွားရေးတွင် ထိလွယ်ရှလွယ်မှု မြင့်တက်ခဲ့သည်။ ငွေဖောင်းပွမှုနှုန်း အမြင့်မားဆုံးဖြစ်ခဲ့သည်။ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ၆ လအတွင်း ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သည်။ သို့သော် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အလားအလာကောင်းများ ရှိနေခြင်းက စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုကို ကာကွယ်နိုင်ကောင်း ကာကွယ်နိုင်မည်ဖြစ်သည်ဟု ယူဆရပါသည်။ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်း၊ ကုန်သွယ်မှုတွင် လက်လီလက်ကား ဖြေလျှော့ပေးနေမှုများရှိခြင်း၊ Belt and Road Initative နှင့် ဆက်စပ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများအတွက် အကြီးစားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်း စသောမူဝါဒ အပြောင်းအလဲများကြောင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်မှန်းနိုင်ပါသည်။ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအသီးသီးတွင် တိုးတက်မှုနှေးကွေးစေကာမူ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တည်ငြိမ်ခြင်းနှင့် ဆက်သွယ်ရေး လုပ်ငန်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍများတွင် တိုးတက်မှု အားကောင်းနေခြင်းကြောင့် ခုသာခံသာရှိနိုင်မည်ဟု ဆိုနိုင်သည်။ ထို့အတူ ရေရှည်ကာလအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအား ဖန်တီးနိုင်မည်ဟု ယူဆရသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇) စတင်အသက်ဝင်လာခြင်း၊ နိုင်ငံခြားဘဏ်များ ပြည်တွင်းတွင် ချေးငွေလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဖြေလျှော့မှုများ ဆောင်ရွက်မှုပြုနေခြင်းများက အဓိကသာဓကေ ဖြစ်ပါသည်။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်များကို နိုင်ငံခြားကုမ္ပဏီများပါ ဆောင်ရွက်ခွင့်ပြုရန်လည်း ဦးတည်ထားမှုမှာမူ တည်ငြိမ်ခိုင်မာသည့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းနိုင်မှုကို ချိန်ဆ၍ စီးပွားရေး နာလန်ထစ၊ စီးပွားရေးစနစ်များ ကျင့်သုံးမြဲ၊ နိုင်ငံတကာကျင့်စဉ်ကို စနစ်တကျ ကျင့်သုံးတတ်မှ မြန်မာ့စီးပွားရေး အားပျော့နိုင်မှုကို ကာကွယ်နိုင်မည်ကို ထည့်သွင်းစဉ်းစားရန်မှာ အဓိကလိုအပ်ချက်ဖြစ်သည်။ ဆိုလိုသည်မှာ အလေ့သုံးဆယ် ကျင့်သုံးနိုင်သော နည်းဥပဒေများမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားကာကွယ်သော နည်းဥပဒေများဖြင့် ထိထိရောက်ရောက် ထိန်းကွပ်ရန်ဖြစ်သည်။

**ကောက်ချက်ချရန် စောနေသေး**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI တစ်နှစ်အတွင်း ဝင်ရောက်မှုသည် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်များတွင် ပိုမိုတိုးတက်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် မျက်မှောက်ကာလ၏ အစောပိုင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာမှုသည် ကျဆင်းလာခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပထမနှစ်ဝက်ကာလများ နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်းကျော် လျော့သွားသည်ကို တွေ့ရပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းကို မှန်းဆရန် မလွယ်ကူပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမည်ဟု

> “မြန်မာနိုင်ငံသည် အာရှတိုက်၏ အထင်ရှားဆုံးသော မြေမျက်နှာသွင်ပြင် အချက်များစွာအနက် တစ်ခုပေါ်၌ တည်ရှိနေပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အလျင်မြန်ဆုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်သွယ်လျက်ရှိပါသည်။ ထို့အတူ ဘင်္ဂလားပင်လယ်အော်နှင့် အက်ဒမန်ပင်လယ်နှစ်ခုစလုံးဆီသို့ မဟာဗျူဟာကျသည့် ထွက်ပေါက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်”

ကတိပြုခြင်းနှင့် အမှန်တကယ် ဝင်ရောက်လာခြင်းမှာ ကွာဟနိုင်သကဲ့သို့ ပုံမှန်ခွင့်ပြုသည့် လုပ်ငန်းစဉ် ပြင်ပတွင်လည်း ပေါ်ပေါက်လာနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် FDI ဝင်ရောက်လာမှု နည်းသေးသည်ဟု တစ်ထစ်ချကောက်ချက်ချရန် အချိန်စောပါသေးသည်ဟု ဆိုရပါမည်။

ဘဏ္ဍာရေးလိုငွေပြမှု ဆက်လက်တည်ရှိနေသေးသော်လည်း ရည်မှန်းချက်အောက် ရောက်နေခြင်းက ဘတ်ဂျက် အကောင်အထည်ဖော်မှုတွင် အခက်အခဲရှိနေသေးသည်ဟု ယူဆရန် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ငွေလုံးငွေရင်း စီမံကိန်းများတွင် အသုံးစရိတ်များ လျှော့ချသုံးစွဲမှုအပါအဝင် ဘတ်ဂျက်အကောင်အထည်ဖော်မှုတွင် အခက်အခဲရှိနေသေးကြောင်းကို ညွှန်ပြနေပါသည်။ လိုငွေပြဘတ်ဂျက်ကို ဖြည့်ဆည်းရာ၌ ဗဟိုဘဏ်၏ ထောက်ပံ့မှုကို ၂၀ ရာခိုင်နှုန်းအောက် လျှော့ချခဲ့ပြီး ငွေတိုက်စာချုပ်များ အသုံးပြုဖြည့်ဆည်းခြင်းအားဖြင့် monetary aggregates ကို ထိန်းချုပ်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်၏ ဘတ်ဂျက်လိုငွေမှာလည်း ဘတ်ဂျက်သုံးစွဲနိုင်စွမ်းအရ အကန့်အသတ်ရှိနိုင်သည်ဟု ခန့်မှန်းထားရပေမည်။

**ကြိုးပမ်းရမည်ဖြစ်**

မျက်မှောက်ခေတ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးပွားရေးကို နိုင်ငံအချင်းချင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစည်းခြင်း စသည့်အသွင်အမျိုးမျိုးဖြင့် နှစ်နိုင်ငံချင်း သဘောတူညီချက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးအုပ်စုများကြား သဘောတူညီချက်များဖြင့် ဆောင်ရွက်လျက်ရှိကြပေသည်။ အခြေခံလိုအပ်ချက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တိုးပွားလိုပါက ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ထူထောင်ပေးရန်သာ ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၈ ခုနှစ်မှ စတင်၍ bilateral investment treaty နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ၁၁ စောင် ချုပ်ဆိုထားပါသည်။ Investment provision ပါဝင်သော စာချုပ်ပေါင်း ၁၆ စောင်ကိုလည်း ဒေသဆိုင်ရာ အုပ်စုအဆင့်နှင့် ပါဝင်လျက် ချုပ်ဆိုထားသည်ဟု သိရပါသည်။ ထို့အတူ Investment Provision and Protection Agreement, Investment Incentive Agreement, Investment Liberalization Promotion and Protection Agreement များ ချုပ်ဆို၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်စီးဝင်ရေးကို ဆောင်ရွက်ထားပေသည်။

မြန်မာနိုင်ငံအပေါ် IMF နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ ၂၀၁၆ ခုနှစ် Consultation Report အရ ခန့်မှန်းချက်မှာ ကာလရှည်ဖြစ်သော ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၃၅-၂၀၃၆ ခုနှစ်အထိ Average Growth rate of GDP ကို ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်နှုန်း ရရှိရေးကို ဆွဲဆောင်မှု၊ အကာအကွယ်ပေးမှု၊ အကျိုးအမြတ်တိုးပွားစေရေး တွန်းအားပေးမှုများအရ ကြိုးပမ်းရမည် ဖြစ်ပါသည်။

**အလားအလာကောင်းများ**

မြန်မာနိုင်ငံသည် အာရှတိုက်၏ အထင်ရှားဆုံးသော မြေမျက်နှာသွင်ပြင် အချက်များစွာအနက် တစ်ခုပေါ်၌ တည်ရှိနေပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အလျင်မြန်ဆုံးနိုင်ငံများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်သွယ်လျက်ရှိပါသည်။ ထို့အတူ ဘင်္ဂလားပင်လယ်အော်နှင့် အက်ဒမန်ပင်လယ်နှစ်ခုစလုံးဆီသို့ မဟာဗျူဟာကျသည့် ထွက်ပေါက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အတူ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းမှနေ၍ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN China Free Trade Area -ACFTA) အာဆီယံ ဂျပန်ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု AJCEP တို့၏ အဖွဲ့ဝင်ဒေသအတွင်း ထုတ်လုပ်မှု ကွန်ရက်များတွင် ပေါင်းစည်းမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမည် ဖြစ်ပါသည်။ ထို့အတူ One Belt and One Road မှတစ်ဆင့် တိုးတက်လာသည့် ဒေသတွင်းဆက်သွယ်မှုမှာလည်း အနာဂတ်ကာလတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ ဆင့်ပွားထပ်ဆောင်း အခြေအနေအရ အလားအလာကောင်းကို ခံစားနိုင်မည်ဖြစ်သည်။ ဤသည်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI တိုးပွားရေးအတွက် အလားအလာကောင်းများဟု ဆိုရပေမည်။

**တွန်းအားပေးနိုင်မည်**

မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသော ပကတိအခြေအနေမှာ လျှပ်စစ်ဓာတ်အား ပုံမှန်ပို့လွှတ်နိုင်မှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိခြင်း၊ သယ်ယူပို့ဆောင်မှု အရည်အသွေး မပြည့်ဝသေးခြင်း၊ အခြေခံအဆောက်အအုံ လုံလောက်မှုများ နိမ့်ကျနေခြင်းများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ဤရင်ဆိုင်မှုကို ကျော်လွှားနိုင်ရန်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများမှ အဆင့်ကျော်လွှားရန် ကြိုးပမ်းသည်ထက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် ကျော်လွှားနိုင်မည့် အခြေအနေသစ်များကို အခြေအမြစ်ကျကျ စီစဉ်နိုင်လျှင် FDI စီးဝင်လာမှုကို ပိုမို၍ တွန်းအားပေးနိုင်မည်သာ ဖြစ်သည်။ သို့သော် ပြည်ပအကြောင်းအရင်းများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးပြီးအာဆီယံနိုင်ငံများကဲ့သို့ အိမ်နီးချင်းနိုင်ငံများတွင် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာခြင်း၊ အာဆီယံစီးပွားရေးအသိုင်းအဝိုင်း ဖွဲ့စည်းထူထောင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်လှုပ်ရှားမှုဖြစ်စဉ် တိုးတက်ဖြစ်ထွန်းမှုများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် ရရှိမည့် အခွင့်အလမ်းကောင်းများ ရှိနေခြင်းမှာ အားရဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ မျက်မှောက်စီးပွားရေး အခြေအနေ၏ အနာဂတ်အလားအလာကို ရင်းနှီးမြှုပ်နှံမှုနည်းလမ်းအရ တွန်းအားပေးရာတွင် ပို့ကုန်ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းဈေးကွက် ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု၊ အရင်းအမြစ် အခြေပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် ရှေ့တန်းတင် အလေးထားပြုရင်းနှီးမြှုပ်နှံမှုများအဖြစ် သတ်မှတ်ချက်အဖြစ် အသိအမှတ်ပြုရန် ဖြစ်ပါသည်။

ပြည်တွင်းပြည်ပ အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်မှုဖြစ်သည့် လွယ်ကူလျင်မြန် ချောမွေ့သော ရင်းနှီးမြှုပ်နှံသူများ ကျွမ်းဝင်မှုရှိသော ပတ်ဝန်းကျင်ပေါ်ထွန်းစေသည့် OSS ခေါ် One Stop Service Centre ထားရှိခြင်းဖြင့် လုပ်ငန်းစဉ်များ ချောမွေ့စေအောင် ဆောင်ရွက်ပေးခြင်း၊ ရှင်းလင်းလွယ်ကူ အချိန်မယူသော လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း Standard Operating Procedure (SOPs) များထားရှိကာ ဆောင်ရွက်ခြင်းများဖြင့် ထိရောက်ထက်မြက်သော ဆွဲဆောင်မှုများ ကျင့်သုံး၍ ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို သရုပ်ပေါ်သထက်ပေါ်အောင် ဆောင်ရွက်ကြရန်ကာလသို့ ရောက်ရှိနေပြီဟု ဆိုရပါမည်။ သို့မှသာ မြန်မာ့စီးပွားရေး၏ အနာဂတ်အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုသည် “ရေ” နှင့် “ကြာ” လို တင့်တယ်မည်ဖြစ်ပေသည်။ ။

## သရက်အကျဉ်းထောင်တွင် အမျိုးသမီးများ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**သရက် ဇန်နဝါရီ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန သရက်အကျဉ်းထောင်ရှိ အမျိုးသမီးဆောင်တွင် ၈.၁၀.၂၀၁၈ မှ ၂၈.၁၂.၂၀၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သော အမျိုးသမီးများ စက်ချုပ်၊ လက်ချုပ်အခြေခံသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၇ ရက်က အဆိုပါ အမျိုးသမီးဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်အကျဉ်းထောင်တာဝန်ခံအရာရှိ (ထောင်ပိုင်ကြီး) ဦးသိန်းလွင်က အမှာစကားပြောကြားပြီး သင်တန်းသူ မဝါဝါအောင်က သင်တန်းသူများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ထောင်ပိုင်ကြီး ဦးသိန်းလွင်က သင်တန်းသူများ ချုပ်လုပ်ထားသည့် အင်္ကျီများကို စစ်ဆေးကြည့်ရှုခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**



## ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးဆိုးကျိုးအသိပညာပေးဟောပြော

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုအရ နေပြည်တော်ရှစ်မြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများက အနီးကပ်ကြီးကြပ်ကာ မိမိမြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ ကင်းစင်စေရေးအတွက် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က အောင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ ဆိုးကျိုး၊ ပြစ်ဒဏ်အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်း ပြောကြားရာ ဒေသခံ ၇၀ တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တပ်ရင်းရုံး၌ ကျင်းပသည့် ကျဆုံးတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်တွေ့ဆုံပွဲ အခမ်းအနားတွင် အားပေးစကား ပြောကြားစဉ်။

* ကျော်ဖုံးမှ

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မောင်တောမြို့သို့ရောက်ရှိပြီး မောင်တောမြို့ပြည်သူ့ဆေးရုံတွင် AA အကြမ်းဖက် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ပံ့ငွေများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၃) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများထံ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ပေးအပ်လှူဒါန်းသည့် ထောက်ပံ့ငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ကိုယ်စားပေးအပ်ရာ ထောက်ပံ့မှုများနှင့်ပတ်သက်၍ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး အဖွဲ့မှူး ရဲမှူးချုပ် မြင့်တိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ**

ယင်းနောက် ရဲမှူးချုပ် မြင့်တိုးက သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံကာ ဘူးသီးတောင်မြို့နယ်အတွင်းရှိ နယ်ခြားစောင့် ရဲကင်းစခန်းများ တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ဝင်ရောက် တိုက်ခိုက်မှုခံခဲ့ရသည့် စခန်းများအနက် ခထီးလုံရဲကင်းစခန်းနှင့် ဂုပ္ပိရဲကင်းစခန်းများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် သွားရောက်၍ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ တာဝန်ထမ်းဆောင်လျက်ရှိသော ရဲကင်းစခန်းများရှိ ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

**နိုင်ငံတော်ကိုယ်စား လေးစားဂုဏ်ပြု**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တပ်ရင်းရုံး၌ ကျင်းပသည့် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်ပြီး တပ်ဖွဲ့ဝင်များ၏ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ရှပ်ရှပ်ချွံချွံ အသက်ပေးထမ်းဆောင်ခဲ့မှုအပေါ် နိုင်ငံတော်အစိုးရကိုယ်စား လေးစားဂုဏ်ပြုပါကြောင်း၊ ကျဆုံးသူ တပ်ဖွဲ့ဝင် မိသားစုများနှင့် ထပ်တူဝမ်းနည်းပါကြောင်း ပြောကြားပြီး မိသားစုများနှင့်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားသည်။

ယခုခရီးစဉ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လာရောက်ခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာများအပါအဝင် အလားတူဖြစ်စဉ်မျိုး နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် လုံခြုံရေးဆိုင်ရာအစီအမံများ ပြန်လည်သုံးသပ်နိုင်ရန်နှင့် ဖြစ်စဉ်တွင် ကျဆုံး၊ ထိခိုက်ဒဏ်ရာရ တပ်ဖွဲ့ဝင်များအပါအဝင် ယင်းဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် လူမှုရေးအထောက်အပံ့များပေးအပ်ရန် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**တာဝန်ရှိသူများလိုက်ပါ**

ခရီးစဉ်တွင် ဒုတိယဝန်ကြီးနှင့်အတူအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းအပါအဝင် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ထို့အပြင် ခရီးစဉ်တစ်လျှောက် ဒီဗွီဘီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ မဇ္ဈိမ၊ ရောဝတီသတင်းဌာနများ အပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများလည်း အတူလိုက်ပါ သတင်းရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ ခထီးလုံရဲကင်းစခန်း၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



# လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ မြန်မာနိုင်ငံသို့ ပဌမအကြိမ်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၇**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် ကော်မရှင်အဖွဲ့ဝင်၊ လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဒုတိယ အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဟောင်း၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားတို့သည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပဌမအကြိမ် သီးခြားစီရောက်ရှိလာကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇန်နဝါရီ ၄ ရက်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစုနေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့များမှ သွားရောက်ကြည့်ရှုနှစ်သိမ့်အားပေးစကားများပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့်ငွေများအား သွားရောက်ပေးအပ်သည်။

**နှစ်သိမ့်အားပေးစကားပြောကြား**

ဇန်နဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ရွှင် ဦးစီးသည့်တပ်ဖွဲ့ဝင်များက ကသာခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ကြပ် မန်လျှံဇမ်း၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်ပြည့်ပြည့်ဖြိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် ကသာခရိုင်ရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေကျပ် နှစ်သိန်းတို့အားလည်းကောင်း။ **(ယာပုံ)**

စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဇော် ဦးစီးသည့်အဖွဲ့က စစ်တွေမြို့နယ် ချီလည်ပင်းကျေးရွာသို့ သွားရောက်၍ ရဲဒုတပ်ကြပ် အောင်ဒွေး၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဦးလေးဖြစ်သူ ဦးကြာစိန်ထွန်းထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအားလည်းကောင်း။

**ထောက်ပံ့ပေးအပ်**

ဇန်နဝါရီ ၆ ရက်တွင် ချင်းပြည်နယ် တွန်းဇံခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြသောင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်သား ဂိုးခန့်ပေါင်၏ ကျန်ရစ်သူ မိသားစုအား ကျီခါးမြို့၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဖခင်ဖြစ်သူ ဦးခမ်းခန့်ဒိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် တွန်းဇံမြို့နယ် ရဲတပ်ဖွဲ့မှ ငွေကျပ် နှစ်သိန်းတို့အား လည်းကောင်း သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ အရှေ့ဘက်ခြမ်း မြို့အထွက်ဆိုင်းဘုတ် အနီးတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၂-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့အရှေ့ဘက်ခြမ်း မြို့အထွက် ဆိုင်းဘုတ်အနီး သတင်းအတည်ပြုစိစစ်နေစဉ် မြစ်ကြီးနား-မန္တလေးမီးရထားသံလမ်းဘေးလယ်တောအတွင်း မသင်္ကာဖွယ်တွေ့ရှိသူ အေးနိုင်(၅၄)နှစ်၊ (ဘ)ဦးမြ၊ (၅)မိုင်ကျေးရွာ၊ ရပ်ကွက်(၂)နေသူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟိုပင်)မယ (ပ)၉၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထား ရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်းကျေးရွာနေ သိန်းတန်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၁၈ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ညောင်ဇင်ကျေးရွာ၏ အနောက်ဘက်(၁)ဖာလုံခန့်အကွာ၌ သတင်းရရှိထားသည့် သင်ပေါင်းကျင်းကျေးရွာနေသိန်းတန် (၄၃)နှစ်၊ (ဘ)ဦးဘိုထွေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ၎င်းမှာ ဆိုင်ကယ်အား လှဲချ၍ ထွက်ပြေးတိမ်းရှောင်သွားပြီး ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူများအား ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း) မယ(ပ)၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အုတ်ဆုံကျေးရွာတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ အုတ်ဆုံကျေးရွာနေ မောင်ကြီး(၃၇)နှစ်၊ (ဘ)ဦးသန်းမောင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအားစိတ်ကြွဆေးပြား အကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ) ၄၈/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေလ သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၂-၂၀၁၈ ရက်နေ့တွင် တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေလ(ခ)ဝေယံ(၃၇)နှစ်၊ (ဘ)ဦးဖေသန်းကြည်၏ နေအိမ်သို့ ဝင်ရောက်စိစစ်ရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ Pietro Beretta အမျိုးအစား အီတလီနိုင်ငံလုပ် (9mm Prabellun) ပစ္စတို သေနတ်ကိုယ်ထည်(၁)ခု၊ Military Spec Combat Pistol စာတန်းပါ ပစ္စတိုဒင် (၁)ခု၊ လက်လုပ်မောင်းတုံး(၁)ခု၊ လက်လုပ်မောင်းပြန် စပရိန်ပါ(၁)ခု၊ လက်လုပ်ကျည်အိမ်(စပရိန်မပါ)(၁)ခု၊ ပွိုင့်(၃၀) ကာဘိုင်ကျည် (၁၇)တောင့်တို့အား ဖမ်းဆီးရမိသဖြင့် မမစ (တနင်္သာရီ)မယ (ပ)၃၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ ဒေါ်ချိုနှင့် သားဖြစ်သူ ညီထွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၂-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ ဒေါ်ချို(၄၃)နှစ်၊ (ဘ)ဦးဘဒင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ ညီထွေး(ခ) ချစ်မင်းသူ (၂၁)နှစ်၊ (ဘ)ဦးရှည်တို့(၂)ဦးအား တွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ (ပ)၄၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၀)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၂၇)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၇-၁၂-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် ဒေါင်လုံကျေးရွာနေ နော်မိုင်(၂၅)နှစ်၊ (ဘ) ဦးလဗျနော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းအား စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၁၄၁/၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ၁-၁-၂၀၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ် နေစဉ် ရပ်ကွက်(၅) နေ အေးဇော်(၂၇)နှစ်၊ (ဘ)ဦးဇော်လှိုင်အား စစ်ဆေးရာ ၈၈/၁ စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်နှင့် ဘုရားဖြူရပ်ကွက်တို့တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်၊ နယ်မြေ(၁၂)၊ အိမ်အမှတ်(မ/၂၀၄)နေ ဝေဖြိုးအောင်(ခ)မျိုးမျိုး(၂၁)နှစ်၊ (ဘ) ဦးကြည်မြင့်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဈေးပိုင်းရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ်(၅၁)နေ ကျော်ဇင်ထက်(၁၉)နှစ်၊ (ဘ) ဦးကျော်လှိုင်နှင့် ချမ်းမြသာစည်ရပ်ကွက်နေ အောင်မင်းခန့် (၂၀)နှစ်၊ (ဘ) ဦးခင်မောင်ကျော်တို့ (၃)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၅၁/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မြို့မရပ်ကွက်၊ ဘုရားကြီးအတက်လမ်း၊ အိမ်အမှတ်(၁၅၀)နေ အဂူး(ခ) ချမ်းမြေ့ကိုကို(ခ)အသေးလေး(၁၉)နှစ်၊ (ဘ)ဦးစိုးနိုင် အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၅၂/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၃၀-၁၂-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့ နယ်မြေ (၁၂)၊ ကျောင်းကြီးစုရပ်ကွက်နေ ကုလားကြီး(ခ) အောင်မြင့်ဦး (၃၁)နှစ်၊ (ဘ)ဦးစိန်မင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ သက်ပိုင်ဦး(ခ)ကျောက်ခဲ (၁၇)နှစ်၊ (ဘ)ဦးမင်းမင်းဦး၊ နယ်မြေ(၉)၊ ကျောင်းကြီးစု ရပ်ကွက်နေ နေလင်းဦး (၃၀)နှစ်၊ (ဘ)ဦးညွန့်ဝင်း၊ အေးသာယာမြို့ နယ်မြေ(၇)နေ ဟိန်းစိုး(ခ) သီဟ (၃၀)နှစ်၊ (ဘ)ဦးကံညွန့်တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၅၃/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း၊ အလားတူ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၂)၊ ပန်းနေကြာလမ်းနေ သက်နောင်(၄၄)နှစ်၊ (ဘ) ဦးမောင်မောင် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညောင်ရွှေမြို့နယ်၊ ကျွန်းကြီးမြောက်ကျေးရွာနေ မိုးကျော်(၄၃)နှစ်၊ (ဘ)ဦးကြူတို့(၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၈၃/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထား ရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ရောင်းဝယ်နေသူ အများအပြား ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၅)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁-၁-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက် သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်၊ သင်္ချိုင်းကုန်းဟောင်းအနီး ရှာဖွေရာ ၎င်းရပ်ကွက်နေ အောင်မိုင်(၄၀)နှစ် ၊ (ဘ)ဦးတန်ဂွန်းအား ၈၈/၁ စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ (ပ)၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထား ရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၅-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၄၅၀)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၅၉၂)ဦး၊ မ(၁၁၁)ဦး၊ ပေါင်း(၇၀၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၆၄.၁၇) ဂရမ်၊ ICE (၂၅.၀၁)ဂရမ်၊ ဘိန်း(၃၈၅၇၃.၈၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၈၇၉၅.၂၈) ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၀၆၀၀၁) ပြား၊ ဆေးခြောက်(၃၇၀၁.၀၃)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၆၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၄)လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုနှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာရပ်ကွက် ဓမ္မာရုံအနီးလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၃) ပြား၊ ဆိုင်ကယ် (၁)စီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာ၊ မြဝတီရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစိမ်း(၁၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဗန်းမော်မြို့နယ်၊ ပါပေါင်း ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၀)ပြား၊ စင့်ကင်ကျေးရွာ၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၄၀)ပြား၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့ ဝိန်းခမ်းရွာထိပ်၌ သတင်းအရ Alphard ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၄၈၄)ဂရမ်၊ စိတ်ကြွဆေးပြား (၅၅၈၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်၌ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၁)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၃) ရပ်ကွက်ရှိ တည်းခိုခန်းအား သတင်းအရဝင်ရောက်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ ဇာသပြင်အနောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက် (၆၅၀၀) ဂရမ်၊ စိတ်ကြွဆေးပြား (၉)ပြား၊ မြဝတီမြို့ ရပ်ကွက်(၅)အတွင်း၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ ရပ်ကွက်(၄)လမ်းမပေါ်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၅)ပြား၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ဇရစ်ချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၆၅)ပြား၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ ကျိုက်ထိုမြို့ မြောက်ပိုင်း ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၃)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ပိုက်ဆိပ်ကျေးရွာ အနီး မကျီးချောင်း ချောင်းအတွင်း၌ လှေ(၁)စီးအား သတင်းအရစိစစ်ရာ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၅၅၀၀)ပြား၊ လှေ(၁)စီး၊ လသာ(အထက်)ရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၂၈၂၀)ပြား၊ လသာ(အောက်)ရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၆၂၆)ပြား၊ ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Noah ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မြို့မတောင်ရပ်ကွက်၊ ဖေဇီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၀၀)ပြား၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၅)ပြား၊ မြို့မဈေး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၅၀)ပြား၊ဘူးသီးတောင်မြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ချမ်းမြသာစည် ရပ်ကွက်၌ ရပ်တန့်ထားသည့် Hijet ယာဉ်အား စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၉၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကန်းမို့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၅၄) ပြား၊ ကလောမြို့နယ်၊ နန့်အွန်ကျေးရွာ တံတားအနီး ပင်လောင်း-အောင်ပန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ အင်တော-ရပ်စောက်သွားကားလမ်းဘေး ပြုန်းသဲတောင်အနီးတွင် ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စစ်စစ်ဆဲ ဓာတုဆေးရည်(၆၄၀၀)လီတာ၊ ပင်လောင်းမြို့နယ်၊ ကောင်မဲသင်းကျေးရွာနှင့် ဆောင်းပြောင်းကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစိမ်း(၄၁၁၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မြောက်စလုံးကျေးရွာနှင့်လုံးပြင်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝါးပြုံးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၉၀)ပြား၊ ဘိန်းစိမ်း(၁၂၀၀)ဂရမ်၊ ဆေးခြောက် (၃၁၀၀)ဂရမ်၊ သံတဲကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၂၃၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွန်ဟိန်းမြို့ ရပ်ကွက်(၁)၊ ကွန်ဟိန်းတံတားအနီး၊ လမ်းဘေးခတ်တိုင်နှင့် တိုက်မိထားပြီး ရပ်တန့်ထားသည့် ယာဉ်မောင်းမရှိ Nissan (၆)ဘီးယာဉ်အား စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးနှင့်အတူ ယာဉ်ပေါ်မှ ကဖိန်း(၅၁၉၂၉၄)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုးနဲမြို့နယ်၊ မိုးနဲ-နမ့်စန်သွားကားလမ်းမပေါ်တွင် သတင်းအရ Canter (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ အမျိုးသား(၃) ဦးမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ ဘိန်းစိမ်း(၄၅၂၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာနှင့် ခါးသျှိအောက်ကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ Wish ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၅၀၀)ဂရမ်၊ ဘိန်းဆီခဲ(၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၅)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊မူဆယ်မြို့နယ်၊ ဟိုနောင်ကျေးရွာ လမ်းခွဲတွင် သတင်းအရ Isuzu (၁၂)ဘီးယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ကဖိန်း(၄၂၅၀၀၀)ဂရမ်၊ Amoniumchloride (၁၇၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ တာကွန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၈၈)ဂရမ်၊ ဘိန်းစိမ်း (၁၅၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၄၇၃၆၅)ပြား၊ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာ အဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်ကွက်(၈)၊ ကွတ်ခိုင်-ကောင်းခါးသွားလမ်းခွဲဆိုင်းဘုတ်အနီး၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာတိမ်းရှောင်သွားပြီး ယာဉ်၏နောက်ခန်း ပီနံအိတ် အတွင်းမှ ဘိန်းဖြူ(၁၉၃၆)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ Crown ယာဉ်(၁)စီးနှင့် ဆိုင်ကယ်(၁)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၆၀၀)ပြား၊ ဘိန်းဆီခဲ(၁၂၉၀၂)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ ပန်ဟက်ရပ်ကွက်အနီး၌ သတင်းအရ Dump Truck ယာဉ်အားရှာဖွေရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၄၁၈၀၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၅၈၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ပွဲစားမိတ်ကျေးရွာ အဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃၂၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ကျိုင်းတုံမြို့နယ်၊ ကြန်ဆတ်ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ တုံတာမြို့ ရပ်ကွက်(၁)၊ ကျိုင်းတုံ-တောင်ကြီးကားလမ်း၊ မိုင်တိုင်အမှတ် (၃၆၂/၃) နှင့် (၃၆၂/၄)ကြား၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၄၃)ပြား၊ဆိုင်ကယ်(၁)စီး၊ မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစိမ်း(၁၃၀၀)ဂရမ်၊ တာချီလိတ်မြို့အထွက် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၆၅)ပြား၊ ဆိုင်ကယ်(၂)စီး၊ မိုင်းဖုန်း(ခ)အုပ်စု၊ ဝေလေလန် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ICE (၆၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပန်အင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်ရှိ KTV တွင် ဝယ်ယူမည့်သူအသွင်ယူ စောင့်ဆိုင်းစဉ်ပစ္စည်းလာပို့သည့် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၅)ဂရမ်၊ စိတ်ကြွဆေးပြား(၅၈၅၀) ပြား၊ ကသာမြို့နယ်၊ ဒုံအော့ကျေးရွာလမ်းခွဲအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၅၇၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်းမပေါ် နန်းမကျိုင်းလမ်းဆုံ၌ သတင်းအရ Vigo ယာဉ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၅)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၆)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၂၅၀)ပြား၊ ဘိန်းဖြူ(၉၂၄၀)ဂရမ်၊ ဘိန်းဆီခဲ (၄၄၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၂)စီး၊ ကောလင်းမြို့နယ်၊ ခမောက်တောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ ထံမှ စိတ်ကြွဆေးပြား(၁၂၀၁)ပြား၊ ဘိန်းစိမ်း(၁၇၂၀.၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၆.၃၃)ဂရမ်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၃)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၈၉)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၄၀)ပြား၊ တမူးမြို့၊ မြို့မ(၁၃)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းဖြူ(၃.၉) ဂရမ်၊ စိတ်ကြွဆေးပြား(၈)ပြား၊ Buprenorphine Tablet (၁၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ထိန်တွင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ဆိုင်ကယ် (၁)စီး၊ မြိတ်မြို့၊ ကန်ဖျားနယ်မြေ၊ တပ်ပြင်ရပ်၊ ပိတောက်ရွှေဝါလမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂၅)ပြား၊ မြိတ်တောင်ကျေးရွာ၊ ကုန်းဖောက်လမ်းမကြီးပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ကျွန်းစုမြို့နယ်၊ ရေပြည့်အော်ကျေးရွာအနီး ပင်လယ်ပြင်၌ စက်လှေ(၁)စီးအား သတင်းအရစစ်ဆေးရာ တရားခံအမျိုးသား (၆)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၉) ပြား၊ ဘိန်းစာမှုန့်(၆၀)ဂရမ်၊ သစ်သားစက်လှေ(၁)စီး၊ မိုးမလင်းကျွန်းရေပြင်၌ စက်လှေ(၂)စီးအား သတင်းအရ စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၄)ပြား၊ ဘိန်းစာမှုန့်(၅၁၅၀)ဂရမ်၊ သစ်သား စက်လှေ(၂)စီး၊ ပန်းတောင်းကျွန်းအနောက်ဘက်ရေပြင်၌ စက်လှေ(၁)စီးအား သတင်းအရစစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းစာမှုန့်(၁၆၈၀)ဂရမ်၊ သစ်သားစက်လှေ(၁)စီး၊ တနင်္သာရီမြို့နယ်၊ ချောင်းလမုကျေးရွာ၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ ICE (၁၈၀)ဂရမ်၊ မရင်းကြီးကျေးရွာနှင့် အော်ကြီးကျေးရွာသွားကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Honda Fit ယာဉ်အား မသင်္ကာသဖြင့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၃၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်း- မြိတ်ကားလမ်း၊ မိုင်တိုင်အမှတ်(၂၃၃/၁)နှင့်(၂၃၃/၂)ကြား၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၁)ပြား၊ ဆိုင်ကယ် (၁)စီး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဆုံရပ်ကွက်၊ ဆုံ(၉)လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၆)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၄၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ငဖဲမြို့နယ်၊ ကျောက်တွင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းစိမ်း(၁၂၀)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာအနီး၊ မိုးမိတ်-တွင်းငယ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သာစည်မြို့နယ်၊တောင်ကြီး-မိတ္ထီလာ ကားလမ်းမ၊ မိုင်တိုင်အမှတ် (၃၁)၊ ရထားသံလမ်းအနီး၌ သတင်းအရ ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၂၀၀၀)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇)ပြား၊ ကွင်းဆက် စစ်စစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၀)ပြား၊ ဆေးခြောက် (၁.၂၃) ဂရမ်၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်းဘေး၌ ရပ်တန့်ထားသည့် Toyota Yaris ယာဉ်အား သတင်းအရစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၄၃၀)ပြား၊ Ecstasy Powder (၁.၆)ဂရမ်၊ Ketamine (၁၂၆.၉၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၌ ရပ်တန့်ထားသည့် Crown ယာဉ်အားစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၁)ပြား၊ ICE(၀.၆)ဂရမ်၊ Ketamine(၀.၅)ဂရမ်၊ စိတ်ကြွဆေးပြား(၁)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်-ငပုတောကားလမ်းဘေး၌ရပ်တန့်ထားသည့် Caldina ယာဉ်အား သတင်းအရစစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ မအူပင်မြို့၊ (၁၁)ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၄၆.၅)ပြား၊ ဆိုင်ကယ် (၁)စီး၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံ-ဒေးဒရဲကားလမ်းမဘေးရှိ Golden Club 2 စားသောက်ဆိုင်ရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ဆိုင်ကယ်(၁)စီး ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖျာပုံမြို့ (၁၄)ရပ်ကွက်ရှိ တရားခံ၏နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၆၀)ပြားအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ စက်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၈) ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ယမ်းစိမ်း(၃၂.၃၃)ဂရမ်၊ ယမ်းတောင့်(၅)လုံး၊ ဆိုင်ကယ်(၁)စီးတို့အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာအဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဘိန်းဖြူ(၃၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး(၁)ရပ်ကွက်၊ မဟူရာလမ်းတွင် သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ Buprenorphine Tablet (၁၂)ပြား၊ Alprazolam Tablet(၁၀)ပြား၊ ဆိုင်ကယ် (၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ်( ၂၃-၁၂-၂၀၁၈ ရက်နေ့ မှ ၅-၁-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၄၃၁)မှုတွင် တရားခံကျား(၅၂၉)ဦး၊ မ(၇၂)ဦး၊ ပေါင်း(၆၀၁)ဦးကို ဘိန်းဖြူ(၅၇၀၈၅.၀၉)ဂရမ်၊ ICE (၆၁၈၄.၅၃)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၃.၃၃) ဂရမ်၊ ဘိန်းစိမ်း(၅၃၈၆၀၇.၁၂)ဂရမ်၊ ဘိန်းစာရွက်(၆၅၀၀)ဂရမ်၊ ဘိန်းစာမှုန့်(၇၂၃၅)ဂရမ်၊ စိတ်ကြွဆေးပြား (၁၅၇၇၉၇၉)ပြား၊ ဆေးခြောက်(၃၂၈၀.၀၇)ဂရမ်၊ ဘိန်းဆီခဲ(၅၇၁၃၈) ဂရမ်၊ ကဖိန်း(၄၇၆၉၂၉၄)ဂရမ်၊ Ecstasy Tablet (၄၃၁)ပြား၊ Ecstasy Powder (၁.၆)ဂရမ်၊ Ketamine (၁၂၇.၄၅)ဂရမ်၊ Buprenorphine Tablet(၂၂)ပြား၊ စစ်စစ်ဆဲဓာတုဆေးရည် (၆၄၀၀)လီတာ၊ Amoniumchloride (၁၇၅၀၀၀၀)ဂရမ်၊ Alprazolam Tablet (၁၀)ပြား၊ တူမီးသေနတ်(၁) လက်၊ ယမ်းစိမ်း(၃၂.၃၃)ဂရမ်၊ ယမ်းတောင့်(၅)လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

## ကာတွန်း



# ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် ရေပုတ်ကြီးကျေးရွာ (သို့) ချစ်စရာဆံရစ်ဝိုင်းတို့ရဲ့ရွာ

ရဲဝင်းနိုင် (ညောင်ဦး)



ကျေးရွာအနီးရှိ ငှက်စလုတ်သဏ္ဌာန် ရေအိုင်ကြီးကို အစွဲပြုပြီး ယခင်က ရေစလုတ်ကြီးကျေးရွာဟု ခေါ်တွင်ကာ ယခုအခါ ရေပုတ်ကြီးကျေးရွာ တစ်နည်းအားဖြင့် ဆံရစ်ဝိုင်းတို့ရွာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း တည်ရှိသည်။ မြန်မာ့ရိုးရာ ဓလေ့တစ်ခုဖြစ်သည့် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားအစဉ်အဆက် ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းတန်ဖိုးထားကာ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ချစ်စရာကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

**လက်ဆင့်ကမ်းထိန်းသိမ်း**

"ကျွန်တော်တို့ ရေပုတ်ကြီးကျေးရွာမှာ အိမ်ခြေ ၆၅၀၊ အိမ်ထောင်စု ၆၂၂ စု၊ လူဦးရေ ကျား ၁၅၈၆ ဦး၊ မ ၁၆၀၁ ဦး၊ စုစုပေါင်းလူဦးရေ ၃၁၈၇ ဦး ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ကျေးရွာက မိန်းမပျိုလေးတွေက အခုချိန် အထိ ရက်ကန်းထည်ရက်လုပ်ဝတ်ဆင်မှုလည်း ရှိသေးတယ်။ ဒါ့အပြင် ကျွန်တော်တို့ ရွာလေးက ဆံရစ်ဝိုင်းထုံးဖွဲ့မှု ဓလေ့ကို ဘိုးဘွားအစဉ်အဆက် ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် တန်ဖိုးထားပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ကျေးရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ဆံရစ်ဝိုင်းထုံးဖွဲ့မှုကိုတော့ အသက်ငါးလအရွယ်ကစပြီး ယောကျ်ားလေး၊ မိန်းကလေး အကုန်ထားကြတာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ကျေးရွာမှာ ဆံရစ်ဝိုင်း ထုံးဖွဲ့သူဦးရေက ၆၀၀၊ ၇၀၀ လောက်ရှိပါတယ်။ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ ထိန်းသိမ်းခဲ့တာပြောရရင် ဘိုးဘွားတွေ လက်ထက်ကတည်းက ထားလာကြတာ သိသလောက်ဆိုရင် နှစ်ပေါင်းရာကျော်နေပါပြီ" ဟု ရေပုတ်ကြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဝင်းက ပြောပြသည်။

ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆံရစ်ဝိုင်း ထုံးဖွဲ့မှုမှာ အမျိုးအစားငါးမျိုး ရှိကြောင်း၊ လသားအရွယ်တွင် ဦးစွန်းဖုတ်ပုံစံ၊ အသက်သုံးနှစ်မှ လေးနှစ်အရွယ်တွင် ကြက်တောင်စည်းပုံစံ၊ အသက်ငါးနှစ်မှ ခြောက်နှစ်အရွယ်တွင် ဆံရစ်ဝိုင်းပုံစံ၊ အသက် ၁၅ နှစ်မှ ၁၆ နှစ်အရွယ်တွင် ဂျပန်ဆံတောက်ပုံစံ၊ အသက် ၁၇ နှစ်မှ ၁၈ နှစ်အရွယ်တွင် နောက်ကောက်ပုံစံ ဟူ၍ ထုံးဖွဲ့ကြကြောင်း ရေပုတ်ကြီး ကျေးရွာသူ မပြုံးပြုံးရီက ပြောပြသည်။



**မိန်းမတို့ဘုန်းဆံထုံး**

"ကျွန်မကတော့ ဒီလိုဆံရစ်ဝိုင်းလေးနဲ့ နေရတာကို ပိုပြီးကြိုက်တယ်။ မိန်းမတို့ဘုန်း ဆံထုံး ဆိုသလိုပဲပေ့ါ။ အခုလို ရှေးအစဉ်အဆက် ဘိုးဘွား အမွေအနှစ်အဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့တဲ့ ဆံရစ်ဝိုင်းထုံးဖွဲ့မှု ဓလေ့ကို ကျွန်မတို့ ကိုယ်တိုင်လည်း နှစ်ခြိုက်သဘောကျတယ်။ အခုဆိုရင် ကျွန်မတို့ ကျေးရွာမှာ ဆံရစ်ဝိုင်းအမျိုးသမီးအဖွဲ့ဆိုပြီး အဖွဲ့အစည်းလေး ဖွဲ့ထားပါတယ်။ ဒီဆံရစ်ဝိုင်းအမျိုးသမီးအဖွဲ့ကို ၂၀၁၅ ခုနှစ် ၇ လပိုင်းလောက်က စတင်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

"ဆံရစ်ဝိုင်းထုံးဖွဲ့မှုကို ကျွန်မတို့ ရွာမှာ မိန်းကလေး၊ ယောကျ်ားလေးတွေ အကုန်လုံး ဘိုးဘွားအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လာတာ ဖြစ်ပါတယ်။ ဒီလို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ရွာမှာရှိတဲ့ လူကြီးမိဘတွေက ဂရုတစိုက်နဲ့ ပြုစုထားသိုပေးတာ ဖြစ်ပါတယ်။ ရှင်ပြုသင်္ကန်းစည်းပြီးတဲ့ ကလေးတွေလည်း ဆံရစ်ဝိုင်းကို ပြန်ထားကြတာရှိသလို တချို့ကလေးတွေကျတော့လည်း ရှင်ပြုသင်္ကန်းစည်းပြီးတဲ့ အခါမှာ ဘိုကေပုံစံကို ပြောင်းထားကြတာ ရှိပါတယ်။ အခုလို ဆံရစ်ဝိုင်းထားတာကို ရွာနီးနားကကျေးရွာမှာ အလှူရှင်လောင်းကြို့အလှည့်လိုက်တုန်းက ကျွန်မတို့ကို တွေ့တဲ့သူတွေက နင်တို့ ဆံရစ်ဝိုင်းကလည်း ဘာကြီးနဲ့ တူမှန်းမသိဘူး၊ ခေတ်ကာလနဲ့ ယှဉ်ကြည့်ရင်တော့ အမြင်ဆိုးလိုက်တာဆိုပြီး ပြောတာမျိုးရှိပါတယ်။

"ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ ကျွန်မတို့ ဆံရစ်ဝိုင်းကျေးရွာလေးကို မကွေး၊ မန္တလေး၊ ရန်ကုန်၊ နေပြည်တော်က ဓာတ်ပုံဆရာတွေရဲ့ အဆက်အသွယ်နဲ့ တဖြည်းဖြည်း နိုင်ငံခြားသားဧည့်သည်တွေ လာရောက်လေ့လာလည်ပတ်မှုတွေ ရှိလာခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်မတို့ရွာက ဆံရစ်ဝိုင်းထားသိုမှု ဓလေ့ကို ဘာမှမပြောကြတော့ပါဘူး" ဟုလည်း မပြုံးပြုံးရီက ပြောပြသည်။

> **"ဆံရစ်ဝိုင်းထုံးဖွဲ့မှုမှာ အမျိုးအစားငါးမျိုးရှိကြောင်း၊ လသားအရွယ်တွင် ဦးစွန်းဖုတ်ပုံစံ၊ အသက်သုံးနှစ်မှ လေးနှစ်အရွယ်တွင် ကြက်တောင်စည်းပုံစံ၊ အသက်ငါးနှစ်မှ ခြောက်နှစ်အရွယ်တွင် ဆံရစ်ဝိုင်းပုံစံ၊ အသက် ၁၅ နှစ်မှ ၁၆ နှစ်အရွယ်တွင် ဂျပန်ဆံတောက်ပုံစံ၊ အသက် ၁၇ နှစ်မှ ၁၈ နှစ်အရွယ်တွင် နောက်ကောက်ပုံစံ ဟူ၍ ထုံးဖွဲ့ကြကြောင်း"**

ရေပုတ်ကြီးကျေးရွာရှိ မြန်မာ့ဆံရစ်ဝိုင်းထုံးဖွဲ့ထားရှိမှု ဓလေ့ကို ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ဟောင်ကောင်အစရှိသည့် နိုင်ငံများက လာရောက်လေ့လာကြကြောင်း သိရှိရသည်။

"ကျွန်တော်တို့ရွာမှာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ အခုထိ မပျောက်ပျက်ဘဲရှိနေတာ ဂုဏ်ယူဝမ်းသာစရာတစ်ခုပါပဲ။ ဒါကလည်း ရွာမှာရှိတဲ့ လူကြီးမိဘတွေက သားသမီးတွေအထိ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့လို့ အခုထိ ရှိနေသေးတာပါ။

*စာမျက်နှာ ၁၁ သို့*







*စာမျက်နှာ ၁၀ မှ*

ရွာက ကလေးတွေကလည်း ဆံရစ်ဝိုင်း ထားတဲ့ဓလေ့ကို နှစ်ခြိုက်သဘောကျကြပါတယ်။ ဆက်လက်ပြီးတော့လည်း ဆံရစ်ဝိုင်း ထားသိုမှုဓလေ့ကို မပျောက်ပျက်အောင် ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖတွေနဲ့ ကျေးရွာနေပြည်သူတွေ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ ဆံရစ်ဝိုင်းကျေးရွာလို့ ယနေ့အထိ ထိန်းသိမ်းထားရှိတဲ့ ရေပုတ်ကြီးကျေးရွာကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ အခုထက်ပိုပြီး စိတ်ဝင်တစားလာရောက်လည်ပတ်နိုင်မယ့် ခရီးစဉ်ဒေသတစ်ခုအဖြစ် အကောင်အထည်ဖော်ပေးမယ်ဆိုရင် ကျွန်တော်တို့ကျေးရွာဟာ ဒီထက်မက ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တာဝန်ရှိသူတွေက ဆောင်ရွက် ပေးစေချင်ပါတယ်” ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိန်ဌေးက ပြောကြားသည်။

**ဖူးမြော်နိုင်**

ရေပုတ်ကြီးကျေးရွာ အဝင်တွင် မဏိစည်သူမင်းကြီးနှင့် မိဖုရားတို့ ကိုယ်တိုင် လာရောက်ဖူးမြော်ခဲ့သည့် ယခင်က ရောသုခ ကိုးတောင်ပြည့်စေတီ၊ ယခုအခါ စေတီကိုငုံ၍ တည်ထားသည့် ရတနာဦးစေတီတော်ကို ကြည်ညိုဖွယ် ဖူးမြော်နိုင်ပါသည်။ ရေပုတ်ကြီးကျေးရွာ သမိုင်းနှင့် ပတ်သက်ပြီး အသက် ၇၇ နှစ်အရွယ် ဒေသခံ ဦးတင်အောင်က လေ့လာသိရှိရသမျှ ပြောပြခဲ့သည်။

“မဏိစည်သူမင်းကြီးမှာ ဦးမဲကျော်ဆိုတဲ့ ပျော်တော်ဆက် ငယ်ကျွန်ကြီး ရှိခဲ့တယ်။ မနာလိုတဲ့သူတွေက ကုန်းတိုက်စကားပြောကြားတာကို ဘုရင်ကြီးက ယုံပြီး ငယ်ကျွန်ဖြစ်သူ ဦးမဲကျော်ကို သတ်မယ်လို့ ကြိမ်းဝါးခဲ့တယ်။ ဒါကို ဦးမဲကျော်က ကြားတော့ ထွက်ပြေးတယ်။ ထွက်ပြေးလာပြီးတော့ ရေပုတ်ကြီးကျေးရွာရဲ့ အရှေ့တောင်ဘက် နှစ်ဖာလုံလောက်မှာရှိတဲ့ ကန်ကြီးတစ်ကန်နားက သခွပ်ကုန်းကျေးရွာမှာ ပုန်းနေတယ်။ နောက်တော့ ဘုရင်ကြီးက အကြောင်းစုံ သိရှိပြီးတော့ ဦးမဲကျော်ကို အမျက်ပြေသွားပြီး မှူးကြီးမတ်ရာတွေကို ရှာဖွေခေါ်ခိုင်းတယ်။ ဦးမဲကျော်က ဘုရင်ကြီးခေါ်ခိုင်းတာကို ပြန်မလိုက်တော့ဘူး။ ရေပုတ်ကြီးကျေးရွာမှာရှိတဲ့ ရောသုခစေတီမှာပဲ ဖူးမြော်ကြည်ညိုမဆုံးဖြစ်ပြီး တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ရာကနေ ဝိဇ္ဇာလမ်းပေါက်သွားတယ်လို့ သိရှိခဲ့ရတယ်။ ပြီးတော့ ဦးမဲကျော်ကို ဘုရင်ကြီးနဲ့ မိဖုရားတို့ကိုယ်တိုင် လာရောက်ခေါ်တယ်လို့လည်း သိရှိရပါတယ်။

**“ဘုရင်ကြီးနဲ့ မိဖုရားရွာကို ရောက်လာတဲ့အခိုက်မှာ မိဖုရားကြီးက ရောသုခစေတီတော်ကို သွားရောက်ဖူးမြော်ပြီး ကြည်ညိုလွန်းလို့ ဘုရင်ကြီးနဲ့အတူ ပြန်မလိုက်တော့ဘူးလို့ မဏိစည်သူမင်းကြီးကိုပြောတော့ ဘုရင်ကစိတ်ဆိုးပြီး တွေ့သမျှရေအိုင်တွေနဲ့ ရေရှိသမျှနေရာတွေကို အဓိဋ္ဌာန်နဲ့ ပုပ်စေတတ်တဲ့ဆေး ခပ်ခိုင်းတယ်။ အဓိဋ္ဌာန်က အောင်မြင်သွားပြီး ရေတွေဟာ ခေတ္တပုပ်ပေးရာကနေတစ်ဆင့် ရေစလုတ်ကြီးနာမည်ကနေ ရေပုတ်ကြီးကျေးရွာအမည်ဖြစ်လာ”**

“ဒီလို ဘုရင်ကြီးနဲ့ မိဖုရား ရွာကို ရောက်လာတဲ့အခိုက်မှာ မိဖုရားကြီးက ရောသုခစေတီတော်ကို သွားရောက်ဖူးမြော်ပြီး ကြည်ညိုလွန်းလို့ ဘုရင်ကြီးနဲ့အတူ ပြန်မလိုက်တော့ဘူးလို့ မဏိစည်သူမင်းကြီးကိုပြောတော့ ဘုရင်က စိတ်ဆိုးပြီး တွေ့သမျှရေအိုင်တွေနဲ့ ရေရှိသမျှနေရာတွေကို အဓိဋ္ဌာန်နဲ့ ပုပ်စေတတ်တဲ့ဆေး ခပ်ခိုင်းတယ်။ အဓိဋ္ဌာန်က အောင်မြင်သွားပြီး ရေတွေဟာ ခေတ္တပုပ်ပေးရာကနေတစ်ဆင့် ရေစလုတ်ကြီးနာမည်ကနေ ရေပုတ်ကြီးကျေးရွာအမည် ဖြစ်လာပါတယ်။

“ပြီးတော့ ဘုရင်ကြီးနဲ့ မိဖုရား ရွာကိုရောက်တဲ့ အချိန်မှာလည်း စားတော်ပွဲ ပြင်ပေးတဲ့အခါ ဟင်းတစ်ခွက်လိုနေတဲ့အတွက် ရွာထဲက မန်ကျည်းပင်ကြီးကနေ မန်ကျည်းဟင်းတစ်ခွက် ဆက်သပေးခဲ့ပါတယ်။ ဒီလိုဆက်သပေးတဲ့ မန်ကျည်းဟင်းတစ်ခွက်က ဘုရင်ကြီးနဲ့ မိဖုရားအတွက်ချဉ်တဲ့အရသာ မဖြစ်ဘဲ ချိုတဲ့အရသာဖြစ်ပြီး စားကောင်းစေခဲ့ပါတယ်။ အဲဒီ မန်ကျည်းပင်ကြီးကလည်း အခုချိန်အထိ ရွာထဲမှာ ရှိနေတုန်းဖြစ်ပါတယ်။ ထူးဆန်းတာက ဒီအပင်က တစ်ကိုင်းတည်းသာ မန်ကျည်းသီးအချိုသီးတာရှိပါတယ်။ ဒ့ါအပြင် ကျေးရွာအနီးက ကျွန်တော်တို့ အရပ်အခေါ် ပေကုန်းမှာလည်း သက်တမ်းနှစ်ပေါင်း ရာချီတဲ့ ပေပင် ၂၇ ပင်လည်း ရှိပါတယ်။ ဒီအပင်တွေက ကြီးထွားလာတာမျိုး မရှိဘဲ ပင်စည်အမြင့် ရှစ်လက်မလောက်ပဲ ရှိပါတယ်။ ဒါကလည်း ထူးခြားမှုတစ်ခုလို့ ဒေသခံတွေက ယုံကြည်ကြပါတယ်”ဟု ပြောကြားသည်။

**ရေပုတ်ကြီးကျေးရွာသို့**

ယနေ့ထိတိုင် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းနေသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာသို့ သွားရောက်လေ့လာလိုပါက ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာလမ်းခွဲမှ အနောက်ဘက်အတိုင်း သုံးမိုင်ခန့်သွားလျှင် ကျောင်းကုန်းကြီးကျေးရွာသို့ ရောက်မည်ဖြစ်သည်။ ကျောင်းကုန်းကြီးကျေးရွာမှတစ်ဆင့် လေးမိုင်ခန့်ဆက်သွားလျှင် ရေပုတ်ကြီးကျေးရွာသို့ ရောက်ရှိမည်ဖြစ်သည်။

ယခင်က သွားလာရေးခက်ခဲမှုရှိသော်လည်း ယခုအခါ ကျောင်းကုန်းကြီး - ရေပုတ်ကြီး ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်စရစ်လမ်း ခင်းကျင်းပြီးဖြစ်သဖြင့် ရာသီမရွေးလွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် လေ့လာလိုသည့် ခရီးသွားဧည့်သည်များအနေဖြင့် ဆံရစ်ဝိုင်းတို့ နေထိုင်ရာ ရေပုတ်ကြီးကျေးရွာသို့ တစ်ခေါက်တစ်ခါ လာရောက်လေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။







# မဲစာရင်းပြုစုခြင်းသင်တန်း ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation For Electoral Systems (IFES)တို့ ပူးပေါင်း၍ မဲစာရင်းပြုစုခြင်းသင်တန်းကို နေပြည်တော်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (ယူ-၂၁)အမျိုးသားဘောလုံးပြိုင်ပွဲများကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများ ကျင်းပစဉ်အတွင်း အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ရုံးအမှတ်-၂)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို Chief Information Officer (CIO)များ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ရပ်နားထားသည့် ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ လက်ကျန်ပွဲများ ယနေ့ ပြန်လည်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ် ပြိုင်ပွဲ ပထမအကျော့ လက်ကျန်ပွဲများကို ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယနေ့ကျင်းပမည့် ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၉)တွင် ရှစ်ပွဲဆက် အနိုင်ရပြီး ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် VUC အသင်းနှင့် MIC အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၉)အဖြစ် ယနေ့နံနက် ၈ နာရီတွင် PU အသင်းနှင့် Titans XII အသင်း၊ နံနက် ၉ နာရီခွဲတွင် MIC အသင်းနှင့် VUC အသင်း၊ နံနက် ၁၁ နာရီတွင် Comrade အသင်းနှင့် UPT အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် AMM အသင်းနှင့် White Colour အသင်း၊ မွန်းလွဲ ၂ နာရီတွင် GV Athletic အသင်းနှင့် မြို့မအသင်း၊ ညနေ ၃ နာရီခွဲတွင် ယူ-၁၉ အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၈) အပြီးတွင် VUC နှင့် MIC အသင်းက ၂၄ မှတ်စီ၊ မြို့မအသင်းနှင့် UPT အသင်းက ၁၅ မှတ်စီ၊ GV Athletic အသင်းက ၁၂ မှတ်၊ ရွှေမြဝတီအသင်းက ၁၁ မှတ်၊ Comrade အသင်းနှင့် PU အသင်းက ၁၀ မှတ်စီ၊ AMM အသင်းနှင့် ယူ-၁၉ အသင်းက ခြောက်မှတ်စီ၊ Titans XII အသင်းနှင့် White Colour အသင်းက လေးမှတ်စီ ရထားသည်။ MIC အသင်းနှင့် VUC အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိပြီး အနိုင်ရသည့်အသင်းမှာ ရာသီဝက်ချန်ပီယံဖြစ်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ လက်ရှိချန်ပီယံ PU အသင်းသည် အသင်းဖျက်သိမ်းပြီးမှ ပြန်လည်ယှဉ်ပြိုင်သောကြောင့် ချန်ပီယံဆု ရရှိစဉ်ကကဲ့သို့ တောင့်တင်းမှု မရှိတော့ဘဲ MIC နှင့် VUC တို့ နှစ်သင်းသာ ချန်ပီယံဆုအတွက် ပြိုင်ဆိုင်ရဖွယ်ရှိနေသည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် (၈) အပြီးတွင် မြန်မာ ယူ-၂၀ အသင်း၏ အာရှ ခြေစစ်ပွဲကြောင့် ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆)ကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းဖြစ်သည့် သစ္စာအားမာန်နှင့် မြဝတီတို့ ပွဲချောင်နေကာ အား/ကာမှ တည်ထောင်ထားသည့် အား/ ကာ သိပ္ပံနှင့် အား/ကာဦးစီးဌာနအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၆)အဖြစ် ဇန်နဝါရီ ၈ ရက် **(ယနေ့)**တွင် ဇွဲကပင်အသင်းနှင့် YREO အသင်း၊ ဇန်နဝါရီ ၉ ရက်တွင် တက္ကသိုလ်အသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၀ ရက် တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အား/ကာဦးစီးဌာနအသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၅) အပြီးတွင် သစ္စာအားမာန်နှင့် မြဝတီအသင်းက ၁၃ မှတ်၊ အား/ ကာသိပ္ပံအသင်းက ၁၀ မှတ်၊ အား/ ကာဦးစီးဌာနအသင်းက ရှစ်မှတ်၊ YREO အသင်းက ခုနစ်မှတ်၊ ဇွဲကပင်နှင့် ဂန္ဓမာအသင်းတို့က သုံးမှတ်စီရထားပြီး တက္ကသိုလ်အသင်းမှာမူ ငါးပွဲစလုံး ရှုံးနိမ့်ထားသည်။ သစ္စာအားမာန်အသင်းသည် မြဝတီအသင်းထက် ဂိုးကွာခြားချက် အသာရထားသောကြောင့် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းသည် ယခုတစ်ပတ်တွင် ဇယားအောက်ပိုင်းမှ အသင်းများနှင့် တွေ့ဆုံနေသောကြောင့် အနိုင်ရရန် သေချာသလောက်ရှိနေပြီး ဂိုးအရေအတွက်ကိုသာ ကြည့်ရမည်ဖြစ်သည်။ နှစ်ပွဲဆက် အနိုင်ရထားသည့် YREO အသင်း၏ သုံးပွဲဆက်အနိုင်ရရန် ကြိုးပမ်းမှုကိုလည်း ယနေ့ စောင့်ကြည့်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ

(စစ်ကိုင်းမြို့)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၃၊ ၁၄)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ) နေ့များတွင် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့။


◆ *ကျော်ဖုံးမှ*

အလားတူ လိုက်ဝိတ် ကမ္ဘာ့ချန်ပီယံလုပွဲတွင်လည်း ဂျပန်နိုင်ငံမှ Shinya Aoki နှင့် ဖိလစ်ပိုင်နိုင်ငံသား Eduard Folayang တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်းနှင့် ယင်းပွဲစဉ်တွဲဆိုင်းများကို ယနေ့ ONE Championship အဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။

အဆိုပါ MMA ပွဲစဉ်များကို လာမည့် မတ် ၃၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ Ryogoku Kokuhikan မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ချန်ပီယံလုပွဲသုံးပွဲအပြင် MMA ကမ္ဘာ့ချန်ပီယံ ခါးပတ် အကြိမ်ကြိမ် ရရှိထားဖူးသော ရုရှားနိုင်ငံသား Demetrious Johnson နှင့် ဖိလစ်ပိုင်နိုင်ငံမှ Eddie Alvar ez တွဲဆိုင်းကို အဆိုပါနေ့တွင် ပွဲဦးထွက်ပွဲစဉ်အနေဖြင့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ကျန်ပွဲစဉ် တွဲဆိုင်းများကို ONE Championship အဖွဲ့အနေဖြင့် မကြာမီတွင် ထပ်မံ၍တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်**
**(မြန်မာ့အလင်း)**

# မကြာမီစတင်တော့မည့် (၁၁) ကြိမ်မြောက် MNL အမှတ်ပေးချန်ပီယံဆုအတွက် အားပြိုင်မှု

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် MNL အမှတ်ပေးပြိုင်ပွဲကို (၁၁) ရာသီမြောက်အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ အသင်း ၁၂ သင်းဖြင့် ကျင်းပမည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ရန် အသင်းများ၏ ခရီးရှည်ပြိုင်ဆိုင်မှုများကို မကြာမီ တွေ့မြင်ရတော့မည် ဖြစ်သည်။

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းအပါအဝင် ရှမ်းယူနိုက်တက်၊ ဇွဲကပင်၊ ဟံသာဝတီ၊ ရတနာပုံ၊ မကွေး၊ ရောဝတီ၊ Southern၊ ရခိုင်၊ စစ်ကိုင်း၊ ဒဂုံနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၂ ရက်မှ မေ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၄) အပြီးတွင် မြန်မာ ယူ-၂၂ အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် တစ်လကြာ ရပ်နားမည်ဖြစ်ပြီး မတ်လဆန်းတွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။ သို့သော် ပွဲစဉ် (၅) တစ်ခုသာ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း၏ အာရှ ယူ-၂၃ ခြေစစ်ပွဲကြောင့် မတ်လကုန်မှ လက်ကျန်ပွဲများ ပြန်လည်ကျင်းပမည် ဖြစ်သည်။

ရန်ကုန်အသင်းသည် ရာသီအစ နှစ်ပွဲကို အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ပွဲစဉ် (၁) တွင် ဟံသာဝတီနှင့် တွေ့ဆုံနေသောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း ပြင်ဆင်နေသောကြောင့် ပထမအကျော့ပွဲအားလုံးကို အဝေးကွင်း ကစားရမည်ဖြစ်ပြီး ရာသီအစနှစ်ပွဲကို စစ်ကိုင်းနှင့် မန္တလေးတွင် ကစားရမည်ဖြစ်သည်။ ချန်ပီယံဆု လေးကြိမ်ရထားသည့် ရတနာပုံအသင်းသည် ယခုရာသီတွင်လည်း ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည့်အပြင် အဓိက ကစားသမားများဖြစ်သည့် အောင်သူ၊ စည်သူအောင်နှင့် သိန်းသန်းဝင်းတို့ကို ထိုင်းလိဂ်-၁ ကလပ်အသင်းများသို့ အငှားချထားရာ ချန်ပီယံဆုစိန်ခေါ်နိုင်ရန် ခက်ခဲဖွယ်ရှိနေသည်။ တစ်သင်းလုံးနီးပါး အပြောင်းအလဲ ပြုလုပ်ထားသည့် ရောဝတီအသင်း၏ ခြေစွမ်းကိုလည်း စောင့်ကြည့်ရမည်ဖြစ်ပြီး အဖွင့်ပွဲမှာပင် ရတနာပုံအသင်းနှင့် အဝေးကွင်းပွဲကျပ် ကစားရမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲမှာ ၁၀ ကြိမ် ကျင်းပပြီးစီးသွားပြီး အသင်းသုံးသင်းကသာ ချန်ပီယံဆုရထားကာ ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ရထားသည်။ ယခုအကြိမ်တွင်လည်း ချန်ပီယံဖြစ်ဖူးသည့် အသင်းများထဲမှ ထပ်မံဗိုလ်စွဲမလား ချန်ပီယံအသင်းသစ် ထွက်ပေါ်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲတွင် အိုမန်အသင်းကို ရှုံးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၇**

အရှေ့အလယ်ပိုင်း ခြေစမ်းခရီးစဉ် ရောက်ရှိနေသည့် မြန်မာ ယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် အိုမန် ယူ-၂၂ အသင်းနှင့် ယနေ့ မြန်မာစံတော်ချိန် ၇ နာရီ ၁၅ မိနစ်က အိုမန်နိုင်ငံ မူစကက်မြို့ရှိ ဆူလ်တန်ကာဘော့စ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် **ဂိုး-** စိုးအာကာ၊ **နောက်တန်း -** ဇင်ရဲနောင်၊ ဝင်းမိုးကျော်၊ အောင်ဝဏ္ဏစိုး၊ စိုးမိုးကျော်၊ **အလယ်တန်း-**နန်းထိုက်ဇော်၊ မြတ်ကောင်းခန့်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ **ရှေ့တန်း-** ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး နောက်ပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် အိုမန်အသင်းကို အဝေးကွင်း၌ အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေကျခဲ့သည်။ အိုမန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၈ မိနစ်တွင် အာရုက်ဒိက သွင်းယူခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် အိုမန်နှင့် ကာတာ ခြေစမ်းခရီးစဉ် သွားရောက်နေခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်းနှင့် ကာတာနိုင်ငံ ဒိုဟာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရိန်းဂျားအသင်းသည် ဘုန်းမောက်တိုက်စစ်ကစားသမား ဒီဖိုးနှင့် ဆောက်သမ်တန်ကွင်းလယ်ကစားသမား စတီဗင်ဒေးဗစ်တို့အား အငှားခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ရိန်းဂျားအသင်းနှင့် ၁၈ လ အငှားစာချုပ်ရန် သဘောတူခဲ့ခြင်းဖြစ်ပြီး ပွဲထွက်ခွင့်အတွက် မော်ရီလို့စ်၊ လာဖက်တီတို့နှင့်အတူ ယှဉ်ပြိုင်သွားရဖွယ်ရှိကြောင်း သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ စပိန်ဆယ်ကျော်သက်ကွင်းလယ်ကစားသမား ဘရာဟင်ဒွေဇ်အား ခြောက်နှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်းသည် ၂၀၁၃ ခုနှစ်တွင် မာလာဂါအသင်းမှ မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့သူ ဖြစ်သည်။ ၎င်းသည် နိုဝင်ဘာလတွင် ကာရာဘောင်ဖလားပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့သောပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။
- တနင်္ဂနွေနေ့က စပိန်လာလီဂါပွဲစဉ် ၁၈ အဖြစ် ဂီတာဖေးအသင်းနှင့် ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းသည် ထိုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် တန်းစီဇယားအဆင့် ၂ တွင် ရပ်တည်နေသော အက်သလက်တီကိုအသင်းအား ငါးမှတ်ဖြတ်ထားနိုင်ကာ တိုက်စစ်ကစားသမား မက်ဆီသည်လည်း ထိုပွဲတွင် ၎င်း၏ လာလီဂါ ၃၉၉ ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ရီးရဲဆိုစီဒက်အသင်းအား အံ့အားသင့်ဖွယ် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ ရီးရဲဆိုစီဒက်အသင်းသည် ဘာနေဗျူး၌ နှစ်ပေါင်း ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် ရီးရဲမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုပွဲတွင် ရီးရဲမက်ဒရစ်အသင်းမှ လူးကပ်စ် ဗက်ဇ်ကွက်ဇ်သည် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။
- ဘာစီလိုနာအသင်းသည် စပိန်ကွင်းလယ်ကစားသမား ဒင်းနစ်ဆွာရက်ဇ် (၂၅ နှစ်) အား ယခုလတွင် အာဆင်နယ်အသင်းထံ ရောင်းချမသွားရန် ဆုံးဖြတ်ထားကြောင်း မေရာ၏ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းသည် စာချုပ်ပါလျော်ကြေး ပေါင် ၃၂ သန်းရှိသော ရိုးမားအသင်းမှ ဂရိနောက်ခံကစားသမား မန်နိုလပ်စ် (၂၇ နှစ်) အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် မန်ယူအသင်းသည် စာချုပ်ပါလျော်ကြေး ပေါင် ၄၂ ဒသမ ၅ သန်းရှိသော အသက် ၂၀ အရွယ်ရှိ ပေါ်တိုအသင်းမှ ဘရာဇီးညာနောက်ခံကစားသမား မီလီတာအိုအား ခေါ်ယူရန် ရီးရဲမက်ဒရစ်အသင်းနှင့် အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၈-၁-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "သမိုင်းထဲကကျောက်စာများ"
- ၈း၃၅ - "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သန်ချဆေးပေါင်း တိုက်ကျွေးပေး"(အပိုင်း-၁)
- ၉း၁၀ - ရာဇဝင်ထဲကသမိုင်းအနုပညာ (အင်းဝတံတား)
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ "အညှော်ဆိုတာ"
- ၁၁း၃၀ - "ကျန်းမာသန်ထွားညာဏ်မြင့်မား"
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၁၀)
- ၁၄း၃၀ - "မှော်ဝင်နှလုံးသား"

**ညပိုင်း**

- ၁၆း၃၅ - "၂၀၁၉ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (အင်္ဂလိပ်စာ ဘာသာရပ်)
- ၁၇း၀၅ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "သဘာဝနှင့်မွေ့လျော်ကြသူများ မျှင်ပေါ်လုပ်ငန်း"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၈း၃၅ - "ခနဒေသအကအလှခနဓလေ့ သဘာဝ"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "ကျောင်းသား၊ ကျောင်းသူများ သုတေသနအခြေပြု သင်ယူခြင်းကို အခြေခံပညာမှစ၍ တက္ကသိုလ်အထိ ဆောင်ရွက်ရန်"
- \- အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာရွှေမန်းတင်မောင် နှစ်(၁၀၀)ပြည့် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်ဂုဏ်ပြုပွဲ" (အပိုင်း-၂)

# မုဒုံမြို့နယ်၌ ရော်ဘာမှိုင်းခံစက်ရုံမီးလောင်မှုဖြစ်၊ ရော်ဘာပြား ပေါင် ၄၈၀၀၀ခန့် ဆုံးရှုံး

**မုဒုံ ဇန်နဝါရီ ၇**

မုဒုံမြို့နယ် ကွမ်တာကျေးရွာ မုဒုံဦး(၂)ရပ် ကွက်သစ်လမ်းရှိဦးလှဝင်း (၆၄နှစ်) ပိုင်ဆိုင်သည့် ဟိုက်ဝင်းရော်ဘာရောင်းဝယ်ရေးကုမ္ပဏီဝင်း အတွင်းရှိ ရော်ဘာမှိုင်းခံရုံ၌ ဇန်နဝါရီ ၆ ရက် ည ၁၁နာရီ မိနစ်၅၀က ၁၅ပေ ပတ်လည်ရှိ အခန်း ခြောက်ခန်းအတွင်း စုစုပေါင်း ရော်ဘာပြား အလေးချိန်ပေါင် ၄၈၀၀၀ ခန့်အား စပါးခွံလောင်စာသုံး မီးဖိုဖြင့် အပူပေးမှိုင်းခံထားရာမှ အပူရှိန်လွန်ကဲ၍ မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မုဒုံမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးလွင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများက မီးသတ်ယာဉ် ၁၁စီး၊ ရေသယ်ယာဉ် လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ဇန်နဝါရီ ၇ ရက် နံနက် ၂နာရီ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ရော်ဘာမှိုင်းခံရုံအဆောက်အအုံ တစ်လုံးနှင့် ရော်ဘာပြား အလေးချိန်ပေါင် ၄၈၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဟိုက်ဝင်းရော်ဘာရောင်းဝယ်ရေး ကုမ္ပဏီ၏ ရော်ဘာမှိုင်းခံရုံတာဝန်ခံ ဦးဇော်ဝင်း (၄၄နှစ်) ပျော်ဘွယ်ကျေးရွာ ငဗွန်မြို့နယ်နေသူကို မုဒုံမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အင်းတော်မြို့နယ်တွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အောင်မေတ္တာရပ်ကွက် ဝင်ဒါမီယာလမ်းတွင် နေထိုင်သူ စိုးနိုင်ဦး (ခ) ဖိုးလုံးဆိုသူ ကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က အဆိုပါအိမ်သို့ အဝင်အထွက် အသွားအလာရှိသူ လူတစ်ဦးက ခဲဖူးသေနတ်ဖြင့် သုံးချက် ပစ်ခတ်ကာ ချွန်ထက်သောအရာ တစ်ခုဖြင့် လည်ပင်းကို ထိုးသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဖြစ်ပွားမှုကြောင့် စိုးနိုင်ဦး (ခ) ဖိုးလုံးမှာ လည်မျိုတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာခါးစောင်း ပေါက်ပြဲဒဏ်ရာ နှစ်ချက်ဖြင့် နေရာတွင်ပင် သေဆုံးခဲ့ကြောင်းသိရပြီး ၎င်းဝတ်ဆင်ထားရှိသော ငါးကျပ်သား ရွှေဆွဲကြိုး တစ်ကုံး၊ သုံးမတ်သား လက်စွပ် တစ်ကွင်း၊ ဆင်းကတ် သုံးခုပါ ဖုန်း နှစ်လုံးတို့ကို ပြစ်မှုကျူးလွန်သူက ယူဆောင်သွားခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာရဲတပ်ဖွဲ့၏ စစ်ဆေးမှုအရ အခင်းဖြစ်ပွားရာနေရာတွင် အရှည် ၀ ဒသမ ၇ လက်မ၊ အချင်း ၀ ဒသမ ၃ လက်မခန့်ရှိသော ခဲဖူးသုံးတောင့်ကို တွေ့ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တော၌ ၁၀၀၀၀ကျပ်တန် ငွေစက္ကူအတုများသိမ်းဆည်းရမိ

**မောင်တော ဇန်နဝါရီ ၇**

မောင်တောမြို့၌ ဇန်နဝါရီ ၇ ရက် ၂နာရီခွဲခန့်က ကမ္ဘောဇဘဏ် မန်နေဂျာ ဒေါ်ချိုမီမီခင်က ငွေအတုများဖြင့် ငွေလွှဲရန် လူတစ်ဦး ရောက်ရှိနေကြောင်း ဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့ချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇော်ဦး ဦးဆောင်သော အဖွဲ့သွားရောက်စစ်ဆေးရာ မြို့မအနောက်ရပ်ကွက် အလယ်ရွာနေ ဇော်လင်းထက်(၃၁)နှစ် တစ်သောင်းကျပ်တန် ငွေကျပ်သိန်း ၄၀၀ အား လွှဲအပ်လာစဉ် ယင်းငွေများအား စစ်ဆေးခဲ့ရာ ငွေစက္ကူတစ်သောင်းကျပ်တန် ၄၀၁ ရွက်မှာ အတုများ ဖြစ်နေကြောင်း သိရသဖြင့် သိမ်းဆည်းခဲ့ပြီး ငွေစက္ကူအတုများ အသုံးပြုခဲ့သူ ဇော်လင်းထက်ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ အဝတ်အထည်များဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ဇန်နဝါရီ ၆ ရက်တွင် စစ်ဆေးမှုများဆောင်ရွက်စဉ် ထူးခြားဖမ်းဆီးမှုအနေဖြင့် Nissan AD Van ယာဉ်တစ်စီး၊ Honda CIVIC ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အဝတ်အထည် ခြောက်ထုပ် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၇ သန်း ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂၈ စီး၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၁၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၇ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၂ သန်း စုစုပေါင်း တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၂ သန်းကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ လောင်းကစားလုပ်သူများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သက်နှင်းအင်းအုပ်စု သစ်တပ်လေးကျေးရွာ၌ လောင်းကစားပြုလုပ်နေသူများ လောင်းကစားပစ္စည်းများနှင့်အတူ ဇန်နဝါရီ ၆ရက် ညနေ ၄နာရီက ဖမ်းဆီးရမိခဲ့ကြောင်း ရေဆင်းနယ်မြေရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ ရေဆင်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ထိုက်လွင်ကျော်နှင့် တပ်ဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သက်နှင်းအင်း အုပ်စု သစ်တပ်လေးကျေးရွာ ဒေါ်လှသွင်၏နေအိမ်၌ ဝင်ရောက်ရှာဖွေရာ Bingo လောင်းကစားဝိုင်းအား ဒေါ်လှသွင်ပါ ကိုးဦးလောင်းကစားနေသည်ကို တွေ့ရှိ၍ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရေဆင်းနယ်မြေ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်ဘီ**

## မောင်တောမြို့နယ်၌ တစ်ဖက်နိုင်ငံသို့ ခိုးထွက်ရန် ကြံစည်သူများအား လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိ

**မောင်တော ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဇန်နဝါရီ ၆ ရက် ည ၉ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ လှော်ခတ်လာသည့် မသင်္ကာဖွယ် လောင်းလှေတစ်စင်း တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ အမျိုးသားသုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦးတို့ကို လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ကို စစ်ဆေးရာ အီမန်ဟူဆောင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဖြစ်ပြီး မိုဟာမတ်ကာရှိန်းနှင့် မိုဟာမတ်တူလာတို့နှစ်ဦးသည် ယခင်မောင်တောမြို့သရက်အုပ်ကျေးရွာတွင် နေထိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ကာ တက္ကနက်မြို့ မူဆိုနီဒုက္ခသည်စခန်းတွင် နေထိုင်လျက်ရှိကြောင်း၊ ၎င်းတို့နှင့်အတူပါလာသည့် အမျိုးသမီးလေးဦးမှာ သရက်အုပ်ကျေးရွာတွင် နေထိုင်ကြပြီး ၎င်းတို့ကို သွားရောက်ခေါ်ယူပေးရန် တစ်ဦးလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ ၄၀၀၀ ရရှိသဖြင့် လာရောက်ခေါ်ယူပြီး ပြန်လည်ထွက်ခွာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ အမျိုးသမီးလေးဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူဆိုနီ ဒုက္ခသည်စခန်းနှင့် ကူတူပါလောင် ဒုက္ခသည်စခန်းတို့ရှိ ဆွေမျိုးများထံသွားရောက်ရန်အတွက် ခိုးထွက်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ခရိုင် ( ပြန်/ဆက် )**

## ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းရှိ ယာဉ်ပြင်အလုပ်ရုံတစ်ရုံ၌ ယာဉ်တစ်စီး ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းအတွင်းရှိ ယာဉ်ပြင်အလုပ်ရုံတစ်ရုံ၌ ယာဉ်တစ်စီး ဝရိန်ဆော်ရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပျဉ်းမနားမြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူး ရဲအုပ်စိုင်းကျော်လွင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်း ဆိုင်ခန်းအမှတ်(ယ-၄၁)၊ "ဆန်းလိုက်"ကားဆေးဘော်ဒီဆိုင်တွင် အလုပ်သမားဖြစ်သူ ကိုဝေ(၂၄ နှစ်)က ၁က/---- ဟီးနိုးခြောက်ဘီးယာဉ်ကို ဝရိန်ဆော်ရာမှ စတင်မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုဝေ(၂၄ နှစ်)ကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

## မြင်းမူမြို့နယ်၌ ရွှေအတုများ လိမ်လည်ရောင်းချသူအား အရေးယူ

**မြင်းမူ ဇန်နဝါရီ ၇**

မြင်းမူမြို့ ဈေးအပြင်ဘက်တန်းရှိ ကိုနိုင်စိုး ရွှေကေရာဇ် ရွှေဆိုင်တွင် ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီခန့်က ဘုန်းကောင်းကျေးရွာ မြောင်မြို့နယ်နေသူ ဦးတင်မောင်ထွေး (၄၇နှစ်) ဆိုသူက ပွတ်လုံးလက်ကောက် ခြောက်ကွင်းနှင့် ဆွဲကြိုး တစ်ကုံး လာရောက်ရောင်းချသဖြင့် ပစ္စည်းများကိုစစ်ဆေးရာ အတုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြင်းမူမြို့မ ရဲစခန်းသို့ အရေးယူပေးရန် တိုင်တန်းခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ဦးတင်မောင်ထွေးအား စစ်မေးရာ ၎င်း၏တူမဖြစ်သူ မအေးသက်မွန်က နေ့ပြန်တိုးပေးရန်အတွက် ရွှေထည်ပစ္စည်းများကို ပေါင်နှံပေးရန်ပြောသဖြင့် ညီဝမ်းကွဲဖြစ်သူ ဦးအောင်ဆန်းနှင့်အတူ မြင်းမူမြို့ပေါ်ရှိ နိုင်စိုး ရွှေကေရာဇ် ရွှေဆိုင်လာရောက် ပေါင်နှံစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဦးတင်မောင်ထွေးနှင့် ပစ္စည်းပိုင်ရှင် မအေးသက်မွန်တို့ကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**၀၇၇**

## တနိုင်းချောင်းအထက်၌ ငါးသွားရှာရာမှ မိုင်းနင်းမိ၍နှစ်ဦး ဒဏ်ရာရ

**တနိုင်း ဇန်နဝါရီ ၇**

ကချင်ပြည်နယ် တနိုင်းမြို့၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀နာရီခန့်က ဦးနော်တောင်ကင်ဆားရာရပ်ကွက်နေ ဦးမဂေါင်လပါ (၅၉)နှစ်နှင့် RC စစ်ရှောင်စခန်းနေသူတို့ လေးဦးသည် တနိုင်းချောင်းအထက်၌ ငါးသွားရှာကြရာ မိုင်းနင်းမိ၍ ဦးလဂွတ်လပါနှင့် ဦးမဂေါင်လတို့တွင် ဒဏ်ရာပြင်းထန်စွာရရှိ၍ တနိုင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**နောယော်ဘော်(ပြန်/ဆက်)**

# အစိုးရကိုဦးတည်သည့် ဆန္ဒပြလှုပ်ရှားမှုများကို ရှုတ်ချကြောင်း ပြင်သစ်သမ္မတ မက်ခရွန်ပြော

**ပါရီ ဇန်နဝါရီ ၇**

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ပြင်သစ်အစိုးရကို ဦးတည်သည့် အဝါရောင်အင်္ကျီဝတ် ဆန္ဒပြလှုပ်ရှားမှုများကို ပြစ်တင်ရှုတ်ချကြောင်း ပြင်သစ် သမ္မတ မက်ခရွန်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားထားသည်။

ဆိုးရွားလှသည့် အဆိုပါ ဆန္ဒပြလှုပ်ရှားမှုများသည် ပြင်သစ်လုံခြုံရေးတပ်ဖွဲ့များ၊ နိုင်ငံ၏အထင်ကရ ကိုယ်စားပြုနိုင်သည့် နေရာများကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ အကြမ်းဖက်မှုများကို ပြုလုပ်နေခြင်းက နိုင်ငံသားများ လိုက်နာစောင့်ထိန်းသင့်သည့် ကျင့်ဝတ်များကို မေ့လျော့နေပြီဆိုသည်ကို ဖော်ပြရာရောက်ကြောင်း သမ္မတ မက်ခရွန်က ပြောသည်။

တရားမျှတမှုနှင့် အမှန်တရားများက တဖြည်းဖြည်း တွင်ကျယ်လာမည်ဖြစ်ကြောင်းနှင့် လူတိုင်းစိတ်အေးအေးထားကာ ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်သင့်ကြောင်း သမ္မတ မက်ခရွန်က တိုက်တွန်းထားသည်။

ဇန်နဝါရီ ၅ ရက်က ဆန္ဒပြလူအုပ်ကြီးသည် လုပ်ငန်းခွင်သုံးကားကြီးဖြင့် ပါရီမြို့အစိုးရအဆောက်အအုံ၏ တံခါးကို ဝင်တိုက်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ ဘင်ဂျမင်န် ဂရီဗက်နှင့် ဝန်ထမ်းအချို့ ရုံးခန်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ဇန်နဝါရီ ၅ ရက်တွင် ပါဝင်ဆန္ဒပြသူဦးရေသည် ငါးသောင်းခန့်ရှိပြီး ယခင်အကြိမ်ဆန္ဒပြသည့် လူဦးရေထက်များသော်လည်း ပထမအကြိမ်ဆန္ဒပြသူ နှစ်သိန်း ရှစ်သောင်းကျော် ပမာဏထက်များစွာ လျော့နည်းကြောင်း ပြင်သစ်နိုင်ငံပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**



ပြင်သစ်သမ္မတ
အီမန်နျူရယ်မက်ခရွန်။

# ရှိတ်ဟာဆီနာ စံချိန်သစ်တင် စတုတ္ထအကြိမ်မြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဒါကာ ဇန်နဝါရီ ၇**

ရွေးကောက်ပွဲမသမာမှုများနှင့် အကြမ်းဖက်မှုများဖြင့် နာမည်ဆိုးထွက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲပြီးနောက် ယခုအခါ ရှိတ်ဟာဆီနာသည် ဇန်နဝါရီ ၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စံချိန်သစ်တင် စတုတ္ထအကြိမ်မြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သတင်းရရှိသည်။



စတုတ္ထအကြိမ်မြောက် ဝန်ကြီးချုပ်သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့သော ရှိတ်ဟာဆီနာ။

အသက် ၇၁ နှစ်ရှိပြီဖြစ်သော ဟာဆီနာသည် လူဦးရေ ၁၆၅ သန်း မိုတင်းနေထိုင်သော တောင်အာရှနိုင်ငံတစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးစံချိန်တင် တိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ သို့သော်လည်း ဝေဖန်သူများက ရှိတ်ဟာဆီနာကို အာဏာရှင်ဆန်သူ အဖြစ် စွပ်စွဲခဲ့ကြသည်။

ရှိတ်ဟာဆီနာဦးဆောင်သော အာဏာရပါတီ ဖြစ်သည့် အာဝါမီလိဂ်ပါတီနှင့် ၎င်း၏မဟာမိတ်ပါတီများသည် ဒီဇင်ဘာ ၃၀ ရက် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့ရာ လွှတ်တော်တွင် အမတ်နေရာ ၃၀၀ ရှိသည့်အနက် ၂၈၈ နေရာရရှိခဲ့သည်။

အဆိုပါရွေးကောက်ပွဲလှုပ်ရှားမှုတွင် အတိုက်အခံ အများစု အဖမ်းခံခဲ့ရပြီး မဲမသမာမှုဖြစ်ပွားခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လူ ၁၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂက ရွေးကောက်ပွဲစံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် တိုက်တွန်းထားသလို အမေရိကန်ပြည်ထောင်စုကလည်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်မိကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ ကင်းလှည့်ရေယာဉ်များ ထပ်မံတိုးချဲ့ရန်စီစဉ်

**တိုကျို ဇန်နဝါရီ ၇**

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် အကြီးစားကင်းလှည့်ရေယာဉ် နောက်ထပ်ငါးစင်းကို ထပ်မံတိုးချဲ့ရန်စီစဉ်နေကြောင်း သိရသည်။

အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆန်ကာကူ ကျွန်းစုအနီးရှိ ဂျပန်ရေပိုင်နက်အတွင်းသို့ ၂၀၁၈ခုနှစ်တွင် တရုတ်ရေယာဉ်စုစုပေါင်း အစင်း ၇၀ခန့်ဝင်ရောက်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့အရာရှိများက ပြောကြားခဲ့သည်။

အဆိုပါကျွန်းစုများကို ဂျပန်ကထိန်းချုပ်ထားပြီး အဆိုပါကျွန်းများသည် ဂျပန်က ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာခဲ့သည့် ပိုင်နက်နယ်မြေဖြစ်ကြောင်း ဂျပန်ကအခိုင်အမာဆိုထားသည်။ တရုတ်နှင့် ထိုင်ဝမ်တို့ကလည်း ယင်းကျွန်းစုကို ၎င်းတို့ ပိုင်ဆိုင်သည်ဟု အငြင်း ပွားလျက်ရှိသည်။

**လတ်တလောတွင် အကြီးစား ကင်းလှည့်ရေယာဉ် ၆၂ စင်းရှိပြီး နောက်ထပ် ငါးစင်း ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။**

ထို့အပြင် နိုတိုကျွန်းဆွယ်ကမ်းလွန် ဂျပန်ပင်လယ်အတွင်းရှိ အထူးသီးသန့် စီးပွားရေးဇုန်အတွင်း၌ မြောက်ကိုရီးယားရေယာဉ်များက တရားမဝင်ငါးဖမ်းမှုများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည်ဟု သိရသည်။ လတ်တလောတွင် အကြီးစားကင်းလှည့်ရေယာဉ် ၆၂ စင်းရှိပြီး နောက်ထပ် ငါးစင်းထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်းရှိ ရေပိုင်နက်များတွင် ထိုသို့တရားမဝင်ငါးဖမ်းမှုကိစ္စများကို ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်၌ ဆန္ဒပြခေါင်းဆောင်များ ပူးပေါင်း

**ပါရီ ဇန်နဝါရီ ၇**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်၏ မူဝါဒများကို ဆန့်ကျင်သည့် ဆန္ဒပြပြည်သူများသည် အစိုးရအဆောက်အအုံတစ်ခုအတွင်းသို့ အတင်းဝင်ရောက်ခဲ့ကြရာ အကြီးတန်းအစိုးရ အရာရှိတစ်ဦး အဆိုပါအဆောက်အအုံ၏ အနောက်ဘက်ပေါက်မှ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ယခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် အဝါရောင်အင်္ကျီဝတ်ဆင်ထားသည့် ပြည်သူများ၏ ဆန္ဒပြပွဲများကို ပြင်သစ်နိုင်ငံတစ်ဝန်းတွင် ကျင်းပခဲ့ရာ လူပေါင်း ၅၀၀၀၀ ခန့် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆန္ဒပြပွဲများကြောင့် ပါရီမြို့လယ်ကောင်၌ ဆန္ဒပြပြည်သူများနှင့် ရဲတပ်ဖွဲ့တို့ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ လောင်စာဆီခွန် တိုးမြှင့်ကောက်ခံသည့် အစီအစဉ်အပေါ် မကျေနပ်မှုများကို ထုတ်ဖော်ရန် ပြင်သစ်ပြည်သူအမြောက်အမြားသည် ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက လမ်းမများပေါ်ထွက်ကာ အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများကို ရက်သတ္တပတ်တိုင်း ကျင်းပခဲ့ကြသည်။

**လောင်စာဆီခွန် တိုးမြှင့်ကောက်ခံသည့် အစီအစဉ်အပေါ် မကျေနပ်မှုများကို ထုတ်ဖော်ရန် ပြင်သစ် ပြည်သူအမြောက်အမြားသည် ပြီးခဲ့သည့် နိုဝင်ဘာလကတည်းက လမ်းမများပေါ်ထွက်ကာ အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများကို ရက်သတ္တပတ်တိုင်း ကျင်းပခဲ့ကြသည်။**

ပြင်သစ်သမ္မတ မက်ခရွန်သည် ဆန္ဒပြပြည်သူများကို နှစ်သိမ့်ရန် ကြိုးပမ်းသည့်အနေဖြင့် လောင်စာဆီခွန် တိုးမြှင့်ကောက်ခံမှုကို ပယ်ဖျက်မည်ဖြစ်ပြီး အနိမ့်ဆုံးလုပ်ခလစာကို တိုးမြှင့်ပေးမည်ဟု ဒီဇင်ဘာလအတွင်းက ကြေညာခဲ့သည်။ သို့သော်လည်း ဆန္ဒပြပြည်သူများက ဆန္ဒဖော်ထုတ်မှုများကိုဆက်လက်လုပ်ဆောင်ခဲ့သည်။

ပြင်သစ်နိုင်ငံတစ်ဝန်းမှ ဆန္ဒပြလှုပ်ရှားမှု အဖွဲ့ခေါင်းဆောင်များသည် ပြီးခဲ့သည့်စနေနေ့က ပထမဆုံးအကြိမ်အဖြစ် မာဆေးလ်မြို့တွင်တွေ့ဆုံခဲ့ကြပြီး ပူးပေါင်းနိုင်ငံရေး အင်အားစုတစ်ရပ်အဖြစ် ဆန္ဒပြလှုပ်ရှားမှုများ ဦးဆောင်သွားမည်ဖြစ်သည်ဟု ဆန္ဒပြသူများ၏ ကိုယ်စားလှယ်တစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဆန္ဒပြပွဲအတွင်း ကားတစ်စီးမီးလောင်နေသည်ကို တွေ့ရစဉ်။

# အီရန်နှင့် ရုရှားရေတပ်တို့ ကက်စပီယန်ပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်နှင့် ရုရှားရေတပ်တို့သည် ကက်စပီယန်ပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်လျက်ရှိကြောင်း အီရန်ရေတပ်မှ အကြီးအကဲတစ်ဦးက မကြာသေးမီက ပြောကြားလိုက်သည်။

နည်းဗျူဟာပိုင်း၊ ကယ်ဆယ်ရေးပိုင်းနှင့် ပင်လယ်ဓားပြရန် ကာကွယ်ရေးအစီအစဉ်များအတွက် ရုရှားနှင့် အီရန်ရေတပ်ကြား ပူးတွဲလုပ်ငန်းစဉ်များနှင့် မဝေးတော့သည့် အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ် ဟော့စိန်ကန်ဇဒီး၏ ပြောကြားချက်ကို ကိုးကားကာ အီရန်သတင်းအေဂျင်စီတွင်ဖော်ပြခဲ့သည်။ နှစ်ဖက်စစ်ရေးပူးတွဲလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်လာစေနိုင်ကြောင်းနှင့် ရေပြင်ကာကွယ်ရေးတွင် ပိုမိုအဆင့်မြင့်မား သည့် မဟာဗျူဟာနှင့် နည်းလမ်းများဆီသို့ ဦးတည်နေကြောင်း ကန်ဇဒီးက ပြောသည်။

**နှစ်ဖက်စစ်ရေးပူးတွဲလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်လာစေနိုင်ကြောင်းနှင့် ရေပြင်ကာကွယ်ရေးတွင် ပိုမိုအဆင့်မြင့်မားသည့် မဟာဗျူဟာနှင့် နည်းလမ်းများဆီသို့ ဦးတည်နေကြောင်း ကန်ဇဒီးက ပြောသည်။**

ကက်စပီယန်ပင်လယ်တွင် နှစ်နိုင်ငံရေတပ်စစ်ရေးပူးတွဲလေ့ကျင့်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ကြောင်း သိရသည်။ နှစ်နိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းများကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ခုနှစ်များတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အင်ဒိုနီးရှား အရှေ့ပိုင်းတွင် အင်အားပြင်းငလျင်တစ်ခု လှုပ်

**ဂျကာတာ ဇန်နဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် တနင်္လာနေ့အစောပိုင်းက အင်အားပြင်းငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီးနောက် ဆူနာမီ သတိပေးချက် ထုတ်ပြန်မှု မရှိကြောင်း မိုးလေဝသနှင့် ဘူမိရူပဗေဒ အေဂျင်စီက ဖော်ပြခဲ့သည်။

ငလျင်သည် တနင်္လာနေ့ ဒေသစံတော်ချိန် နေ့လယ် ၁၂နာရီ ၂၇မိနစ်တွင် လှုပ်ခဲ့ပြီး မြောက်ဘက် လာလူကူ ပြည်နယ် ဟယ်လ်မာဟီရာ အနောက်မြောက်ပိုင်းမှ ၁၄၆ ကီလိုမီတာအကွာကို ဗဟိုပြုလျက် လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်အနက်မှာ သမုဒ္ဒရာကြမ်းပြင်အောက် အနက် ၁၀ကီလိုမီတာရှိကြောင်း အဆိုပါအေဂျင်စီမှ အာဏာပိုင် ယူဆွတ်ဖ်ခိုင်ဒါအလီက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခဲ့သော်လည်း ဆူနာမီ သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း ယူဆွတ်ဖ်က ဆင်ဟွာသို့ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးတောင်ရပ်ဝန်းဟုခေါ်ဆိုသည့် ငလျင်ဖြစ်ပွားရန် အလားအလာများသည့် ဇုန်၌တည်ရှိနေသည်ဖြစ်ရာ ငလျင်လှုပ်မှုများကို မကြာခဏ ကြုံတွေ့ရလျက်ရှိသည်။

**ဆင်ဟွာ**

## အာဖဂန်လေကြောင်း တိုက်ခိုက်မှုကြောင့် မြောက်ပိုင်း ဖာရက်ဘ်ရှိ စစ်သွေးကြွ ၁၄ ဦး သေဆုံး

**ကဘူးလ် ဇန်နဝါရီ ၇**

အာဖဂန်နစ္စတန်ရှိ ဖာရက်ဘ်ပြည်နယ် အယ်လ်မာဒေသ၌ တာလီဘန်တို့ ပုန်းအောင်းနေသည့် နေရာများတွင် တနင်္ဂနွေနေ့က လေကြောင်းတိုက်ခိုက်မှုများကြောင့် စစ်သွေးကြွ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္လာနေ့တွင် စစ်ဘက်မှ ဖော်ပြခဲ့သည့်သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖော်ပြချက်အရ တနင်္ဂနွေနေ့ညနေပိုင်းက အယ်လ်မာဒေသရှိ ကျေးရွာအချို့မှ တာလီဘန်တို့ပုန်းအောင်းရာ ပစ်မှတ်နေရာများကို လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စစ်သွေးကြွများ ပုန်းအောင်းနေသည့် ကတုတ်ကျင်းများနှင့် လက်နက်များကို လည်းဖျက်ဆီးခဲ့သည်။

လေကြောင်းတိုက်ခိုက်ခံရမှုအတွင်း စစ်သွေးကြွများသေဆုံးမှုနှင့်ပတ်သက်၍ ဖာရက်ဘ်ဒေသရှိ နေရာအစိတ်အပိုင်းများတွင် ထကြွလှုပ်ရှားလျက်ရှိသည့် တာလီဘန်စစ်သွေးကြွများထံမှ မှတ်ချက်ပြုခြင်းမရှိသေးပေ။ **ဆင်ဟွာ**

# အပြည်ပြည်ဆိုင်ရာ၏ ကန့်ကွက်မှုများကြားမှ အာဏာကိုဆက်လက်ဆုပ်ကိုင်ထားဆဲဖြစ်သည့် ဗင်နီဇွဲလားသမ္မတ

**ချိုးစန္ဒီနွေး**

**ဗင်နီဇွဲလားနိုင်ငံရဲ့ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုတွေကတော့ နိုင်ငံတကာသတင်းစာမျက်နှာတွေမှာ မကြာခဏ တွေ့မြင်နေရပါတယ်။ တိုင်းပြည်အတွင်းမှာ မနေနိုင်လို့ အိမ်နီးချင်းနိုင်ငံတွေကို ထွက်သွားကြတဲ့ ဗင်နီဇွဲ လားနိုင်ငံသားတွေကလည်း အများအပြားပါပဲ။ ဒီလိုအခြေအနေမျိုးမှာ သမ္မတ နီကိုလပ်မက်ဒူရိုဟာ ကန့်ကွက်မှုတွေကြားထဲက နောက်ထပ်သမ္မတ သက်တမ်းအတွက် ကြိုးစားခဲ့ပါတယ်။**




ကာရာကတ်စ်မြို့၌ လွန်ခဲ့သောလက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ သမ္မတ မက်ဒူရိုကို တွေ့ရစဉ်။

**သမ္မတကိုအသိအမှတ်မပြု**

အဲဒီအတွက် အပြည်ပြည်ဆိုင်ရာက ဝိုင်းပြီးကန့်ကွက်ခဲ့ကြပါတယ်။ အခုအခါမှာလည်း ဗင်နီဇွဲလားနိုင်ငံရဲ့ အတိုက်ခံတွေ ကြီးစိုးရာ အောက်လွှတ်တော်က ပြီးခဲ့တဲ့စနေနေ့ကပဲ ပြန်လည်ရွေးကောက်ခံထားတဲ့ မစ္စတာ မက်ဒူရိုရဲ့ သမ္မတသက်တမ်းကို အသိအမှတ်မပြုဘူးလို့ ကြေညာခဲ့ပါတယ်။ ပြီးတော့ ဗင်နီဇွဲလားတပ်ဖွဲ့ကိုလည်း ဒီမိုကရေစီကိုထိန်းသိမ်းဖို့အတွက် အတိုက်အခံတွေက သူတို့နဲ့အတူ ပူးပေါင်းပြီး ကူညီပေးဖို့ တောင်းဆိုခဲ့ ကြပါတယ်။ အမေရိကန်ဟာဆိုရင် ဗင်နီဇွဲလား အဆင့်မြင့်အရာရှိကြီးတွေနဲ့ ထင်ရှားသူတွေကိုပိတ်ဆို့မှု ပြစ်ဒဏ်ချထားတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ အမေရိကန်ရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်။ ဗင်နီဇွဲလားနိုင်ငံအတွင်းမှာ ဒီမိုကရေစီနည်းကျကျ ရွေးကောက်ခံထားရတာဆိုလို့ ဥပဒေပြုလွှတ်တော်တစ်ရပ်ပဲ ရှိတယ်လို့ ပြောခဲ့ပါတယ်။

**အာဏာမရှိလှတဲ့ အောက်လွှတ်တော်**

အောက်လွှတ်တော်ဥက္ကဋ္ဌအသစ် ဂျူအန်ဂွိုက်ဒိုကတော့ လွှတ်တော်စတင်တာနဲ့ တစ်ပြိုင်နက် ဥက္ကဋ္ဌအသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး မစ္စတာ မက်ဒူရိုရဲ့ သမ္မတသက်တမ်းကို အသိအမှတ်မပြုနိုင်ဘူးလို့ ကြေညာခဲ့ပါတယ်။ ဒီလိုမျိုးကြေညာခဲ့ပေမယ့် အောက်လွှတ်တော်ရဲ့အာဏာကတော့ သိပ်မရှိလှပါဘူး။ လာမယ့် ဇန်နဝါရီ ၁၀ ရက်မှာ မက်ဒူရိုဟာ နောက်ထပ် သမ္မတ သက်တမ်းအတွက် ဦးဆောင်ခွင့်ရမှာဖြစ်ပြီး အဲဒီအခါမှာတော့ အောက်လွှတ်တော် တစ်ရပ်ကသာ ပြည်သူတွေကိုယ်စားပြုတဲ့ အဖွဲ့အစည်း ဖြစ်လာတော့မယ်လို့ ဥက္ကဋ္ဌအသစ် ဂျူအန်ဂွိုက်ဒိုက ပြောခဲ့ပါတယ်။

**ပူးတွဲထုတ်ပြန်ချက် ကြေညာ**

ဗင်နီဇွဲလားဟာ ရေနံပေါကြွယ်ဝပေမယ့် သမ္မတမက်ဒူရိုရဲ့ လက်ထက်မှာတော့ စီးပွားရေးပျက်ကပ်ဆိုက်ခဲ့ပါတယ်။ အခုဆိုရင်လည်း အပြည်ပြည်ဆိုင်ရာက ဝိုင်းဝန်းတားမြစ်နေတဲ့ကြားက သမ္မတမက်ဒူရိုဟာ ကြာသပတေးနေ့မှာ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုမှာပဲဖြစ်ပါတယ်။ သူ့ရဲ့ ဒုတိယအကြိမ်သမ္မတသက်တမ်းကတော့ ခြောက်နှစ်တာ ကြာမြင့်မှာပဲဖြစ်ပါတယ်။ မေလ ၂၀ ရက်မှာ ကျင်းပခဲ့တဲ့ ဗင်နီဇွဲလားရွေးကောက်ပွဲကိုတော့ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက တရားမျှတမှုမရှိဘူးလို့ သတ်မှတ်ခဲ့ကြပြီး အတိုက်အခံတွေကလည်း ပါဝင်ခြင်းမရှိဘဲ သပိတ်မှောက်ခဲ့ကြပါတယ်။ အာဂျင်တီးနား၊ ဘရာဇီး၊ ကနေဒါ၊ ချီလီ၊ ကိုလံဘီယာ၊ ကော့စတာ ရီကာ၊ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်၊ ပနားမား၊ ပါရာဂွေး၊ ပီရူးနိုင်ငံတို့က သံအမတ်တွေဟာ လွန်ခဲ့တဲ့နှစ်က ဗင်နီဇွဲလား ရွေးကောက်ပွဲကိုရှုတ်ချတဲ့ ထုတ်ပြန်ချက်ကို ပူးတွဲထုတ်ပြန်ခဲ့ကြပါတယ်။ နောက်ပြီး သမ္မတမက်ဒူရိုကိုလည်း နောက်ထပ် ရွေးကောက်ပွဲအသစ်တစ်ခုမကျင်းပမီစပ်ကြားမှာ အတိုက်အခံတွေကြီးစိုးရာ အောက်လွှတ်တော်ကို အာဏာလွှဲပြောင်းပေးဖို့ တိုက်တွန်းခဲ့ကြပါတယ်။

**ရာထူးမှဆင်းပေးဖို့တိုက်တွန်း**

ဒီနိုင်ငံတွေ ပူးတွဲထုတ်ပြန်ခဲ့တဲ့ သတင်းထုတ်ပြန်ချက်မှာတော့ ၂၀၁၈ ခုနှစ် မေလ ၂၀ ရက်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ဗင်နီဇွဲလားနိုင်ငံရေးသမားတွေအားလုံး ပါဝင်နိုင်ခြင်းမရှိတဲ့ အပြင် အမှီအခိုကင်းတဲ့ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့တွေလည်း မရှိခဲ့ဘူး။ လွတ်လပ်ပြီး တရားမျှတမှုကင်းတဲ့၊ ပွင့်လင်းမြင်သာမှုရှိတဲ့ လုပ်ငန်းစဉ်တွေ ဘာတစ်ခုမှ မတွေ့ခဲ့ရဘူးလို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမိုကရေစီကို ဆက်လက်ထိန်းသိမ်းဖို့အတွက် အကောင်းဆုံးနည်းလမ်းကတော့ သမ္မတမက်ဒူရို ရာထူးကနေ ဆင်းပေးဖို့ပဲလို့ တိုက်တွန်းခဲ့ကြပါတယ်။ နိုင်ငံရေးအရ ဖိနှိပ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ငွေကြေးဖောင်းပွမှုတွေ၊ ဆေးဝါးနဲ့ အခြေခံစားသောက်ကုန်ပြတ်လပ်မှုတွေ၊ အစရှိတဲ့ ကိစ္စရပ်တွေကြောင့် တိုင်းပြည်အတွင်းမှာနေထိုင်ကြတဲ့ ပြည်သူသန်းနဲ့ချီပြီး အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြေးကြပါတယ်။ စက်တင်ဘာလအတွင်းမှာတော့ အိမ်နီးချင်းနိုင်ငံအချို့ဟာ ဗင်နီဇွဲလား အဆင့်မြင့်အရာရှိကြီးအချို့ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးမှာ တရားစွဲဆိုဖို့ တိုက်တွန်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

လက်တင်အမေရိက ၁၂ နိုင်ငံနဲ့ ကနေဒါနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးတွေဟာ လီမာမြို့မှာ သမ္မတမက်ဒူရိုကိုအသိအမှတ်မပြုကြောင်း ကြေညာခဲ့တဲ့အတွက် မက်ဒူရိုအစိုးရကတော့ အဲဒီအုပ်စုဟာ ဝါရှင်တန်က အထောက်အပံ့ပေးထားတဲ့ အာဏာသိမ်းဖို့ကြံစည်နေတဲ့ အုပ်စုကို အားပေးအားမြှောက်ပြုနေကြတာလို့ စွပ်စွဲခဲ့ကြပါတယ်။

**တစ်ခုတည်းသောမျှော်လင့်ချက်**

အောက်လွှတ်တော်ဥက္ကဋ္ဌအသစ် ဂျူအန်ဂွိုက်ဒိုကတော့ လွတ်လပ်တဲ့ ရွေးကောက်ပွဲအသစ်တစ်ရပ်ကို တောင်းဆိုထားပါတယ်။ အောက်လွှတ်တော်ဟာ ဗင်နီဇွဲလားပြည်သူတွေရဲ့မျှော်လင့်ချက်ဖြစ်တဲ့ ငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာတဲ့ ဒီမိုကရေစီအနာဂတ်ရရှိရန်ဆိုတဲ့တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်တယ်။ သို့ပေမယ့် သမ္မတမက်ဒူရိုနဲ့သူ့ရဲ့အပေါင်းအပါတွေကတော့ ပြည်သူတွေရဲ့ ဒီအိပ်မက်ကို ရိုက်ချိုးသူများဖြစ်တယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ ရောဘတ်ပါလာဒီနိုက ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုကတော့ ဗင်နီဇွဲလားနိုင်ငံရဲ့ ရွေးကောက်ပွဲကို အရှက်ရဖွယ်လို့ သမုတ်ခဲ့ပြီး ဥရောပသမဂ္ဂလိုပဲ ရွေးကောက်ပွဲရလဒ်ကို အတည်ပြုလက်ခံခြင်း မရှိခဲ့ပါဘူး။ မက်ဒူရို ဟာ အာဏာလုယူသူတစ်ဦးသာဖြစ်ပြီး သူ့ကို ဖယ်ရှားပစ်ရမယ်လို့ အတိုက်ခံဘက်မှ Delsa Solorzano က ပြောပါတယ်။ ဒါပေမယ့် အာဏာသိမ်းဖို့အတွက် လက်နက်ကိုင်အုပ်စုတွေကို အကူအညီ တောင်းတာမျိုးကိုတော့ လက်မခံဘူးလို့ သူက ဆက်ပြောပါတယ်။

**သဘောထားကွဲလွဲမှုတွေရှိလာ**

နိုင်ငံတော် တရားရုံးချုပ်ကလည်း သမ္မတမက်ဒူရိုရဲ့ဘက်မှာပဲ ရှိနေပြီး အောက်လွှတ်တော်ကို အာဏာမဲ့စေခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာတော့ အတိုက်အခံတွေဘက်က လွှတ်တော်အမတ်တွေဟာ သမ္မတမက်ဒူရိုကို အာဏာစွန့်လွှတ်ဖို့ ကြေညာခဲ့ကြပါတယ်။ အစွန်းရောက်လွန်းတဲ့ အတိုက်အခံတွေကဆိုရင် အောက်လွှတ်တော် ဥက္ကဋ္ဌက အစိုးရရဲ့တာဝန်တွေကို လွှဲပြောင်းယူဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒီလိုနဲ့ အတိုက်အခံအုပ်စုတွေကြား သဘောထားကွဲလွဲမှုတွေ ရှိလာခဲ့ပါတယ်။

**အမေရိကန်ရဲ့လက်ချက်**

သမ္မတမက်ဒူရိုကတော့ ငွေကြေးအဆမတန်ဖောင်းပွမှု၊ စီးပွားရေးကျဆင်းမှုတို့မှာ ဘာမှမစွမ်းနိုင်ပဲ အများရဲ့ကြားမှာ ရှုတ်ချမှုကိုခံနေရသူလည်း ဖြစ်ပါတယ်။ သို့ပေမယ့် သူဟာ အပြည်ပြည်ဆိုင်ရာနဲ့ အတိုက်အခံအုပ်စုတွေရဲ့ ရှုတ်ချမှု၊ ပြစ်တင်ဝေဖန်မှုတွေကို လျစ်လျူရှုထားနိုင်သူလည်းဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာနဲ့ အတိုက်အခံတွေဟာ မက်ဒူရိုကို အာဏာရှင်ဆိုပြီး သမုတ်ကြပေမယ့် သူ့ကိုယ်သူတော့ ဒီမိုကရေစီနည်းကျကျ ရွေး ကောက်ခံထားရသူလို့ ယုံကြည်နေတုန်းပါပဲ။ ပြီးတော့ သူ့ရဲ့ အတိုက်အခံတွေဟာလည်း အခုအခါမှာ တကွဲတပြားစီ ဖြစ်နေကြပြီး ဒီလိုဖြစ်ရတာလည်း သူ့လက်ချက်ကြောင့် မဟုတ်ဘဲ သူတို့မှီခိုအားထားလွန်းတဲ့ အမေရိကန်ကြောင့်လို့ ပြောခဲ့ပါတယ်။

**အာဏာကို ဆက်လက်ဆုပ်ကိုင်ထားဆဲ**

ဗင်နီဇွဲလားအစိုးရဟာ အမေရိကန်က သူတို့ရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်လွန်းတယ်ဆိုပြီး ကာလရှည်ကြာ ဆန့်ကျင်ခဲ့ကြပါတယ်။ အထူးသဖြင့် ထရမ့် သမ္မတဖြစ်လာတဲ့နောက်ပိုင်း ဗင်နီဇွဲလားအရာရှိတွေကို ပိတ်ဆို့မှုပြစ်ဒဏ်တွေချခဲ့ပြီး စီးပွားရေးအရလည်း ပိတ်ဆို့ခံခဲ့ရပါတယ်။ အခုလို အပြည်ပြည်ဆိုင်ရာက ကန့်ကွက်မှုတွေရှိနေပေမယ့် သမ္မတ မက်ဒူရိုကတော့ အရေးစိုက်ဟန်မရှိပါဘူး။ အာဏာကို ဆက်လက် ဆုပ်ကိုင်ထားမယ့် သဘောမှာရှိပါတယ်။ ဒုတိယသမ္မတသက်တမ်းကိုဆက်လက် တာဝန်ယူသွားမယ့်ဟန်ပါပဲ။ လတ်တလောမှာတော့ စီးပွားရေးကျဆင်းမှုတွေရော၊ တိုင်းပြည်အတွင်းကလူတွေ ပြည်ပကိုထွက်ခွာကုန်တာရော၊ ဒါတွေအားလုံးကိုတော့ မဖြေရှင်းနိုင်သေးပါဘူး။ ။

**ကိုးကား -အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၇**

သဘာဝအရင်းအမြစ်များတွင် တန်ဖိုးအရှိဆုံးသည် လူသားအရင်းအမြစ်ပင်ဖြစ်ပြီး တန်ဖိုးဖြတ်၍ မရကြောင်း၊ တစ်နည်းအားဖြင့် တီထွင်ဖန်တီးမှုကို လုပ်ဆောင်နိုင်သည့် ခေါင်းဆောင်များပေါ်ထွက်လာရန်အတွက် ယခုလို ပညာရေးစုံညီပွဲတော်ကို ကျင်းပခြင်းလည်းဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်က အောင်မြေသာစံမြို့နယ် အမှတ် (၁၇) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ထူးချွန်ကျောင်းသား ကျောင်းသူ သုံးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီးနောက် ၂၀၁၇ ခုနှစ် တက္ကသိုလ်စာမေးပွဲတွင် တိုင်းဒေသကြီး ဒေသအဆင့် ပထမရရှိသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ အောင်ချက်အကောင်းဆုံးမြို့နယ်နှင့် တစ်နှစ်တာထူးချွန်ကျောင်းသားဆု၊ ထူးချွန်ကျောင်းသားဆု၊ U-14 ဘောလုံးပြိုင်ပွဲတွင် ဆုရအသင်း၊ အကောင်းဆုံး ဘောလုံးသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ U-12 ဆုရဘောလုံးအသင်းတို့မှ ထူးချွန်အားကစားဆုများနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မြန်မာနိုင်ငံအတွက် ဆုရရှိအောင် ဆောင်ရွက်ပေးခဲ့သော အထက(၁၁)မှ ကျောင်းအုပ်ကြီးအားလည်းကောင်းကို ဂုဏ်ပြုလွှာနှင့် ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပညာရေးစုံညီပွဲတော်၌ ခန်းမများအတွင်း ပညာရေးမြှင့်တင်မှုပြခန်း၊ သင်ထောက်ကူပြခန်း၊ မာလ်တီမီဒီယာပြခန်း၊ အိမ်တွင်းမှုနှင့် ပန်းချီဓာတ်ပုံပြခန်း၊ မြန်မာစာစွမ်းရည်နှင့် အင်္ဂလိပ်စွမ်းရည်ပြခန်း၊ သိပ္ပံဘာသာရပ်ဆိုင်ရာပြခန်းများ၊ ကျောင်းသား ကျောင်းသူများ၏ အနုပညာစွမ်းရည်နှင့် ကြံ့ခိုင်မှုစွမ်းရည်၊ အိုင်စီတီစွမ်းရည်များ ဖော်ထုတ်ပြသခြင်းစသည့် အစီအစဉ်များ ပါဝင်သည့်အပြင် တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်တွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကိုလည်း အပြေးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အားကစားနည်းများကို အားကစားကွင်း ဧရိယာအတွင်း၌ ကျင်းပပေးခဲ့ကြပြီး ဆုရရှိကြသူများကိုလည်း ဆုများချီးမြှင့်ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ဂန့်ဂေါမြို့နယ် ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ဂန့်ဂေါ ဇန်နဝါရီ ၇**

ဂန့်ဂေါမြို့နယ်တွင် ယမန်နေ့က ရေရှင်မကျေးရွာ ကျေးရွာကျန်းမာရေးဌာနအနီးတွင် လည်းကောင်း၊ မွှေလယ်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးတွင် လည်းကောင်း၊ သာစည်ကျေးရွာ စာသင်ကျောင်းအနီးတွင် လည်းကောင်း၊ ရဲလှရွာ ထရန်စဖော်မာအနီးတွင် လည်းကောင်း၊ နှမ်းခါးရွာ အထက အနီးတွင် လည်းကောင်း လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးသယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်၊ ကျေးရွာများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာများမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဂန့်ဂေါမြို့နယ်တွင် ကျေးရွာပေါင်း ၁၀၇ ရွာ ရှိသည့်အနက် ကျေးရွာ ၄၇ ရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး ပြည်သူ ၁၃၈၆၆ ဦးတို့ လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။ **၁၄၄**

# ပြည်တွင်းကောက်ညှင်းဆန်ဈေးကျ၍ ပြည်ပကောက်ညှင်းဆန်အဝင်နည်းလာ

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၁၈ နှစ်ကုန်ပိုင်း မိုးစပါးသစ်များ ထွက်ပေါ်ချိန်က ကောက်ညှင်းဆန် တစ်အိတ်လျှင် ကျပ်ငါးသောင်းအထိ ဈေးမြင့်တက်ခဲ့သဖြင့် ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ပြည်ပမှ ယိုးဒယားကောက်ညှင်းဆန်(အသွယ်)များ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ ဝန်းကျင်ဖြင့်ရောင်းချခဲ့သည်။ ယခု ဇန်နဝါရီလဆန်းပိုင်းတွင် မော်ကျွန်းနယ်မှ ကောက်ညှင်းဆန် အသစ်များ ရန်ကုန်ဈေးကွက်သို့ စတင်ဝင် ရောက်ကာ တစ်အိတ်လျှင် ကျပ်လေးသောင်းအထိ ဈေးကျလာသဖြင့် ပြည်ပကောက်ညှင်းဆန် ပြည်တွင်းသို့ဝင်ရောက်မှု လျော့နည်းသွားသည်ဟု ဘုရင့်နောင်ပွဲရုံရှိ ဆန်လုပ်ငန်းများမှ သိရသည်။

**ကောက်ညှင်းဈေးကွက်**

ကောက်ညှင်းဆန်ဈေးကွက်တွင် ပုသိမ်နယ်ထွက် ကောက်ညှင်းအသွယ်မှာ ဈေးနှုန်းအမြင့်ဆုံးရရှိနေပြီး မော်ကျွန်းနယ်နှင့် ရန်ကုန် လေးထောင့်ကန်နယ်မှထွက်သော ကောက်ညှင်းဆန်များမှာ အပွများဖြစ်သည်။ ကောက်ညှင်းဆန်ကို နံနက်ပိုင်းရောင်းချသော နံနက်စာ စားသောက်ဖွယ်ရာအချို့ ပြုလုပ်ရာတွင် အသုံးပြုမှုရှိပြီး ကောက်ညှင်းအသစ်ထွက်ပေါ်ချိန် ပြာသိုလဆန်း ကရင်နှစ်သစ်ကူး၊ ဖေဖော်ဝါရီလဆန်းပိုင်း တရုတ်နှစ်သစ်ကူးနှင့် ဝါခေါင်လအတွင်း တရုတ်လူမျိုးတို့၏ ပွဲတော်ကာလများတွင် ကောက်ညှင်းကို အသုံးပြုမှုများသည်။

တစ်အိတ်ဈေး ကျနေသော်လည်း ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်မြို့လယ် လမ်းမတော်မြို့နယ်အတွင်း၌ ကောက်ညှင်းဆန် တစ်ပြည်လျှင် လက်လီဈေး ငွေကျပ် ၂၃၀၀ ကျပ်နှုန်း ရှိနေသည်။ ဆန်တစ်အိတ်လျှင် ၁၀၈ ပေါင်ဖြင့် ပြည်တွင်ဆန်ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နေသော်လည်း ကောက်ညှင်းဆန်မှာမူ တစ်အိတ်လျှင် အလေးချိန် ၁၀၂ ပေါင်ဖြင့်သာ ချိန်တွယ်ရောင်းချနေကြောင်းလည်း သိရသည်။

**ဇန်နဝါရီလဈေးနှုန်း**

၂၀၁၉ ဇန်နဝါရီလဆန်း ရန်ကုန်ဈေးကွက် ဆန်ဈေး နှုန်းများအနေဖြင့် မြစ်ဝကျွန်းပေါ် ပေါ်ဆန်းဆန်သစ် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ဝန်းကျင်၊ ရွှေဘိုပေါ်ဆန်း ဆန်သစ် တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀ ဝန်းကျင် ရှိနေသည်။ အဆိုပါ ဈေးနှုန်း များမှာ ပြီးခဲ့သည့် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ပြန်ကျခဲ့သော ဈေးနှုန်းများဖြစ်ပြီး ၂၀၁၈ အတွင်းက ဩဂုတ်လမှစ၍ ဆန်ဈေးများ တက်ခဲ့ရာ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် အမြင့်ဆုံးငွေကျပ် ၆၃၀၀၀ နှင့် မြစ်ဝကျွန်းပေါ် ပေါ်ဆန်းတစ်အိတ်လျှင် အမြင့်ဆုံးငွေကျပ် ၅၀၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

**ခင်ဆိုင်**

# ၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ကျင်းပ

**မုံရွာ ဇန်နဝါရီ ၇**

၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို မုံရွာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့နံနက်က ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဆိုင်းဘုတ်ကို တိုင်းဒေသကြီး အတွင်းရှိ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ပညာရေးဆိုင်ရာ ပြခန်းများ၊ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ၊ ပန်းပွား၊ မြန်မာ့ရိုးရာ သိုင်းပညာ၊ ကဗျာလွတ်အက၊ အေရိုးဗစ်၊ Fitness Dance အကများ သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ကျောင်းခန်းမတွင် ပညာရေးထူးချွန်ဆုပေးပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်များတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် သန့်ရှင်းသာယာလှပဆုံးဆုရ ကျောင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# လိုင်လင်းပီမြို့၌ အသက် ၈၅ နှစ်နှင့် အထက် ဘိုးဘွားများအား အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်

**လိုင်လင်းပီ ဇန်နဝါရီ ၇**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား အမျိုးသားလူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ခြင်းကို လိုင်လင်းပီမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းထောက်ပံ့ငွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် လိုင်လင်းပီမြို့မှ ထောက်ပံ့ငွေရရှိသူ ကိုးဦးရှိကြောင်း သိရသည်။ ယခုထောက်ပံ့ငွေမှာ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလ သုံးလစာအတွက် တစ်လလျှင် တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ၃၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလုံတောင် ခမိုး ယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်းကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်

**ဗန်းမောက် ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ခမိုးကျေးရွာအနီး တည်ဆောက်လျက်ရှိသော ဇလုံတောင် ယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်းကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ယာဉ်ရပ်နားစခန်းကို တာဝန်ယူတည်ဆောက်လျက်ရှိသော Terrain Group Co.,Ltd မှ စီးပွားရေးအကြံပေး ဦးအောင်သူရ၏ ပြောကြားချက်အရ သိရသည်။



"စီမံကိန်းတစ်ခုလုံးကို ၂၄ လ အတွင်းမှာ အပြီးတည်ဆောက်သွားမယ်။ ဒီနေရာက မိုးရာသီဆို မိုးရွာသွန်းမှုများတဲ့ဒေသဖြစ်တဲ့အတွက် အလုပ်လုပ်ချိန်က နည်းတဲ့အတွက် အကြိုဖွင့်လှစ်နိုင်တဲ့ အဆင့်ကိုပဲ လုပ်နိုင်ခဲ့တယ်။ အခုအခြေနေကတော့ ယာဉ်ရပ်နားစခန်းမှာ ကားတွေ စနစ်တကျနဲ့ အဝင်၊ အထွက် လုပ်နိုင်တယ်။ ခရီးသွားပြည်သူတွေ အနားယူ အပန်းဖြေနိုင်အောင် လုပ်ရသေးတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာတော့ စီမံကိန်းတစ်ခုလုံးရဲ့ ၂၆ ရာခိုင်နှုန်း လောက်ပဲ ပြီးသေးတယ်။ လူအများစုတည်းခိုနိုင်တဲ့ တည်းခို ဆောင်၊ သန့်စင်ခန်း၊ အပန်းဖြေ အနားယူနိုင်တဲ့ ညဈေးတန်းတွေကို ဦးစားပေး တည်ဆောက်မယ်။ ပြီးရင် စည်းစိမ်အရသာ ခံစားချင်တဲ့ ခရီးသွားပြည်သူတွေအတွက် ဟိုတယ်၊ မိုတယ်တွေကိုဆက်ပြီး တည်ဆောက်မယ်"ဟု ၎င်းက ပြောသည်။

ဇလုံတောင်ခမိုး ယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်းသည် အကျယ် ၃၀ ဧက ကျယ်ဝန်းပြီး ခရီးသွားပြည်သူများ အပန်းဖြေနားနေနိုင်သည့်ပန်းခြံတစ်ခု၊ ယာဉ်အစီးရေ၂၀၀ ကျော်တစ်ပြိုင်နက် ရပ်နားဝင်/ထွက်နိုင်သည့် ကားပါကင်တစ်ခု၊ အများသုံးသန့်စင်ခန်းများ၊ လူအများစု တည်းခိုနိုင်သည့် တည်းခိုဆောင်များ၊ ညဈေးတန်းများ၊ ဟိုတယ်၊ မိုတယ်၊ ကျန်းမာရေးဆေးပေးခန်း၊ အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေးနှင့် မီးသတ်ရုံး၊ လုံခြုံရေးစခန်း ပါဝင်မည်ဖြစ်ကြောင်း၊ ၎င်းယာဉ်ရပ်နားစခန်းနှင့် အပန်းဖြေစခန်းကို ၂၀၁၉ ခုနှစ်အကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ညောင်ချောင်းသာကမ်းခြေသို့ အပန်းဖြေ လာရောက်လည်ပတ်သူများဖြင့် စတင်စည်ကားလာ

**ညောင်တုန်း ဇန်နဝါရီ ၇**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့၏ အနောက်ဘက် ရန်ကင်းစံရာကျေးရွာတွင် သဘာဝ သဲသောင်ပြန့် ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ ညောင်ချောင်းသာ(ရေချိုးဆိပ်)ကမ်းခြေအဖြစ် လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ လူသိများ ထင်ရှားလာခဲ့ရာ ယခုနှစ်တွင်လည်း သဲသောင်ပြန့်ပေါ်ထွန်းချိန် ဇန်နဝါရီလဆန်းပိုင်းမှစ၍ လာရောက်လည်ပတ်သူ၊ အပန်းဖြေသူများဖြင့် စတင်စည်ကားလျက်ရှိကြောင်းနှင့် ကမ်းခြေကို မကြာမီအချိန်အတွင်း အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် ညောင်ချောင်းသာကမ်းခြေသို့ ကားများ တိုက်ရိုက်ဆင်းနိုင်အောင် ကားထားရန်နေရာ သီးသန့်ထားရှိပေးထားခြင်း၊ ကျယ်ပြန့်သော သဲသောင်ပေါ်တွင် ရေကစားနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းစေရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

"၂၀၁၃ ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး အပန်းဖြေသူများဖြင့် နှစ်စဉ်စည်ကားလျက်ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူ ပိုမိုများပြားလာပြီး ဒီနှစ်မှာလည်း ကမ်းခြေသို့ လာရောက်အနားယူ လည်ပတ်သူများအတွက် ကမ်းခြေအထိ ကားတိုက်ရိုက်ဆင်းလို့ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဘေးအန္တရာယ် မရှိနိုင်အောင် ညီညာကျယ်ပြန့်တဲ့ သဲသောင်ပြန့်နဲ့ ရေပြင်ပေါ်မှာ ရေကစား ကူးခတ်ဆော့ကစားနိုင်မှာဖြစ်ပါတယ်။ ကွပ်ကဲရေးစခန်းမှလည်း နေ့စဉ် ဘေးကင်းလုံခြုံရေးအတွက် စဉ်ဆက်မပြတ် အသိပေးနှိုးဆော်ကြေညာခြင်းတွေနဲ့အတူ ဘေးကင်းလုံခြုံစေမယ့် အစီအမံတွေနဲ့ သက်သောင့်သက်သာ အနားယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ယခင်နှစ်တွေက အတွေ့အကြုံတွေအရ ဒီနှစ်မှာ ပိုမိုကောင်းမွန်အောင် ကျွန်တော်တို့ကော်မတီက အတတ်နိုင်ဆုံး ဖြည့်စွက်စီစဉ် ဆောင်ရွက်ထားပါတယ်"ဟု ညောင်ချောင်းသာကမ်းခြေ ကြီးကြပ်ရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်နိုင်က ပြောသည်။

ညောင်ချောင်းသာ(ရေချိုးဆိပ်)ကမ်းခြေတာဝန်ခံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသန်းကျော်ကလည်း လက်ရှိအချိန်တွင် သဘာဝသဲသောင်ပြန့် ကမ်းခြေ ပေ ၅၀၀ ခန့်ပေါ်၌ အရန်သင့်စားသောက်ဖွယ်ရာများရောင်းချမည့် ဆိုင်ခန်း ၅၀ နှင့် အဆောက်အအုံငယ်များကို စနစ်တကျ စီစဉ်ဆောက်လုပ်လျက်ရှိကြောင်း ပြောကြားသည်။



ညောင်ချောင်းသာသည် ချောင်းသာနှင့် ငွေဆောင်ကမ်းခြေတို့ကဲ့သို့ ကုန်ကျစရိတ်မများလှဘဲ သွားရောက်အပန်းဖြေနိုင်သည့်နေရာဖြစ်ကာ ယခုနှစ် ကမ်းခြေပေါ်ပေါက်ချိန်တွင် ဒေသခံပြည်သူများ သာမက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်လည်ပတ်အပန်းဖြေနေကြပြီ ဖြစ်သည်။

ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးပြီး သွားရောက်လည်ပတ်မည်ဆိုပါက လှိုင်သာယာ ဒဂုံဈေး အဝေးပြေးဂိတ်မှ တစ်နာရီခန့် အချိန်တိုအတွင်း ရောက်ရှိနိုင်၍ နေ့ချင်းပြန် လာရောက်နိုင်သလို ငွေကြေး အကုန်အကျလည်း မများဘဲ လာရောက် လည်ပတ်နိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ထွန်းကျော် (ညောင်တုန်း)**

# ပွင့်ဖြူမြို့နယ်မှ ကျေးရွာသုံးသစ်တောစိုက်ခင်းဧက ၃၀ ကို ပြည်သူများထံ လွှဲပြောင်းပေးအပ်

**ပွင့်ဖြူ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝနေထိုင်မှုတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ထင်း၊ မျောတိုင်နှင့် သစ်များ အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးထားရှိသည့် ကျေးရွာသုံးသစ်တောစိုက်ခင်း ဧက ၃၀ ကို ဒေသခံပြည်သူများထံသို့ ဇန်နဝါရီ ၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာသုံးသစ်တောစိုက်ခင်းအနီး ရှင်းလင်းဆောင်၌ ကျင်းပသည့် လွှဲပြောင်းပေးအပ်ပွဲတွင် ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မော်က ကျေးရွာသုံးသစ်တောစိုက်ခင်းသည် လတ်တလော သုံးစွဲခွင့်မရှိသေးသော်လည်း သက်တမ်းငါးနှစ်ပြည့်ချိန်တွင် ထင်းအဖြစ်လည်းကောင်း၊ မျောတိုင်နှင့် သစ်လုံးတိုင်များအဖြစ်လည်းကောင်း ထုတ်ယူသုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဌာနမှ စိုက်ပျိုးထားရှိသည့် (၁/ ၂၀၁၈) ကျေးရွာသုံးသစ်တောစိုက်ခင်း ဧက ၃၀ ကို ဒေသတွင်းကျေးရွာများဖြစ်သည့် မဒဲတောင်ကျေးရွာနှင့် မဒဲမြောက်ကျေးရွာအတွက် တစ်ရွာလျှင် ၁၅ ဧကစီဖြင့် ကျေးရွာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၉၀/၈၉၀ | ကျပ် | ၈၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၉၉/၉၀၀ | ကျပ် | ၈၁၅/၉၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၇၀၀ | ကျပ် | ၆၈၅/၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၇၈၅ | ကျပ် | ၇၅၀/၈၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၇ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၃ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၁ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၉ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၄ · ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၁၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ · ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၁၇၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါသီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

**ဩစတြေးလျ-အိန္ဒိယဆက်ဆံရေး**

ဩစတြေးလျနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ မိတ်ဖက်ဖွဲ့စည်းမှုပြုလုပ်ရာမှာ အိန္ဒိယနိုင်ငံဟာ ရှေ့တန်းမှာရှိနေပါတယ်။ စီးပွားရေးအရ အရေးကြီးတဲ့ မိတ်ဖက်ဆက်ဆံရေး ပိုမိုဖြစ်ထွန်းလာလျက်ရှိသလို အိန္ဒိယသမုဒ္ဒရာ ရေလမ်းကြောင်းတွေ ပွင့်လင်းနေစေရေးနဲ့ တည်ငြိမ်အေးချမ်းမှုရှိရေးဆိုင်ရာ လုံခြုံရေးသဘောထားတွေမှာလည်း တူညီတဲ့အမြင်တွေ ရှိကြပါတယ်။ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်ရှိရေးနဲ့ ပင်လယ်ရေကြောင်း လုံခြုံမှုရှိရေးကိစ္စတွေနဲ့ ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေးမှာလည်း အကျိုးစီးပွားတူညီကြတဲ့ ဒီမိုကရေစီနိုင်ငံကြီး နှစ်နိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုတွေ အများအပြားရှိသလို ဩစတြေးလျနိုင်ငံမှာ တိုးပွားများပြားလာနေတဲ့ အိန္ဒိယနွယ်ဖွား နိုင်ငံသားများကလည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအားဖြည့်ပေးလျက်ရှိပါတယ်။

အိန္ဒိယနိုင်ငံဟာ အိန္ဒိယသမုဒ္ဒရာ နိုင်ငံတွေအကြားမှာ သိသာထင်ရှားတဲ့ ရေကြောင်းအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ဩစတြေးလျနိုင်ငံအနေနဲ့ ခံယူထားပါတယ်။ နှစ်နိုင်ငံစလုံးဟာ ရေတပ်စွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေဖို့လည်း အများအပြား ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေ ကြတာဖြစ်တဲ့အတွက် ဩစတြေးလျနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ လက်တွဲဆောင်ရွက်သွားဖို့ ဆန္ဒရှိနေပါတယ်။ နှစ်နိုင်ငံအကြား ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ကြသလို ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ၊ သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ငန်းတွေမှာလည်း ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ရှိပြီးသား အိန္ဒိယသမုဒ္ဒရာကမ်းစပ်နိုင်ငံများအဖွဲ့ (Indian Ocean Rim Association-IORA) လို အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်အသစ်များကို အိန္ဒိယနိုင်ငံအပါအဝင် ကျန်နိုင်ငံများနဲ့ လက်တွဲဖော်ဆောင်သွားမှာဖြစ်ပါတယ်။ အိန္ဒိယသမုဒ္ဒရာရဲ့ လုံခြုံရေးနဲ့တည်ငြိမ်ရေးကို ခြိမ်းခြောက်လာတဲ့ မည်သည့်ဖြစ်စဉ်ကိုမဆို ဒီလုပ်ငန်းစဉ်တွေကတစ်ဆင့် ညှိနှိုင်းတုံ့ပြန်သွားမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှဒေသ၊ အမေရိကန်ပြည်ထောင်စုတို့နဲ့ မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှု တိုးချဲ့လာတာကိုလည်း ဩစတြေးလျနိုင်ငံက ကြိုဆိုပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ အရှေ့အာရှ ထိပ်သီးအစည်းအဝေး (East Asia Summit-EAS) မှာ အိန္ဒိယနိုင်ငံနဲ့ လက်တွဲပြီး ဩစတြေးလျ၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတို့အကြား မဟာဗျူဟာမြောက် ညှိနှိုင်းဆွေးနွေးမှုတွေကို တိုးချဲ့ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**ဩစတြေးလျ-တောင်ကိုရီးယားဆက်ဆံရေး**

တောင်ကိုရီးယားနိုင်ငံဟာ ဩစတြေးလျနိုင်ငံရဲ့ စတုတ္ထမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံနဲ့ စီးပွားရေးအရ ကာလရှည်ကြာ ထိတွေ့ဆက်ဆံမှုအပေါ် အခြေခံပြီး နိုင်ငံရေး၊ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာလည်း ပူးပေါင်း



၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-ဩစတြေးလျ အထူး ထိပ်သီးအစည်းအဝေးသို့တက်ရောက်သော နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများကိုတွေ့ရစဉ်။ (ယင်းအစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်)

ဆောင်ရွက်မှုတွေ တိုးမြှင့်သွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံစလုံးဟာ ကုန်သွယ်မှုအပေါ် အခြေပြုကြတဲ့ နိုင်ငံတွေဖြစ်ကြသလို လွတ်လပ်စွာပြောဆိုခွင့်၊ ဒီမိုကရေစီစနစ်တို့ကို တန်ဖိုးထားမှုမှာလည်း တူညီကြပါတယ်။ ဒါ့အပြင် ဂျပန်၊ အမေရိကန်နိုင်ငံတို့နဲ့လက်တွဲပြီး မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်နဲ့ တာဝေးပစ်ဒုံးကျည်အစီအစဉ်တွေကို တုံ့ပြန်မယ့် လုပ်ငန်းစဉ်တွေရေးဆွဲပြီး ဒေသရဲ့လုံခြုံရေးကို ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ တာဝေးပစ်ဒုံးကျည်တွေနဲ့ အဏုမြူလက်နက်အစီအစဉ်တွေဟာ ဒေသရဲ့လုံခြုံရေးကို လတ်တလောခြိမ်းခြောက်မှု အများဆုံးပြုလုပ်နေတဲ့ အနေအထားမှာ ရှိပါတယ်။ ကိုရီးယားကျွန်းဆွယ်မှာ မတည်မငြိမ်ဖြစ်ပွားပြီး ပဋိပက္ခကြီးတစ်ခုအသွင် ဖြစ်ပွားလာမယ်ဆိုရင် ဒီပဋိပက္ခကနေ ပြင်းထန်တဲ့ စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းနဲ့ မဟာဗျူဟာမြောက် ရိုက်ခတ်မှုတွေ မလွဲမသွေ ကြုံတွေ့ခံစားကြရမှာ ဖြစ်ပါတယ်။ တကယ်လို့များ မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်ခဲ့မယ်ဆိုရင် အမေရိကန်၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့အကြား ချုပ်ဆိုထားတဲ့ အန်းဇတ်စ်မဟာမိတ်စာချုပ် (ANZUS Alliance) ပါ ကတိကဝတ်တွေနဲ့အညီ ဩစတြေးလျနိုင်ငံကလည်း ပါဝင်တုံ့ပြန်တိုက်ခိုက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြောက်ကိုရီးယားနိုင်ငံအနေနဲ့ အန္တရာယ်များလှတဲ့ အပြုအမူတွေ လုပ်ဆောင်နေခြင်းကနေ ရပ်တန့်သွားစေဖို့ ဩစတြေးလျနိုင်ငံဟာ မဟာမိတ်နိုင်ငံတွေနဲ့အတူ လက်တွဲပြီး ဖိအားတွေပိုမိုပေးသွားဖို့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံနဲ့ စီးပွားရေးအရ ထိတွေ့ဆက်ဆံမှု အများဆုံးရှိနေတဲ့အတွက် မြောက်ကိုရီးယားအပေါ် တစ်မူထူးခြားစွာ ထိန်းညှိသွားနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ တားဆီးပိတ်ဆို့မှုတွေကို အားဖြည့်ပေးသွားနိုင်ဖို့ တရုတ်နိုင်ငံရဲ့ အကူအညီဟာ များစွာလိုအပ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေ၊ တားဆီးပိတ်ဆို့မှုတွေကို ဩစတြေးလျနိုင်ငံဟာ အပြည့်အဝလိုက်နာအကောင်အထည်ဖော်လျက်ရှိပါတယ်။ အလားတူ ဩစတြေးလျနိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် သီးခြားထပ်မံချမှတ်ထားတဲ့ တားဆီးပိတ်ဆို့မှုတွေလည်း ရှိပါတယ်။ မြောက်ကိုရီးယားနိုင်ငံကနေ အဏုမြူလက်နက်တွေ၊ အဏုမြူနည်းပညာတွေ ကျန်နိုင်ငံတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေဆီကို ပျံ့နှံ့ရောက်ရှိသွားစေမှာကို တားဆီးနိုင်ဖို့အတွက် ဩစတြေးလျနိုင်ငံဟာ ကျန်မိတ်ဖက် နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ မြောက်ကိုရီးယားနိုင်ငံ အဏုမြူလက်နက်မပြန့်ပွားရေး စာချုပ် (Non-proliferation Treaty-NPT) ကနေ ၂၀၀၃ ခုနှစ်မှာ နုတ်ထွက်သွားတဲ့ ဖြစ်စဉ်ရယ်၊ ကုလသမဂ္ဂအဖွဲ့ကြီးက မြောက် ကိုရီးယားနိုင်ငံ အပေါ် ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေ၊ တားဆီးပိတ်ဆို့မှုတွေကို ချိုးဖောက်ဆောင်ရွက်မှုတွေ ဆက်လက်ရှိနေတဲ့ ဖြစ်စဉ်တွေကြောင့် တာဝေးပစ်ဒုံးကျည်အပါအဝင် အဏုမြူ လက်နက်နည်းပညာတွေ မပြန့်ပွားစေရေး နိုင်ငံတကာရဲ့ ကြိုးပမ်းမှုဟာ အဟန့်အတားတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ တစ်ကမ္ဘာလုံးမှာ ဖြန့်ကြက်တာဝန်ချထားတဲ့ စစ်သည်တွေကို တာဝေးပစ်ဒုံးကျည်နဲ့ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်လာမှုတွေကို ကာကွယ်သွားနိုင်ဖို့ အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဩစတြေးလျနိုင်ငံကိုလည်း အလားတူတိုက်ခိုက်လာနိုင်မှုဖြစ်နိုင်ခြေ ရှိလာနိုင်တာတွေကိုလည်း အမြဲဂရုပြု စောင့်ကြည့်နေမှာ ဖြစ်ပါတယ်။

**ဩစတြေးလျ-အာဆီယံဆက်ဆံရေး**

ဩစတြေးလျနိုင်ငံဟာ ၁၉၇၄ ခုနှစ်မှာ အာဆီယံအသင်းကြီးရဲ့ ပထမဦးဆုံးသော ဆွေးနွေးဖက် မိတ်ဖက်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံနဲ့ အာဆီယံအသင်းကြီးအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၆ ခုနှစ်အတွင်း ၄၆ ဒသမ ၅ ဘီလီယံ ဒေါ်လာရှိခဲ့တဲ့အတွက် ဩစတြေးလျဟာ အာဆီယံအသင်းကြီးရဲ့ သတ္တမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာလည်း အာဆီယံဒေသတွင်း ဩစတြေးလျရဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏ ၃ ဒသမ ၄ ဘီလီယံ ဒေါ်လာရှိတဲ့အတွက် ဆဋ္ဌမမြောက်အကြီးဆုံးရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံဖြစ်ပါတယ်။

*စာမျက်နှာ ၁၉ သို့*



အင်ဒို-ပစိဖိတ်မူဝါဒကို တရားဝင်စတင်သုံးစွဲခဲ့သည့် ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ် ဂျူလီယာ ဂေးလတ် ၂၀၁၂ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံခရီးစဉ်တွင် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့်တွေ့ဆုံစဉ်။

**"ဩစတြေးလျနိုင်ငံဟာ ၁၉၇၄ ခုနှစ်မှာ အာဆီယံအသင်းကြီးရဲ့ ပထမဦးဆုံးသော ဆွေးနွေးဖက် မိတ်ဖက်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံနဲ့ အာဆီယံအသင်းကြီးအကြား ကုန်သွယ်မှုပမာဏဟာ ၂၀၁၆ ခုနှစ်အတွင်း ၄၆ ဒသမ ၅ ဘီလီယံ ဒေါ်လာရှိခဲ့တဲ့အတွက် ဩစတြေးလျဟာ အာဆီယံအသင်းကြီးရဲ့ သတ္တမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်"**

*စာမျက်နှာ ၁၈ မှ*

ကမ္ဘာလှည့်ခရီးသွားကဏ္ဍမှာလည်း ၂၀၁၅ ခုနှစ်အတွင်း သြစတြေးလျနိုင်ငံသား ၄ ဒသမ ၁ သန်းဟာ အာဆီယံနိုင်ငံများကို လာရောက်လည်ပတ်ခဲ့တဲ့အတွက် အာဆီယံအသင်းကြီးအတွက် ပဉ္စမမြောက် ခရီးသွားအရင်းအမြစ်နိုင်ငံ ဖြစ်ပါတယ်။ အာဆီယံ-သြစတြေးလျ နဲ့ နယူးဇီလန်နိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (ASEAN-Australia-New Zealan Free Trade Area-AANZFTA) ကိုလည်း ၂၀၀၉ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လအတွင်း ဆစ်ဒနီမြို့မှာ အာဆီယံ- သြစတြေးလျအထူးထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ရာမှာ အာဆီယံနိုင်ငံများနဲ့ သြစတြေးလျနိုင်ငံတို့အကြား နိုင်ငံတကာအကြမ်းဖက်မှုနှိမ်နင်းရေးမှာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အာဆီယံအသင်းကြီးဟာ သြစတြေးလျနိုင်ငံရဲ့မြောက်ဘက်ဒေသမဟာဗျူဟာအတွက် မူဘောင်တစ်ခုလို့ ပြောနိုင်သလို နိုင်ငံရဲ့အနာဂတ်အတွက်လည်း အရေးကြီးတဲ့အနေအထားမှာရှိတယ်လို့ ခံယူထားပါတယ်။ အာဆီယံအသင်းကြီးရဲ့ အောင်မြင်မှုရလဒ်တွေဟာ ဒေသရဲ့ လုံခြုံရေးနဲ့ ကြွယ်ဝချမ်းသာမှုအတွက် နှစ်ပေါင်း ၅၀ တိုင်တိုင် ပါဝင်အထောက်အကူပြုခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ သြစတြေးလျနိုင်ငံနဲ့ အာဆီယံအသင်းကြီးအကြား ကုန်သွယ်မှုပမာဏဟာ သြစတြေးလျနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်တဲ့ အမေရိကန်နိုင်ငံထက်တောင် ပိုမိုများပြားခဲ့ပါတယ်။ အင်ဒို-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုတွေမှာ အာဆီယံအသင်းကြီးဟာ ဗဟိုချက်နေရာမှာ ရှိနေပါတယ်။ ဒီအချက်ကပဲ အာဆီယံအသင်းကြီးရဲ့ စည်းလုံးမှုကို စမ်းသပ်နေတာဖြစ်သလို အရှေ့အာရှထိပ်သီးအစည်းအဝေးလို မဟာဗျူဟာမြောက် ဒေသတွင်းဆွေးနွေးပွဲတွေမှာ အာဆီယံဟာ အချက်အချာနေရာကနေ ဦးဆောင်ကျင်းပနိုင်ခြင်း ဖြစ်ပါတယ်။

**ဒေသတွင်း စီးပွားရေးအရ ယှဉ်ပြိုင်မှုအပေါ် သြစတြေးလျနိုင်ငံ၏အမြင်**

အင်ဒို-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေး မျှော်မှန်းချက်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ သူတို့ကို ပေါင်းစည်းပေးနိုင်စွမ်းရှိပေမယ့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာတော့ နိုင်ငံကြီးအချို့ဟာ သူတို့ရဲ့နိုင်ငံရေးသြဇာလွှမ်းမိုးမှုရရှိရေးအတွက် မဟာဗျူဟာမြောက် လက်နက်တွေအဖြစ် အသုံးချနေကြတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင် နိုင်ငံတွေအကြား စီးပွားရေးအရ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်လာခဲ့ရင် သူတို့အကြားမှာရှိတဲ့ အားပြိုင်မှုတွေ အလိုလိုလျော့နည်းသွားတဲ့ သာကေတွေရှိခဲ့ပါတယ်။ သြစတြေးလျနိုင်ငံအတွက် စီးပွားရေးနဲ့လုံခြုံရေးကဏ္ဍတို့ဟာ နီးနီးကပ်ကပ် ပတ်သက်ဆက်နွှယ်နေတဲ့ အကျိုးစီးပွားတွေဖြစ်ပါတယ်။ သြစတြေးလျနိုင်ငံအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံတဲ့ မူဝါဒတွေနဲ့အညီ ပွင့်လင်းမြင်သာမှုရှိတဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ခြင်းကတစ်ဆင့် အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်းနိုင်ငံတွေနဲ့ စီးပွားရေးအရ ပေါင်းစည်းမှုရှိလာစေရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေ အောင်မြင်မှုရရှိစေဖို့ ဒေသတွင်း ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ၊ ပွင့်လင်းမှုရှိတဲ့ ကမ္ဘာ့စီးပွားရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေဖို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ငွေကြေးအစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သြစတြေးလျနိုင်ငံရဲ့ ရေရှည်ရည်မှန်းချက်က အင်ဒို-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ အဓိက စီးပွားရေးနိုင်ငံကြီးတွေအကြား ဆက်လက်ပေါင်းစည်းမှုတွေရှိလာခြင်းဟာ ဒေသရဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်း ဖြစ်ပါတယ်။ ဒေသတွင်း ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုတွေဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်မှုမိတ်ဖက် အစီအစဉ် (Trans-Pacific Partnership-TPP) နဲ့ ဒေသတွင်းဘက်စုံစီးပွားရေး မိတ်ဖက်အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) တွေမှာ သြစတြေးလျနိုင်ငံရဲ့ ချဉ်းကပ်ဆောင်ရွက်မှုဟာ ဒီလုပ်ငန်းစဉ်တွေရဲ့ အဓိကအချက် နိုင်ငံရဲ့ မျှော်မှန်းချက်တွေဖြစ်တဲ့ ပွင့်လင်းမြင်သာပြီး ဒေသတစ်ခုလုံး အကျိုးဝင်ရမယ်ဆိုတဲ့ အချက်တွေနဲ့ ကိုက်ညီနေစေရေး ဖြစ်ပါတယ်။

ဒေသတွင်း သြဇာလွှမ်းမိုးမှုရရှိရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းကြရာမှာ အများအားဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကတစ်ဆင့်လည်း နိုင်ငံရေးကစားကွက် ဖော်နေကြတာတွေရှိပါတယ်။ အခုဆိုရင် တရုတ်၊ အိန္ဒိယနဲ့ ဂျပန်နိုင်ငံတို့ အပါအဝင် ဒေသတွင်းနိုင်ငံအချို့ရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်တွေ အပြိုင်အဆိုင်ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါတယ်။ တကယ်ဆိုရင် ဒေသတွင်းမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ကလည်း ပမာဏကြီးမားလှပါတယ်။ သြစတြေးလျနိုင်ငံအနေနဲ့လည်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် ဒီလို ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့လူမှုရေးနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံနှုန်းစံထားတွေ မထိခိုက်မပျက်ယွင်းစေဖို့နဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ စီးပွားရေးအပေါ် မလိုလားအပ်တဲ့ ကြွေးမြီဝန်ထုပ်ဝန်ပိုးတွေ မဖြစ်စေဖို့ကိုလည်း ရှောင်ရှားရပါမယ်။ ဒီအချက်တွေအပေါ် အခြေခံပြီး သြစတြေးလျနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံချက် အပါအဝင် ဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွေမှာ ထိတွေ့ပါဝင်လျက်ရှိပါတယ်။




**၂၀၁၆-၂၀၃၀ ပြည့်နှစ်အတွင်း အာရှဒေသ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ**

အနာဂတ်ကာလမှာ ဒေသတွင်း ပြုလုပ်လာမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်တွေမှာ သြစတြေးလျနိုင်ငံရဲ့ စီးပွားရေးကုမ္ပဏီကြီးတွေဟာ သင့်တင့်လျောက်ပတ်တဲ့နေရာကနေ ပါဝင်လာစေဖို့ကိုလည်း သြစတြေးလျနိုင်ငံက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သြစတြေးလျနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းကြီးတွေဟာ အစိုးရနဲ့ တွဲဖက်ပြီး နိုင်ငံတွင်းမှာ ကားလမ်းတွေ၊ ရထားလမ်းတွေ၊ လေဆိပ်ကြီးတွေ၊ ဆေးရုံကြီးတွေနဲ့ အခြားအခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ပေါင်း ၃၀ ကျော် ဆောင်ရွက်လာခဲ့ကြတဲ့ အတွေ့အကြုံတွေလည်း အများအပြားရှိနေကြပါတယ်။ အများအားဖြင့် ဒီဇိုင်းထုတ်ပုံစံ ရေးဆွဲခြင်းနဲ့ ပမာဏကြီးမားတဲ့ စီမံကိန်းကြီးတွေကို ပေါင်းစပ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံရဲ့ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေဟာလည်း အခြေခံအဆောက်အအုံစီမံကိန်းကြီးတွေအတွက် ပုဂ္ဂလိကနဲ့အစိုးရ မိတ်ဖက်ဆောင်ရွက်ခြင်း၊ ဒေါ်လာဘီလီယံပေါင်းများစွာကုန်ကျတဲ့ မဟာစီမံကိန်းကြီးတွေအတွက် ငွေကြေးပေါင်းစပ်စုစည်းထည့်ဝင်ခြင်းစတဲ့ ဆန်းသစ်တီထွင်တဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို ရှေ့တန်းကနေ ပါဝင်ဆောင်ရွက်နေကြပါတယ်။

ဒေသတွင်းရှိ နိုင်ငံတွေအနေနဲ့ အရည်အသွေးမြင့်မားပြီး ရင်းနှီးမြှုပ်နှံဖို့ အဆင်သင့်ရှိတဲ့ စီမံချက်တွေ ဖော်ဆောင်နိုင်ဖို့ အပြင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်စိတ်ချစွာ ငွေကြေးထည့်ဝင်လာစေမယ့် မူဝါဒရေးဆွဲမှုလုပ်ငန်းစဉ် တိုးတက်လာစေဖို့ကိုလည်း အကူအညီတွေ ပေးအပ်လျက်ရှိပါတယ်။ သြစတြေးလျနိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံရဲ့အကျိုးစီးပွားနဲ့ ကိုက်ညီစေမယ့် လုပ်ငန်းစဉ်တွေ၊ လုပ်ထုံးလုပ်နည်းတွေ ရေးဆွဲနိုင်ဖို့ စေ့စပ်ညှိနှိုင်းမှုတွေမှာ အရေးပါတဲ့နေရာကနေ ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရုတ်နိုင်ငံက အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) တည်ထောင်ရာမှာ သြစတြေးလျနိုင်ငံက ပါဝင်ဆောင်ရွက်ပေးခဲ့မှုဟာ ဥပမာတစ်ခု ဖြစ်ပါတယ်။ အလားတူ သြစတြေးလျနိုင်ငံဟာ ဒေသတွင်းမိတ်ဖက်နိုင်ငံတွေနဲ့အတူ ဒေသရဲ့ လိုအပ်ချက်နဲ့ အကောင်းဆုံးကိုက်ညီမယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းနဲ့ အကောင်အထည်ဖော်ခြင်း လုပ်ငန်းတွေမှာလည်း ပါဝင်အထောက်အကူပြုပေးနေပါတယ်။ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နဲ့အတူ လက်တွဲဆောင်ရွက်ခြင်း၊ အာဆီယံအဖွဲ့ကြီးရဲ့ ပေါင်းစည်းဆက်နွှယ်ရေးဆိုင်ရာ မဟာစီမံကိန်း (ASEAN's Master Plan on Connectivity) တွေမှာ ပါဝင်ဆောင်ရွက်မှုတွေက ဒီအချက်ကို သက်သေပြနေပါတယ်။

**ညှိနှိုင်းဆောင်ရွက်ခြင်း**

သြစတြေးလျနိုင်ငံဟာ ဒေသရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုတွေမှာ အခရာ ကျတဲ့ နေရာကနေပါဝင်နေတဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS) ကို ဆက်လက်ထောက်ခံအားပေးလျက်ရှိပါတယ်။ EAS မှာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ ပါဝင်နေခြင်းဟာ ဆီလျော်မှုရှိပြီး ဆီလျော်မှုရှိတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ညှိနှိုင်းဆောင်ရွက်နေကြပါတယ်။ မကြာသေးခင် နှစ်တွေကတော့ EAS အဖွဲ့ဝင်ခေါင်းဆောင်တွေဟာ အဏုမြူပြန့်ပွားမှုတားဆီးရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ပင်လယ်ရေကြောင်း လုံခြုံမှုရှိရေးစတဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေအပေါ်မှာ ပိုမိုအလေးပေးအာရုံစိုက်လာခဲ့ကြပါတယ်။ သြစတြေးလျနိုင်ငံအနေနဲ့ ဒေသတွင်းနဲ့သက်ဆိုင်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့ စံနှုန်းစံထားတွေ ညှိနှိုင်းသတ်မှတ်မှုအပေါ် အပြုသဘော လွှမ်းမိုးမှုရှိလာနိုင်စေဖို့အတွက် EAS ကို မဟာဗျူဟာမြောက် အခန်းကဏ္ဍကနေ ပါဝင်လာနိုင်တဲ့အထိ မြှင့်တင် ပေးသွားမှာဖြစ်ပါတယ်။ EAS နဲ့ အေပက်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM Plus) တွေကနေတစ်ဆင့် သြစတြေးလျနိုင်ငံဟာ ဒေသတွင်းခေါင်းဆောင်များအကြား ပိုမိုနီးကပ်စွာထိတွေ့ဆက်ဆံသွားနိုင်ရေး အပါအဝင် ဒေသရဲ့မဟာဗျူဟာမြောက်ကိစ္စတွေ၊ နိုင်ငံရေးနဲ့ စီးပွားရေးကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးမှုရှိရေး၊ ဒေသတွင်း ကိစ္စရပ်တွေမှာ အမေရိကန်နိုင်ငံက အပြည့်အဝနဲ့ တက်တက်ကြွကြွ ပါဝင်လာရေးကို တိုက်တွန်းသွားရေး၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေ ကြီးငယ်မဟူ ဒေသအရေးကိစ္စတွေမှာ ပြောရေးဆိုခွင့်ရရှိရေး အာမခံချက်ပေးနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို တိုင်းဒေသကြီးအဆင့်မှ စီမံခန့်ခွဲနိုင်တော့မည်

**မကွေး ဇန်နဝါရီ ၇**

ဖက်ဒရယ်မူအရ ဗဟိုချုပ်ကိုင်မှုကို လျှော့ချလိုက်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ(အသစ်)ကို အတည်ပြုနိုင်ခဲ့ခြင်းကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို တိုင်းဒေသကြီးအဆင့်မှ စီမံခန့်ခွဲနိုင်တော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဥပဒေအရ ဟိုတယ်၊ မိုတယ် ဆောက်လုပ်ခွင့်နဲ့ဖွင့်လှစ်ခွင့်လိုင်စင်တွေ၊ Tour ကုမ္ပဏီတည်ထောင်တာတွေ၊ Guide စတဲ့ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်တွေ ခွင့်ပြုတာ၊ သက်တမ်းတိုးတဲ့ကိစ္စတွေကို တိုင်းဒေသကြီးအဆင့်ကပဲ ခွင့်ပြုချက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဗဟိုအစိုးရက မူဝါဒချမှတ်ဖို့နဲ့ စောင့်ကြည့်ကြပ်မတ်ဖို့ပဲ လုပ်တော့မယ်" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိန်က ပြောသည်။

**အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်း**

တိုင်းဒေသကြီးနှင့်ဗဟိုအစိုးရတို့၏ ဦးထမ်းပဲ့ထမ်းစနစ်ဖြင့်သွားမည့် ပါဝါခွဲတမ်းလုပ်ထားသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (အသစ်) ကို ပညာရှင်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီးနောက် ၂၀၁၈ စက်တင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ကြောင်း၊ နည်းဥပဒေရေးဆွဲအတည်ပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များထံ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆက်စပ်အသင်းအဖွဲ့များ၊ ညီနောင်အသင်းအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းခြင်းတို့ ပြုလုပ်နေဆဲဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့ပါမယ်။ ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ ဝန်ကြီးတစ်ဦးက ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်ခရီးဌာန တိုင်းဒေသကြီး တာဝန်ခံက အတွင်းရေးမှူး တာဝန်ယူရမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ဌာနဆိုင်ရာ ခြောက်ခုရယ်၊ ပညာရှင်တစ်ဦး၊ NGO အဖွဲ့အစည်းက သုံးဦး ပါဝင်တာက ဥပဒေအသစ်ရဲ့ထူးခြားချက်ဖြစ်ပါတယ်။ နည်းဥပဒေရေးဆွဲအတည်ပြုပြီးရင်တော့ ဖွဲ့စည်းထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ခရီးသွားလုပ်ငန်းကော်မတီတွေက လက်တွေ့အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားရေးမှူး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ပြောသည်။



**ဇေယျာတု (မကွေး)**

# KG+Grade 12 က ပညာသင်နှစ်အလိုက် ပြဋ္ဌာန်းထားမယ့် သင်ရိုးညွှန်းတမ်းစာအုပ်တွေနဲ့ ဆရာလမ်းညွှန်စာအုပ်တွေ အချိန်မီပြီးစီးဖို့ကို ဆရာကြီး ဆရာမကြီးများက နေ့စဉ်ရက်ဆက် စိစစ်တည်းဖြတ် ဆောင်ရွက်နေပါတယ်

**အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေ**

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း ကျင်းပ

**အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း အပိုင်း(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာမျိုးကြွယ်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ မောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်ဆွေ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာ ခင်မာရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

***ယမန်နေ့မှ အဆက်***

**အစီအစဉ်မှူး။** ။**အမျိုးသားပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေရေးရာ အနေအထားတွေကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

**ဒေါက်တာခင်မာရီ။** ။နိုင်ငံတစ်နိုင်ငံမှာ ပညာရေးတိုးတက်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာလည်းပဲ ရေးထားပါတယ်။ ပုဒ်မ (၂၈)မှာပဲ နိုင်ငံတော်သည် ပညာရေးနဲ့ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ရမည်ဆိုပြီး နိုင်ငံတော်ရဲ့ အခြေခံမူတစ်ရပ်အနေနဲ့ ထည့်ထားပါတယ်။ အခြေခံမူတစ်ရပ်အနေနဲ့ နိုင်ငံတော်ဟာ ပညာရေးတိုးတက်အောင်လုပ်တဲ့နေရာမှာ အဲဒီပုဒ်မ (၂၈) မှုပဲ ဆက်ရေးထားသေးတယ်။ ပြည်သူတွေပါဝင်လာဖို့အတွက် ဥပဒေတွေပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ရမယ်လို့လည်း ပါပါတယ်။ အဲဒီတော့ ကျွန်မက ရှိနေတဲ့ အနေအထားတွေကို တိုးတက်အောင်လုပ်ချင်ပါတယ်။ အသစ်အသစ် ပြောင်းလဲတာမျိုးကို ကျွန်မသိပ်ပြီးတော့ မဖြစ်ချင်ပါဘူး။

### မူဝါဒတွေနဲ့အညီ ဥပဒေလိုလာ

ဒါပေမယ့် တကယ်လက်တွေ့ ကျွန်မလေ့လာကြည့်လိုက်တဲ့ အခါမှာ၊ ဥပမာ အခြေခံပညာရေးဆိုရင် ကျွန်မတို့ ၁၀တန်းအထိ တက်ခဲ့ရတယ်။ နိုင်ငံတကာမှာက Schooling Years က ၁၂တန်း ထားကြပါတယ်။ ကျွန်မ စုံစမ်းကြည့်လိုက်တော့ အခြေခံပညာရေးက ဆရာတွေက ပြောတယ်။ သူများနိုင်ငံတွေမှာ ဒီအာဆီယံမှာတောင် Schooling Years 12 Years လုပ်တာ ကျွန်မတို့က နောက်ဆုံးပါပဲတဲ့။ ကျန်တဲ့နိုင်ငံတွေက အကုန်လုပ်ပြီးပါပြီတဲ့။ ကမ္ဘာမှာဆိုရင်လည်း တော်တော်လေး ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံနှစ်နိုင်ငံ သုံးနိုင်ငံလောက်ပဲ Schooling Years က 12 Years မဟုတ်တာပါပဲ၊ ကျန်တာက 12 Years ဆိုတော့ ဒါပြောင်းကိုပြောင်းရတော့မယ်။ ကျွန်မတို့ အနေအထားက ပြောင်းကိုပြောင်းရတော့မယ်ဆိုရင် မူဝါဒတွေနဲ့အညီ ဥပဒေလိုလာပြီ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကလည်း ပြောထားတယ်။ တကယ်လည်း စနစ်တစ်ခု ပြောင်းတယ်ဆိုရင် ဥပဒေကလိုတယ်။ ဘာလို့လဲဆိုတော့ အရင်ဆုံးကတော့ ဘယ်အလုပ်မဆို မူအရင်ချရတယ်။ အဲဒီမူဝါဒနဲ့ လိုက်လျောညီထွေပြီး မလုပ်မနေရ လုပ်ဖြစ်အောင် စနစ်တကျ တိတိကျကျလုပ်နိုင်အောင်လို့ ဥပဒေတွေ ရေးဆွဲရပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာရေးဥပဒေတွေက လိုလာတာပါ၊ လိုလာတဲ့ အခါကျတော့ ဥပဒေပညာရှင်တွေက ဆွဲကြပါတယ်။ အဲဒါကို ကျွန်မတို့ အမျိုးသားပညာရေး မူဝါဒကော်မရှင်က အဖွဲ့ဝင်လူကြီးတွေက အမြဲတမ်းပဲ လေ့လာဆန်းစစ်ပြီးတော့ လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးပါတယ်။ အဲဒီတော့ အခြေခံပညာရေးဥပဒေရော နောက် Private Education ပါ။ ခုခေတ်မှာမှ Private Education ကို ပိုပြီးတော့ အလေးထား စဉ်းစားပြီးတော့ ကျွန်မတို့က မူဝါဒတွေ ချရမယ်။ ဥပဒေတွေ ရေးဆွဲရမယ်။

### အကြံပြုချက်တွေပေးရ

ဥပဒေမူကြမ်းတွေကတော့ လွှတ်တော်တော့ ရောက်ပါပြီ။ နောက် TVET ပါ။ ဥပဒေတွေ ရေးဆွဲပြီးရင် ကျွန်မတို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်က အဖွဲ့ဝင်တွေက စဉ်းစားပေးပါတယ်။ ဒီခေတ်နဲ့ လိုက်လျောညီထွေဖြစ်ဖို့ Proficiency တိကျဖို့၊ မှန်ကန်ဖို့။ အဲဒါတွေအတွက် အလေးထား စဉ်းစားပြီးတော့ အကြံတွေ ပြုချင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနရဲ့ ဦးစီးဌာနတွေက ရေးဆွဲရတဲ့သူတွေမှာ တာဝန်ရှိတဲ့ ဒီဥပဒေတွေ ဥပမာ - IP Law (Intellectual Properties Law) အသိဉာဏ်ဆိုင်ရာ ပစ္စည်းနဲ့ဆိုင်တဲ့ အဲဒီမူပိုင်ခွင့်ဥပဒေပါ။ စာပေနဲ့ အနုပညာ မူပိုင်ခွင့် အစရှိတဲ့ ဥပဒေတွေကလည်း ပညာရေးဝန်ကြီးဌာန အောက်မှာ ရေးဆွဲနေတဲ့ ဥပဒေတွေဖြစ်တယ်။ ဒီဝန်ကြီးဌာနကနေ လွှတ်တော်ကို တင်တယ်ဆိုရင် ကျွန်မတို့ဆီကို ရောက်လာတော့ ကျွန်မတို့က စဉ်းစားပြီးတော့ အကြံပြုချက်တွေပေးရပါတယ်။ နောက် Higher Education System ကလည်း ဒီ National Education Law၊ ၂၀၁၄ Law၊ ၂၀၁၅ amending Law ရော ဒီအမျိုးသားပညာရေးဥပဒေက ပြောင်းပြီဆိုတော့ ခုနတုန်းက ရှိနေတဲ့ Higher Education Institutions တွေအတွက် လိုအပ်တဲ့ Charter လိုမျိုးတွေ၊ Charter ဆိုတာ ပဋိညာဉ်စာတမ်းလို့တော့ ဘာသာပြန်ကြတယ်။ အဲဒီတော့ တက္ကသိုလ်အလိုက် Charter မျိုးတွေ ဒါတွေကို ကျွန်မတို့ အမျိုးသားပညာရေးမူဝါဒက လူကြီးတွေက စဉ်းစားကြပါတယ်။ နောက်တခြားအလုပ်တွေလည်း အများကြီးပဲ လုပ်ကြပါတယ်။ ဟိုအသက်ကြီးပိုင်းတွေ အများစုပါတဲ့ မူဝါဒကော်မရှင်ဟာ အသက်ကြီးသော်လည်း တကယ်ကို ကြိုးစားအားထုတ်ပြီးတော့ အမြဲတမ်းလို စဉ်းစားတွေးခေါ် အကြံပြုနေကြပါတယ်။ အဲဒါလေး ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။**အမျိုးသား ပညာရေးမူဝါဒကော်မရှင်နဲ့ ကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ ကော်မတီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကိုလည်း သိချင်ပါတယ်။**

**ဒေါက်တာမျိုးကြွယ်။** ။အမျိုးသား ပညာရေး မူဝါဒကော်မရှင်အနေနဲ့ ပညာရေးမူဝါဒတွေကို လိုအပ်သလို ချမှတ်ပေးရပါတယ်။ အဲဒီလို ချမှတ်ရာမှာ သင်ရိုးညွှန်းတမ်းကိစ္စရပ်တွေနဲ့ ပညာအရည်အသွေးဆိုင်ရာ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ကော်မတီတွေရဲ့ အကြံပြုချက်ရယူပြီးတော့ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ကျင်းပပြုလုပ်တဲ့ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Consultation Meeting) တွေမှာ သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်တွေကို ဖိတ်ကြားခြင်း၊ ညှိနှိုင်းဆွေးနွေးပွဲတွေ ကျင်းပပြီး ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပညာရေးဝန်ကြီးဌာနအပါအဝင် အခြားသော ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းတွေအတွက် အကြံပြုချက်တွေ ပေးပို့ရတာ မူဝါဒတွေ ချမှတ်ပေးရာမှာလည်း ကော်မရှင်နဲ့ ကော်မတီတွေရဲ့လုပ်ငန်းတာဝန်တွေကို အခြေခံပြီး သက်ဆိုင်ရာ Stakeholder တွေရဲ့ အဖွဲ့အစည်းတွေကို အကြံပြုပေးတာတွေ စသဖြင့် ကော်မရှင်နဲ့ ကော်မတီတွေ ပူးပေါင်း ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** ။**NAQAC ရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း သိပါရစေရှင့်။**

**ဒေါက်တာမောင်မောင်ဝင့်။** ။ရှေ့ ဆောင်ရွက်ဖို့ လုပ်ငန်းတွေကတော့ ယခုလုပ်ကိုင်ဆဲ လုပ်ငန်းများကို ဆက်လက် တိုးမြှင့်လုပ်ဆောင်သွားဖို့၊ အခြေခံပညာရေးကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးကဏ္ဍများနဲ့ နည်းပညာ သက်မွေး Technical Vocational ကဏ္ဍများအတွက်လည်း လိုအပ်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားဖို့၊ အခြေခံပညာမှာ Survey စတင်ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ရဲ့အဓိက Stakeholder များဖြစ်တဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ကျောင်းများ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် Capacity Building အတွက် ကူညီပေးသည်နှင့်အမျှ မိမိတို့ NAQAC ရဲ့ စွမ်းဆောင်ရည်ကိုလည်း အစဉ်တစိုက် တိုးမြှင့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်ပြောချင်တာ တစ်ခုကတော့ NAQAC ရဲ့အဓိကရည်ရွယ်ချက်ပါ။ ဒါကတော့ နိုင်ငံတွင်းမှာရှိတဲ့ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနဲ့ ပညာရေးနယ်ပယ်များမှာ ပညာအရည်အသွေး တိုးတက်မြင့်မားလာဖို့၊ ဒီတိုးတက်လာတဲ့ ပညာအရည်အသွေးနဲ့ အဆင့်အတန်းကို တစိုက်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်ဖို့၊ မိမိတို့ ပညာအရည်အသွေးနဲ့ အဆင့်အတန်းကို မိမိတို့ အာမခံနိုင်ဖို့ ဒီလိုရည်ရွယ်ချက်နဲ့လုပ်တဲ့နေရာမှာ ကျွန်တော်တို့ NAQAC က စံချိန်စံညွှန်းတွေ သတ်မှတ်ပေးတယ်။

### ကူညီဆောင်ရွက်လျက်

လိုအပ်တဲ့ နည်းလမ်းတွေ ချမှတ်ပေးတယ်။ ဒီလို ကျွန်တော်တို့က စစ်ဆေးအကဲဖြတ်ပေးခြင်းအားဖြင့် Quality တက်လာအောင် ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက်က အရည်အသွေးပြည့်ဝတဲ့ ပညာရေးနဲ့ နိုင်ငံရဲ့ လူမှုစီးပွားတိုးတက်ဖြစ်ထွန်းရေးနဲ့ ဤမှသည် နိုင်ငံတကာအလယ်မှာ ကောင်းမွန်တဲ့ ပုံရိပ်နဲ့ ရပ်တည်နိုင်ရန် ဖော်ဆောင်ပေးဖို့ NAQAC အနေနဲ့ တာဝန်ယူ လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။**အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းတွေကိုလည်း ပြောပြပေးပါဦး။**

**ဒေါက်တာမြင့်ဆွေ။** ။အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကတော့ သင်ရိုးညွှန်းတမ်းနဲ့ဆိုင်တဲ့ ကျောင်းသုံးစာအုပ်နဲ့ ဆရာလမ်းညွှန်တွေကို အဓိက တည်းဖြတ်ပြင်ဆင်ပေးပါတယ်။ ဒ့ါအပြင် ပညာရေးဝန်ကြီးဌာနနဲ့ အမျိုးသားပညာရေး မူဝါဒကော်မရှင်ကနေ တာဝန်ပေးအပ်လာတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေ တောင်းခံလာတဲ့ သဘောထားမှတ်ချက်တွေရှိပါတယ်။ အဲဒီ NCC နဲ့ ဆိုင်တဲ့ သဘောထား မှတ်ချက်တွေက ဒုတိယ တော်တော်များများ လုပ်ပေးရပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ရဲ့ သင်ရိုးညွှန်းတမ်းအသစ်ကို ဖော်ဆောင်တဲ့အတွက်ကြောင့် သင်ရိုးညွှန်းတမ်း ဖော်ဆောင်တဲ့အခါမှာ ပြည်သူလူထုရဲ့ သဘောထားမှတ်ချက်ကို သိရှိအောင် ကျွန်တော်တို့ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက ကွင်းဆင်းပြီးတော့ တိုင်းနဲ့ ပြည်နယ် အချို့မှာ သူတို့ရဲ့သဘောထား မှတ်ချက်တွေလည်း မေးမြန်းခဲ့ပါတယ်။ ဘာသာရပ်တွေ သင်ကြားရတာ ဘာအခက်အခဲရှိသလဲ။ သင်ရိုးညွှန်းတမ်းအသစ်ပေါ်မှာ ကြိုက်နှစ်သက်မှု ရှိမရှိ စသည်ဖြင့် ဆရာ ဆရာမတွေကို မေးခွန်းတွေ မေးပါတယ်။

### စိစစ်တည်းဖြတ်ဆောင်ရွက်

ကျောင်းသားမိဘတွေကို မေးပါတယ်။ မေးပြီးတော့ ဒီသင်ရိုးညွှန်းတမ်းအပေါ်မှာကတော့ အားလုံးနှစ်သက်တဲ့ အနေအထားကို အများကြီးတွေ့ပါတယ်။ ပြောင်းလဲမှုကို သဘောကျလို့ ဖြေကြတာလို့ တွေ့ရပါတယ်။ အဲဒါတွေက ကျွန်တော်တို့ရဲ့ ကော်မတီအတွက်လည်း အထောက်အကူပြုတယ်။ ပြန်ပြီးရေးသားတဲ့ သူတွေအတွက်လည်း ဒီကမေးမြန်းတဲ့ အချက်တွေက အထောက်အကူပေးနိုင်တာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှု လုပ်ဆောင်နေတဲ့အခါမှာ တကယ်လက်တွေ့ရတဲ့ လုပ်ဆောင်ချက်တွေကို ဖြေကြားတဲ့ အချက်တွေကို ကြားသိရင် ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကို အထောက်အကူပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကွင်းဆင်းလေ့လာခြင်းတွေလည်း ဆောင်ရွက်နေပါတယ်။ အကြံဉာဏ်ပေးခဲ့တာလည်း ရှိပါတယ်။ ရှေ့ဆက်ပြီးတော့ KG+Grade 12 က ပညာသင်နှစ်အလိုက် ပြဋ္ဌာန်းထားမယ့် စာအုပ်တွေကို အချိန်မီပြီးဖို့အတွက် သင်ရိုးညွှန်းတမ်းစာအုပ်တွေနဲ့ ဆရာလမ်းညွှန်စာအုပ်တွေကို အချိန်မီ ပြီးစီးဖို့ကို ဆရာကြီး ဆရာမကြီးများက နေ့စဉ်ရက်ဆက် စိစစ်တည်းဖြတ် ဆောင်ရွက်နေပါတယ်။ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** ။**အမျိုးသားပညာရေးဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လက်ငင်းဦးစားပေး ဆောင်ရွက်နေတဲ့ အကြောင်းအရာတွေကိုလည်း အများပြည်သူသိအောင် ရှင်းပြပေးပါဦးရှင့်။**

**ဒေါက်တာခင်မာရီ။** ။အခုလက်ငင်းဆောင်ရွက်နေတာကတော့ Basic Education နဲ့ ပတ်သက်တဲ့ အခြေခံပညာရေး ဥပဒေပါ။ အခြေခံပညာရေးဥပဒေကို ခုလွှတ်တော်မှာဆွေးနွေးနေကြပါပြီ။ ကျွန်မတို့လည်း အကြံပြုပြီးပါပြီ။ အဲဒီတော့ အဲဒီ အခြေခံပညာရေးဥပဒေရယ် နောက်ပြီးတော့ TVET Law ပါ။ အဲဒီတော့ နည်းပညာ၊ သက်မွေးနဲ့ ပတ်သက်တဲ့ ဥပဒေရယ်၊ နောက် ပုဂ္ဂလိကကျောင်းတွေနဲ့ ပတ်သက်တဲ့ ဥပဒေရယ် အဲဒါတွေ အကုန်လုံးက ဒီအမျိုးသားပညာရေးဥပဒေမှာ အသိအမှတ်ပြုထားတဲ့ကျောင်းတွေ၊ ကျောင်းအမျိုးအစားတွေနဲ့ ပတ်သက်တဲ့ လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းချက်တွေ လိုအပ်တဲ့အတွက်ကြောင့် အသစ်တွေ ရေးဆွဲထားတာ ဖြစ်ပါတယ်။ အဲဒီ အသစ်တွေရေးဆွဲထားတာအတွက် တစ်ပြိုင်နက် အဆင်သင့် ဒီကျောင်းတွေမှာ adaptable ဖြစ်အောင် ဒီဥပဒေနဲ့အညီ စခန်းသွားနိုင်အောင် ကျွန်မတို့ စဉ်းစားတွေးခေါ်ပြီးတော့ အကြံတွေပြုပါတယ်။ ဒါက Law တွေပါ၊ နောက် Education Service ကို provide လုပ်နေတာက ကျွန်မတို့ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်ပါဘူး။ စိုက်ပျိုးရေးနဲ့ ဆည်မြောင်း မျိုးစုံပါ။ MNU တို့၊ Maritime University တို့ စသဖြင့် အများကြီးပဲ။ ဘုန်းကြီးကျောင်းပညာရေးလည်း ရှိတာပဲ။ အဲဒီလိုမျိုး ပညာရေးတွေအကုန်လုံးအတွက်လည်း ကျွန်မတို့ ပညာရေးမူဝါဒကော်မရှင်က Concern ဖြစ်ပါတယ်။ ရေနဲ့ဆည်မြောင်း မျိုးစုံပါ။ အဲဒီကနေ အကြံပြုချက်တွေ တောင်းလာလို့ရှိရင်လည်း ကျွန်မတို့ ပေးပါတယ်။ အခုလက်ငင်းကတော့ အဲဒီ Charter ပဋိညာဉ်စာတမ်းကို တက္ကသိုလ်အလိုက် Autonomy ပေးမယ်။ Autonomy ပေးမယ်ဆိုတာကလည်း ကျွန်မတို့ ဒါ အမျိုးသားပညာရေးဥပဒေအရ ပေါ်ပေါက်လာတဲ့ဟာပါ။ autonomy က ကျွန်မတို့ရဲ့ တိုင်းပြည်မှာ နည်းနည်းတော့ အသစ်သဘောမျိုးရှိတယ်။ Financial Autonomy တို့၊ Academic Autonomy တို့ ဒါပေမယ့် Academic Autonomy ကတော့ တော်တော်များများ ရခဲ့ပါတယ်။

> **“သူများနိုင်ငံတွေမှာ ဒီအာဆီယံမှာတောင် Schooling Years 12 Years လုပ်တာ ကျွန်မတို့က နောက်ဆုံးပါပဲတဲ့။ ကျန်တဲ့နိုင်ငံတွေက အကုန်လုပ်ပြီးပါပြီတဲ့။ ကမ္ဘာမှာဆိုရင်လည်း တော်တော်လေး ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံနှစ်နိုင်ငံ သုံးနိုင်ငံလောက်ပဲ Schooling Years က 12 Years မဟုတ်တာပါပဲ၊ ကျန်တာက 12 Years ဆိုတော့ ဒါပြောင်းကိုပြောင်းရတော့မယ်”**

*စာမျက်နှာ ၂၁ သို့*

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် အကြံပြုနိုင်းဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့နံနက်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် တိုင်းဒေသကြီးအတွင်း တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး၊ စီးပွားရေးလုပ်ငန်း လုပ်ငန်းရှင်များ တွေ့ဆုံပွဲ အခမ်းအနားကျင်းပနိုင်ရန် အကြံပြုနိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ခေတ်အဆက်ဆက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နိမ့်ကျခဲ့မှုကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် မိမိတို့အစိုးရ၏ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်ရေးအတွက် အလွန်အရေးပါသည့် တွန်းအားတစ်ခုဖြစ်၍ ကြိုဆိုကြောင်း၊ အဂတိတရားကင်းရှင်းမှသာ ပြည်သူများ ယုံကြည်လေးစားသော အစိုးရ၊ ဌာနဆိုင်ရာ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ဖြစ်လာနိုင်ကြောင်း၊ အဂတိလိုက်စားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုက်ဖျက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်း(ငြိမ်း)က အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့မှုများနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် အကြောင်းအရင်းများကို လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက အဂတိလိုက်စားမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန် လိုအပ်သည့် အချက်အလက်များကို လည်း ကောင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးတိုးဝင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက်တွင် အဂတိတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်း၍ တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ UNDP မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# နောင်ချိုမြို့နယ်၌ လက်သမားပန်းရန်သင်တန်း ဖွင့်လှစ်သင်ကြားပြီးစီး

**နောင်ချို ဇန်နဝါရီ ၇**

နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာအုပ်စုပြည်သူများအလုပ်အကိုင်အခွင့်အလမ်းအတွက် အခြေခံလက်သမား ပန်းရန်သင်တန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရုံး၌ တစ်လကြာ သင်ကြားပေးရာ ကျေးရွာအုပ်စုရှိ အမျိုးသားစုစုပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့သည်။

အဆိုပါ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသောကြောင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

# ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်း ယာသီးနှံမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်




**မန်တုံ ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် နေထိုင်သည့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝ မြင့်မားတိုးတက်လာစေရေးအတွက် အထွက်ကောင်းသည့် သီးနှံများကို ရွေးချယ်စေကာ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနက ဘိန်းအစားထိုး ယာသီးနှံမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး နမ့်ကုမ်အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်းမင်းအောင်က ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို မျိုးစေ့များနှင့်ဓာတ်မြေဩဇာများကိုလည်းကောင်း၊ ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးနိုင်ဝင်းထွန်းက လက်ဖက်ပျိုးထောင်စိုက်ပျိုးရန်၊ ပျိုးအိတ်နှင့်ပျိုးစင်ပြုလုပ်ရန် အရိပ်ကျဲ အမိုးလိပ်များအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုဒုံမြို့၌ (၈၁) ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

**မုဒုံ ဇန်နဝါရီ ၇**

မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ဗိုလ်တေဇအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဝင်း အတွင်း၌ ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက (၈၁)ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က ပေးပို့သောသဝဏ်လွှာကို ဦးစောစိန်သောင်းက ဖတ်ကြားခဲ့သည်။

(၈၁)ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးသည့်အပြင် ကရင်တိုင်းရင်းသားများက ကရင်ဒိုးယိမ်းအကများဖြင့် ဖျော်ဖြေကာ ကျောင်းသား ကျောင်းသူများကလည်း တိုင်းရင်းသားကချေ ကရင်အက၊ အလှုများဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

မွန်ပြည်နယ်တွင် ကျင်းပသော ကရင်နှစ်သစ်ကူးပွဲတော်ကို ကျေးရွာအဆင့် ၆၂ ခု၊ မြို့နယ်အဆင့် ကိုးခုနှင့် ပြည်နယ်အဆင့်တစ်ခု ကျင်းပခဲ့ကြောင်း ပြည်နယ်ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။ **မုဒုံမောင်မောင်**

# ကြက်သွန်နီအသစ် အဝင်များ၍ ဈေးနှုန်းကျ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီအသစ်များ နယ်စုံမှဝင်ရောက်မှုများပြားသဖြင့် ဈေးနှုန်းကျဆင်းမှုရှိလာသည်ဟု ရန်ကုန်ကြက်သွန်နီဈေးကွက်မှ သိရသည်။ ပွဲရုံအများစုရှေ့တွင် ကြက်သွန်နီအိတ်များ စုပုံထားရှိရောင်းချနေသည်ကို နေ့လယ်ပိုင်းအထိ ယခုရက်ပိုင်းမြင်တွေ့ရသည်။

ဇန်နဝါရီ ၂ ရက်က ကြက်သွန်နီ ပိဿာချိန် ၂၀၄၀၀၀၊ ဇန်နဝါရီ ၃ ရက်က ပိဿာချိန် ၁၅၆၀၀၀၊ ဇန်နဝါရီ ၅ ရက်က ပိဿာချိန် ၁၉၈၀၀၀ ဝင်ရောက်ခဲ့သည်။ ဇန်နဝါရီ ၅ ရက် ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူအသစ် လက်ကားတစ်ပိဿာ ငွေကျပ် ၃၀၀ - ၅၀၀ - ၇၀၀ - ၈၀၀နှုန်း၊ မြင်းခြံ ငွေကျပ် ၄၅၀ - ၇၀၀ - ၈၀၀ - ၉၀၀ နှုန်း၊ မြစ်သား ငွေကျပ် ၈၅၀ - ၁၁၅၀ - ၁၂၅၀ - ၁၁၂၅ နှုန်း၊ ပခုက္ကူ ငွေကျပ် ၄၅၀ - ၇၅၀ - ၈၅၀ - ၉၀၀ နှုန်း ရှိသည်ဟု ရေတမာလမ်း ပွင့်သစ်ထွန်း ပွဲရုံလုပ်ငန်းရှင် ဦးသန်းထွေးက ပြောသည်။ ဒီဇင်ဘာ ၂၇ ရက်က မြင်းခြံအစစ် တစ်ပိဿာ ငွေကျပ် ၄၀၀ - ၇၇၅ - ၉၀၀ - ၁၀၅၀ နှုန်း၊ မြစ်သားအသစ် ငွေကျပ် ၈၅၀ - ၁၁၅၀ - ၁၃၀၀ - ၁၄၀၀ နှုန်း၊ ပခုက္ကူအသစ် ငွေကျပ် ၇၀၀ - ၉၀၀ - ၁၀၀၀ - ၁၁၀၀ နှုန်း ရှိခဲ့ရာမှ ရက်ပိုင်းအတွင်း ဈေးကျလာခြင်း ဖြစ်သည်။

ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၈ ဒီဇင်ဘာ ၅ ရက်က ဆိပ်ဖြူ တစ်ပိဿာ ငွေကျပ် ၂၃၀၀ - ၂၉၀၀ - ၃၀၀၀ - ၃၁၀၀၊ မြင်းခြံ ငွေကျပ် ၂၇၀၀ - ၃၀၀၀ - ၃၂၀၀ - ၃၃၀၀၊ မြစ်သား ငွေကျပ် ၂၈၀၀ - ၃၃၀၀ - ၃၄၀၀ - ၃၅၀၀ နှုန်း ရှိခဲ့သည်။ ယင်းဈေးနှုန်းသည် ၂၀၁၉ ဇန်နဝါရီ ၅ ရက် ဈေးနှုန်းထက် အလုံးကြီးရှယ် အရွယ်အစား တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ဝန်းကျင် ဈေးမြင့်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ဇန်နဝါရီ ၅ ရက် ဈေးနှုန်းသည် ၂၀၁၈ ခုနှစ်အတွင်း အမြင့်ဆုံး ဈေးနှုန်းဖြစ်ခဲ့သည်ဟု နေ့စဉ် ကြက်သွန်နီဝယ်ယူ၍ နယ်သို့တင်ပို့နေသူ ကိုဖြိုးက ပြောသည်။ သို့သော် ယင်းကာလမှ သုံးလကျော်အကြာ လှောင်ကြက်သွန်ဖြစ်သော ဆောင်းစိုက်ကြက်သွန်နီဝယ်ယူချိန် နွေကာလတွင် ဈေးနှုန်းအနိမ့်သို့ ကျဆင်းခဲ့သည်။ ၂၀၁၈ ဧပြီ ၂၇ ရက်တွင် ဆိပ်ဖြူ လက်ကားတစ်ပိဿာ ငွေကျပ် ၅၂၅ - ၆၅၀ - ၆၅၀ - ၆၂၅ နှုန်း၊ မြင်းခြံ ငွေကျပ် ၄၅၀ - ၅၂၅ - ၅၂၅ - ၅၀၀ နှုန်း၊ မြစ်သား ငွေကျပ် ၆၅၀ - ၁၀၅၀ - ၁၂၅၀ - ၁၁၀၀ နှုန်းသာ ရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။

ပြည်တွင်းဈေးကွက်တွင် လှောင်လက်များဝယ်ယူချိန် ပုံမှန်ဈေးနှုန်းသာ ကြက်သွန်နီစိုက်ပျိုးသူများရောင်းချခဲ့ရသည်။ ၂၀၁၅ မှ ၂၀၁၇ အတွင်းလှောင်သမားများ ရောင်းချသည့် နှစ်ကုန်ပိုင်းလများတွင်မူ ကြက်သွန်နီတစ်ပိဿာ အလုံးကြီး ငွေကျပ် ၃၀၀၀ အထက် ရှိခဲ့သည်။ သို့သော် ၂၀၁၈ ခုနှစ် နှစ်လယ်နောက်ပိုင်း လှောင်သမားများထုတ်ရောင်းချိန်တွင် ပုံမှန်ဈေးနှုန်း တစ်ပိဿာလက်ကားဈေး ငွေကျပ် ၁၀၀၀ ဝန်းကျင်သာ ရှိခဲ့သည်။

၂၀၁၉ ဇန်နဝါရီ ၄ ရက်က လက်လီ ကြက်သွန်နီအလုံးလတ် တစ်ပိဿာ ငွေကျပ် ၁၀၀၀၊ အလုံးကြီး ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူရသည်ဟု လမ်းမတော်မြို့နယ်နေ ဈေးဝယ်သူ အိမ်ရှင်မတစ်ဦးက ပြောသည်။ **ခင်ဆိုင်**

*စာမျက်နှာ ၂၀ မှ*

ရခဲ့ပေမယ့်လည်း ဒါက Special Provision အနေနဲ့ ပါလာပြီဆိုတော့ ကျွန်မတို့ ဒါအတွက် လိုအပ်တဲ့ အနေအထားတွေ၊ လိုအပ်တဲ့ သတ်မှတ်ချက်တွေ၊ စည်းမျဉ်းတွေ၊ အကြံပြုစာတွေ၊ အကြံပြုချက်တွေ၊ သဘောထား မှတ်ချက်တွေ ဒါမျိုးတွေကို ကျွန်မတို့ အမြဲတမ်း စဉ်းစားနေရပါတယ်။ Law နဲ့ ပတ်သက်ပြီးတော့ပါ၊ အဲဒါတွေအပြင် ကျွန်မ ပြောချင်တာကတော့ ကိစ္စအများကြီးက စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေ လိုမယ်။ ဥပဒေတွေလိုမယ် စနစ်က ပြောင်းသွားတာကိုး။ စနစ်က ပြောင်းလဲတဲ့အတွက်ကြောင့် လိုအပ်လာတဲ့ ဒီဥပဒေတွေ ရေးဆွဲတာတွေကို ဒီပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်တွေရယ်၊ ကော်မတီ (၃)ရပ်က အဖွဲ့ဝင်တွေရယ် အကုန်လုံးကြိုးစားပမ်းစားဆောင်ရွက်ပြီးတော့ ဒီပညာရေးရဲ့ အဓိပ္ပာယ်ဖြစ်တဲ့ ဘက်စုံ၊ အယူအဆ၊ အတွေးအခေါ် မှန်ကန်ပြီးတော့ အကျင့်စာရိတ္တကောင်းတဲ့ နိုင်ငံတော်အတွက် အကျိုးရှိမယ့် ခေတ်မီပညာရေးစနစ် တည်ဆောက်ဖို့အတွက် ဒီလူတွေက အကုန်လုံး ဝိုင်းဝန်းပြီးတော့ ကြိုးစားအားထုတ်နေပါတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။ အမျိုးသား ပညာရေးမူဝါဒ ကော်မရှင်ရဲ့ ရှေ့ဆက် ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေကို နိဂုံးချုပ် အနေနဲ့ ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာမျိုးကြွယ်။** ။ ကျွန်တော်တို့ အမျိုးသား ပညာရေးမူဝါဒကော်မရှင် အင်္ဂလိပ်လိုကတော့ National Education Policy Commission(NEPC) က Autonomy ၊ Transfers System ၊ Promotion လိုဟာမျိုး၊ Promotion System လိုမျိုးတွေမှာ ဒါတွေကို အကြံပြုပေးတာပါ။ သုတေသနကို ဇောင်းပေးနေတဲ့ တက္ကသိုလ်တွေရှိတယ်။ ကျွန်တော်တို့ကတော့ တိုင်းပြည်အတွက် လိုအပ်ချက်ကို အကြံပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘုန်းတော်ကြီးသင် ပညာရေး vocational စသည်ဖြင့် နိုင်ငံတကာနဲ့ ပတ်သက်တဲ့ Development Partner နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ တွေ့ပြီးတော့ သူတို့ရဲ့ အကြံဉာဏ်တွေ ရယူပြီး တိုင်းပြည်အတွက် လုပ်နေပါတယ်။ ကော်မရှင်က ဆရာကြီး၊ ဆရာမကြီးတွေနဲ့ အများကြီး ဖွဲ့စည်းထားပါတယ် ။ အတွေ့အကြုံက အများကြီး ရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီတွေ တချို့က NEPC ဘာလုပ်နေလဲ၊ NCC ဘာလုပ်နေလဲ မေးကြပါတယ်။ မေးတဲ့အခါမှာ ကျွန်တော်တို့က အခုလို သတင်းစာကရော၊ Television ကရော၊ လွှတ်တော်ကရော ကျွန်တော်တို့ လုပ်ငန်းတွေကို စဉ်ဆက်မပြတ်သိအောင် ပြောသွားပါမယ်။ ကျေးဇူးတင်ပါတယ်။ ။

# အမရပူရနှင့် နေပူခံ ကိုယ်တော်ကြီး

**မောင်သာ(ရှေးဟောင်းသုတေသန)**

ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ သက်တမ်း ၁၃၃ နှစ် ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်တွင် တည်ထောင်ခဲ့သော အမရပူရသည် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများစွာ ကျန်ရှိနေသည့် ရှေးဟောင်းမြို့တော်တစ်ခုဖြစ်ကာ အမရပူရမြို့နယ်အတွင်း တည်ရှိနေသည့် တောင်သမန်အင်းနှင့် ဦးပိန်တံတားသည် မြန်မာနိုင်ငံ၏ သဘာဝအမွေအနှစ်နှင့် သမိုင်းအမွေအနှစ်အဖြစ် ကမ္ဘာအနှံ့ ထင်ရှားလျက်ရှိနေပေသည်။

အမရပူရသည် ဗဒုံမင်းလက်ထက်တွင် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်းလက်ထက်တွင် ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် ကုန်းဘောင်မင်းနေပြည်တော်အဖြစ် နှစ်ကြိမ်ဖြစ်ခဲ့သည်။

**သမိုင်းထဲမှ အမရပူရ**

ကုန်းဘောင်ဆက်ဘုရင် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် ၁၇၈၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ ရွှေတချောင်း၊ တက်သေးအင်းနှင့် အောင်ပင်လယ်ကန်တို့ ဝန်းရံနေသည့် ထီးပေါင်းကားအရပ်၌ မြို့တည်ရန် မြို့ ကျုံး၊ ရွှေနန်း၊ ရွှေဂူ၊ ကျောင်း၊ ပိဋကတ်တိုက်နှင့် ကန် ခုနစ်ဌာနကို တစ်ပြိုင်တည်း ရွှေပန္နက်၊ ငွေပန္နက် စိုက်ခဲ့သည်။ ထို့နောက် ၁၇၈၃ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် မြို့တည် ခုနစ်ဌာနကို တစ်ပြိုင်တည်း စတင်တည်ဆောက်ခဲ့သည်။ အမရပူရ တည်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို 'အင်းအိုင်ဝိုက်လည် အမရတည်'ဟု မှတ်သားခဲ့ကြသည်။

ဘိုးတော်ဘုရား ဗဒုံမင်းသည် အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်ဖြစ်ပြီး ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တူတော် စဉ့်ကူးမင်းကို စီရင်ပြီး အင်းဝထီးနန်းကို သိမ်းပိုက်၍ ကုန်းဘောင်ဆက်၏ ဆဋ္ဌမမြောက်ဘုရင် ဖြစ်လာခဲ့၍ အမရပူရမြို့ကို တည်ထောင်ခဲ့ရာ အင်္ဂလန်နိုင်ငံ တတိယမြောက်ဂျော့ဘုရင်နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သည်။

သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းက အင်းဝသည် အထက်မြန်မာပြည်၏ အကောင်းဆုံး မင်းနေပြည်တော်နေရာဖြစ်ပြီး နေပြည်တော်ကို အင်းဝမှအမရပူရသို့ ပြောင်းရွှေ့ခြင်းသည် နိုင်ငံနှင့် ပြည်သူများအား အကျပ်အတည်း အခက်အခဲများ ဖြစ်စေခဲ့ကြောင်း သုံးသပ်ခဲ့သည်။

**လက်ရှိ အမရပူရ**

အမရပူရသည် မန္တလေးမြို့မှ တောင်ဘက် ၁၁ ကီလိုမီတာ(၆ ဒသမ ၈ မိုင်)အကွာတွင် တည်ရှိပြီး ယခုအခါတွင် မြို့ပြ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မန္တလေးမြို့နှင့် တစ်ဆက်တည်း ဖြစ်လာခဲ့သည်။ မျက်မှောက်ခေတ်တွင် မန္တလေးခရိုင်အတွင်းရှိ အမရပူရမြို့နယ်ကို မြို့နှစ်မြို့(အမရပူရနှင့် မြစ်ငယ်)၊ ရပ်ကွက် ၉ ခု၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၇၀ ဖြင့် ဖွဲ့စည်းထားသည်။

လက်ရှိ အမရပူရမြို့နယ်သည် ဧရိယာ ၈၀ ဒသမ ၁၁ စတုရန်းမိုင် ကျယ်ဝန်းလျက် အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ အနောက်ဘက်တွင် တံတားဦးမြို့နယ်၊ တောင်ဘက်တွင် စဉ့်ကိုင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်၊ မြောက်ဘက်တွင် ချမ်းမြသာစည်မြို့နယ်တို့နှင့် ထိစပ်နေပေသည်။အမရပူရသည် ပဋိပတ္တိကျမ်းပြုအကျော် ဆရာတော် အရှင်ဇနကာဘိဝံသနှင့် ပရိယတ္တိအကျော် မိုးကုတ်ဆရာတော် ဦးဝိမလတို့ သီတင်းသုံးခဲ့သည့်မြို့လည်းဖြစ်သည်။



၁၈၅၅ ခုနှစ်က ရိုက်ကူးခဲ့သည့် နေပူခံကိုယ်တော်ကြီးမှတ်တမ်းဓာတ်ပုံ

၂၀၁၇ ခုနှစ် မတ်လအထိ ကောက်ယူထားသည့် စာရင်းများအရ အမရပူရမြို့နယ်အတွင်း၌ ဘုရား ၁၀ ဆူ၊ စေတီ ၁၇၁၅ ဆူနှင့် ဘုန်းကြီးကျောင်း ၂၆၉ ကျောင်းရှိရာ တောင်မင်းကြီး၊ စွယ်တော်မြတ်စေတီ၊ ရွှေကူကြီး၊ ကျောက်တော်ကြီး၊ ပုထိုးတော်ကြီး၊ ဝေရောစန ကျောက်စိမ်းစေတီ၊ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားတို့သည် အထူးထင်ရှားကြပေသည်။

အမရပူရမြို့နယ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်း အဆောက်အအုံများအနက် ဦးပိန်တံတား၊ သပြေတန်းခံတပ်၊ အမရပူရ နန်းမြို့ရိုးဟောင်း၊ ကုန်းဘောင်ခေတ် ဘုရင်သုံးပါးဖြစ်သည့် ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်းနှင့် သာယာဝတီမင်းတို့၏ အရိုးအိုးပြာသာဒ်များ၊ စန္ဒာမုနိစေတီ အုတ်တိုက်များ၊ ပုထိုးတော်ကြီး၊ ကျောက်တော်ကြီးတို့နှင့်အတူ တောင်မင်းကြီးဘုရားဝင်းအတွင်းမှ အုတ်ပြာသာဒ်နှစ်ဆောင်လည်း ပါဝင်သည်။

**တောင်မင်းကြီး**

တောင်မင်းကြီးဘုရားသည် အမရပူရမြို့မှ တောင်သမန်အင်း၊ ဦးပိန်တံတားသို့ သွားသည့်လမ်း၏ ယာဘက်တွင်ရှိကာ ဘုရားဝင်းအတွင်းသို့ဝင်သည့် စကြံလမ်း၏အဆုံးတွင် ကြီးမားသော ဗုဒ္ဓဆင်းတုတော်ကြီးကို ဖူးမြင်နိုင်ကြသည်။ ထိုဆင်းတုတော်ကြီးသည် ရှေးအခါက အမိုးအကာမရှိဘဲ လွင်တီးခေါင်တွင် သီတင်းသုံးခဲ့သဖြင့် နေပူခံကိုယ်တော်ကြီးဟု ထင်ရှားခဲ့သည့် သမိုင်းဝင် ရှေးဟောင်းဆင်းတုတော်ကြီးဖြစ်ပေသည်။

နေပူခံကိုယ်တော်ကြီးကို မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ် (ခရစ်နှစ် ၁၇၈၆ ခုနှစ်)တွင် တောင်မင်းကြီးခေါ် အသည်ဝန် မဟာမင်းလှကျော်စွာက လှူဒါန်းခဲ့သည်။ အလှူရှင်မင်းကြီးသည် ဆင်ဖြူဝန်ရာထူးကို ထမ်းဆောင်ခဲ့သဖြင့် ဆင်ဖြူဝန်ဘုရားဟုလည်း ခေါ်ခဲ့သည်။ နန်းတွင်း ပန်းချီဆရာများ ရေးဆွဲခဲ့သည့် ပုရပိုက်မြေပုံတွင် ဆင်ဖြူဝန်ဘုရားဟု အမှတ်အသားပြုသည်ဟု ဆိုသည်။ ယခုအခါတွင်မူ တောင်မင်းကြီးဘုရားဟူသည့် အမည်ဖြင့် လူသိများ ထင်ရှားလျက်ရှိသည်။

တောင်မင်းကြီးဘုရားဟု ဘွဲ့မည်တွင်သည့် နေပူခံကိုယ်တော်ကြီးသည် အမြင့် ၄၆ ပေ ၁၁ လက်မ၊ တင်ပျဉ်ခွေထားသည့် ဒူးစွန်းနှစ်ဖက်အကျယ် ၃၆ ပေ ၆ လက်မနှင့် မကိုဋ်တော်အမြင့် ၁၃ ပေ ၁ လက်မရှိသည်။ ရုပ်ပွားတော်ကြီး၏ လက်တော်ဟန်(မုဒြာ)သည် လက်ချောင်းတော်များက မြေသို့ထိထားသည့် ဘူမိဖဿမုဒြာ ဖြစ်သည်။ ခြေတော်ဟန် (အာသာန)မှာ ကမ္မဋ္ဌာန်းထိုင်သည့်ပုံစံ ဈာနာသန ဖြစ်သည်။

တောင်မင်းကြီးသည် နေပူခံကိုယ်တော်ကြီးကို တည်ထားခဲ့စဉ်က အမိုးအကာလုပ်လျှင် ခိုက်မည်၊ အန္တရာယ်ကျရောက်မည်ဟု ယုံကြည်မှုများရှိခဲ့သဖြင့် အမိုးအကာ မပြုလုပ်ခဲ့ချေ။ ရုပ်ပွားတော်ကြီး သီတင်းသုံးရန် အမိုးအကာ တစ်ကြိမ်ဆောက်လုပ်ခဲ့ဖူးသော်လည်း ပြိုကျပျက်စီးခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သည်။

သို့ရာတွင် နေပူခံကိုယ်တော်ကြီးကို အမိုးအကာအောက်တွင်ထားရှိရန်အတွက် အမရပူရမြို့ တရုတ်တန်းအရပ်မှ ဦးရင်ကလေး ကြီးမှူးလျက် ကံစမ်းထီမဲဖွင့်လှစ်ကာ အများကောင်းမှု အာရုံခံတန်ဆောင်းကြီးကို အောင်မြင်စွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ နေပူခံကိုယ်တော်ကြီးသည် အမိုးအကာအောက်တွင် သီတင်းသုံးခဲ့ပြီးနောက် မူလအမည်သည် တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ပြီး တောင်မင်းကြီးဘုရားဟု ထင်ရှားလာခဲ့သည်။ တည်ဆောက်ခဲ့သည့် ခုနှစ်မှတ်တမ်းကိုမူ မတွေ့ရှိခဲ့ပါ။

**အင်္ဂလိပ်မှတ်တမ်းထဲမှ**
**နေပူခံကိုယ်တော်ကြီး**

ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အင်္ဂလိပ်သံအဖွဲ့၏ မှတ်တမ်း (The Court of Ava in 1855)တွင် Henry Yule က နေပူခံကိုယ်တော်ကြီးကို "အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းမှ ရုပ်တုကြီးများကဲ့သို့ အမရပူရမြို့ တောင်သမန်အင်းစောင်းမှ ကြီးမားသော ရုပ်တုကြီးတစ်ဆူသည် တောင်သမန်အင်းကြီးကို ပြုံး၍ ကြည့်နေသည်"ဟု ရေးသားခဲ့သည်။

ကုန်းဘောင်မင်းဆက်၏ ၁၀ ဆက်မြောက် ဘုရင် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈)သည် အမရပူရတွင် နန်းစံနေစဉ် အိန္ဒိယဘုရင်ခံ ဒါလဟိုဇီသည် ၁၈၅၅ ခုနှစ် ဇွန်လ၌ ဆာအာသာဖယ်ရာဦးဆောင်သည့် သံအဖွဲ့ကို အမရပူရသို့ စေလွှတ်ခဲ့သည်။ သံအဖွဲ့သည် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့ ပဲခူးကို သိမ်းပိုက်အုပ်ချုပ်ထားမှုအား အထက်မြန်မာနိုင်ငံအစိုးရက လက်ခံရန် မင်းတုန်းမင်းနှင့် ညှိနှိုင်းရေးနှင့် အထက်မြန်မာနိုင်ငံ၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို ထောက်လှမ်းရန်ဟူသည့် ရည်ရွယ်ချက်နှစ်ခုဖြင့် လာခဲ့ကြသည်။

သံအဖွဲ့သည် ရန်ကုန်မှ အင်းဝသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့ကြပြီး အဖွဲ့တွင် မြန်မာပြည်အခြေအနေအရပ်ရပ်ကို မှတ်တမ်းတင်နိုင်ရန် မဒရပ်စစ်တပ်တွင် တာဝန်ကျနေသည့် အင်္ဂလိပ်လူမျိုးအရာရှိ Linnaeus Tripe နှင့် ပန်းချီဆရာ Colesworthy Grant တို့ လိုက်ပါခဲ့သည်။ အမရပူရသည် မြန်မာနိုင်ငံတွင် ဗြိတိသျှသံအဖွဲ့ ပထမဆုံးရုံးစိုက်ခဲ့သည့်မြို့ဖြစ်ပြီး ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံအဖွဲ့သည် ၁၇၉၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် သံတဲတွင် တည်းခိုခဲ့ကြသည်။

Linnaeus Tripe သည် ရန်ကုန်မှ အမရပူရသို့ လာခဲ့သည့် ခရီးစဉ်အတွင်း ဓာတ်ပုံပေါင်း ၂၀၀ ကျော် ရိုက်ကူးခဲ့ပြီး ဓာတ် ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ အမရပူရတွင် ရိုက်ကူးခဲ့သောပုံက ၅၈ ပုံ ပါဝင်ခဲ့သည်။ နေပူခံကိုယ်တော်ကြီး၏ ဓာတ်ပုံတွင် ရုပ်ပွားတော်ကြီးအား စေတီငယ်များက ဝန်းရံထားကာ ရုပ်ပွားတော်ကြီးသည် ပလ္လင်အထက် ၃၇ ပေ ခြောက်လက်မခန့် ဉာဏ်တော်ရှိကြောင်း ဖော်ပြခဲ့သည်။

**ဗဒုံမင်းနှင့် တောင်မင်းကြီး**

ဗဒုံမင်းသည် ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင် ကုန်းဘောင်ဘုရင် ဖြစ်လာခဲ့ပြီးနောက် ငယ်သူငယ်ချင်းဖြစ်သူ တောင်မင်းကြီးကို ရွှေတိုက်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။ တောင်မင်းကြီး၏သား မောင်ရွှေကန်သည် ချောမောသော လူငယ်တစ်ဦးဖြစ်ပြီး ဖခင်၏အရှိန်အဝါဖြင့် ဘုရင့်နန်းအနောက်ဆောင်မှ သမီးတော်များ၊ မိဖုရားငယ်များနှင့် ရောထွေးယှက်တင်နေကြောင်း ဗဒုံမင်းကြီးကြားသိသဖြင့် တောင်မင်းကြီးကိုခေါ်ယူကာ သားဖြစ်သူအားဆုံးမရန် သတိပေးခဲ့သည်။

တောင်မင်းကြီးသည် မိမိ၏သားကြောင့် ဆွေစဉ်မျိုးဆက် မင်းပြစ်မင်းဒဏ်သင့်ကာ ဒုက္ခရောက်မည်ကို စိုးရိမ်ခဲ့သဖြင့် သားဖြစ်သူမောင်ရွှေကန်ကို သရက်နှစ်ပင်သချိုင်းတွင် ကိုယ်တိုင်ကွပ်မျက်ခဲ့သည်ဟု ဆိုကြသည်။ တောင်မင်းကြီးက မောင်ရွှေကန်အား ကွပ်မျက်လိုက်သည်ကို ကြားသိကြသော အမရပူရ မြို့သူမြို့သားများက "တောင်မင်းကြီး မျက်မာန်၊ ရွှေကန်တဲ့လေး၊ ကိုယ့်သားကို ကိုယ်ပြန်သတ်ရတယ်၊ ဖြစ်တတ်ပေ့လေး"ဟု စာချိုးခဲ့ကြသည်။

ဗဒုံမင်းသည် တောင်မင်းကြီးက သားဖြစ်သူမောင်ရွှေကန်အား သတ်လိုက်သည့်သတင်းကို ကြားသိခဲ့ပြီးနောက် တောင်မင်းကြီးကို ခေါ်ယူ၍ "မင်းကြီး၊ ငါက သင့်သားကို ဆုံးမခိုင်းခြင်းဖြစ်သည်၊ သတ်ခိုင်းခြင်းမဟုတ်"ဟု မိန့်ကြားခဲ့သည်။ တောင်မင်းကြီးသည် မိမိသားကို သတ်ခဲ့မိသည့်စိတ်ဖြင့် စိတ်နှလုံးထိခိုက်ကာ တောင်သမန်အင်း အနောက်ဘက်တွင် ရပ်တော်မူရုပ်ပွားတော်လေးဆူ၊ သား၏ ဇာတိမြေဖြစ်သည့် အမရပူရမြို့နယ် တံခွန်တိုင်ရွာအနီး ယာတော်ကျေးရွာတွင် ဘုရားတစ်ဆူကို တည်ထားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် တောင်မင်းကြီးဘုရား ပြိုကျပျက်စီးခဲ့ပြီး ၁၂၁၂ ခုနှစ်တွင် အမရပူရ မြင်းရုံရပ်မှ လှထောင်ကြီးဦးမှုံက ပုဂံမင်း(ခရစ်နှစ် ၁၈၄၆-၁၈၅၃)ထံမှ အမိန့်ခံ၍ တောင်မင်းကြီးဘုရားကို ပြန်လည်ပြုပြင်ခဲ့ရာ မင်းတုန်းမင်းနန်းတက်သည့် ၁၂၁၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တောင်မင်းကြီးဘုရား ပြုပြင်ရန် ကမ္ပည်းစာနှင့် ရွှေခွက်အစိတ်၊ ရွှေချိန် ၂၀၀ ရရှိခဲ့သည်။

နှစ်ကာလ ရှည်ကြာလာချိန်တွင် တောင်မင်းကြီးရုပ်ပွားတော်ကြီးသည် ကိုးကွယ်၊ ထိန်းသိမ်းမည့်သူ မရှိသဖြင့် ချုံနွယ်များ ပိတ်ဖုံးလာခဲ့သည်။ သီပေါမင်း ပါတော်မူအပြီး မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် အမရပူရ သိမ်ကြီးဈေး အရှေ့ မိုက်စုရွာသစ်နေ ရွှေလုံဆရာဖူးက ချုံနွယ်များဖုံးနေသည့် တောင်မင်းကြီးဘုရားဝန်းကျင်ကို ရှင်းလင်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲကို ပထမဆုံး ကျင်းပပြုလုပ်ခဲ့သည်။ ထိုအချိန်မှစ၍ တောင်မင်းကြီးဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလတွင် ကျင်းပခဲ့သည်။

လက်ရှိအချိန်တွင် ဘုရားကြီး၏ စိန်တောင်ခံသည် ၈၅ စတုရန်းပေ ကျယ်ဝန်းလျက် ပလ္လင်အမြင့်သည် ခုနစ်တောင်(၁၀ ပေ ၆ လက်မ)၊ နှစ်ဖက်ဒူးအစွန်း ၂၁ တောင် ၂ မိုက်၊ ဓမ္မခဏ်တော် အရှေ့အနောက် ပေ ၂၀၊ ဉာဏ်တော်အတောင် ၃၀၊ သင်းကျစ်တော်အလျား ၁၂ တောင်၊ ပါးစပ်တော်အလျား ၄ တောင် ၁ ထွာရှိသည်။

ဘုရားကြီးရင်ပြင်တွင် ရေးသားထားချက်အရ ပလ္လင်သည်အမြင့် ခုနစ်တောင်၊ ပလ္လင်ရှေ့နောက် ၃၃ ပေ၊ ပလ္လင်တောင်မြောက် ၄၇ ပေ ရှိပြီး ရုပ်ပွားတော်ကြီး၏ နားတော်သည် လူတစ်ယောက် အထဲဝင်ထိုင်နိုင်အောင် ကြီးမားကျယ်ဝန်းသည်။

တစ်ချိန်က တောင်သမန်အင်းစောင်းရှိ မယ်ဇယ်ပင်တန်းများအကြားတွင် တည်ထားခဲ့သည့် နေပူခံကိုယ်တော်ကြီးသည် မြန်မာတို့၏ လက်ရာမြောက်သော ဗိသုကာပညာ တစ်စိတ်တစ်ပိုင်းကို ဖော်ညွှန်းနေသကဲ့သို့ သမိုင်းသက်သေ ရှေးဟောင်း ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ်လည်း ရပ်တည်နေပေသည်။ ။

**"အမရပူရသည် မြန်မာနိုင်ငံတွင် ဗြိတိသျှသံအဖွဲ့ ပထမဆုံး ရုံးစိုက်ခဲ့သည့်မြို့ဖြစ်ပြီး ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံအဖွဲ့သည် ၁၇၉၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် သံတဲတွင် တည်းခိုခဲ့ကြသည်။ Linnaeus Tripe သည် ရန်ကုန်မှ အမရပူရသို့လာခဲ့သည့် ခရီးစဉ်အတွင်း ဓာတ်ပုံပေါင်း ၂၀၀ ကျော် ရိုက်ကူးခဲ့ပြီး ဓာတ်ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့ရာ အမရပူရတွင် ရိုက်ကူးခဲ့သောပုံက ၅၈ ပုံ ပါဝင်ခဲ့သည်။ နေပူခံကိုယ်တော်ကြီး၏ ဓာတ်ပုံတွင် ရုပ်ပွားတော်ကြီးအား စေတီငယ်များက ဝန်းရံထားကာ ရုပ်ပွားတော်ကြီးသည် ပလ္လင်အထက် ၃၇ ပေ ၆ လက်မခန့် ဉာဏ်တော်ရှိကြောင်း ဖော်ပြခဲ့သည်"**

# ကန့်ဘလူ မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ကန့်ဘလူ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း (၁၉) ကြိမ်မြောက် ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။



ဘုရားပွဲတော်ရက်များအတွင်း မဟာရွှေစည်ကြီး စေတီတော်မြတ်ကြီးနှင့် ပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများကို ရောင်စုံမီးများ ထွန်းညှိပူဇော်မည်ဖြစ်ကာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဋ္ဌာန်းမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်းနှင့် ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကျင်းပခြင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ပဋ္ဌာန်းအောင်ပွဲကျင်းပခြင်း၊ ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိတွင် သာသနာ့ဗိမာန်တော်၌ မြို့ပေါ်ရပ်ကွက် ငါးခုမှ ဝတ်ရွတ်အသင်းများ၊ အထက(၁)၊ အထက(၂)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)တို့မှ ဝတ်ရွတ်အသင်းများက ဓမ္မစကြာနှင့် ပရိတ်ကြီး ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာရွှေစည်ကြီးစေတီတော် ပရဝဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း ၉၀၀၀၊ သစ်သီး ၉၀၀၀ ဆက်ကပ်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် စေတီတော်ရင်ပြင်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ပျော်ပွဲရွှင်ပွဲ အစီအစဉ်များအနေဖြင့်လည်း ထမနဲထိုးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပပြီး ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်များအတွင်း မိုးအလင်း ရုပ်ရှင်ပြသခြင်း၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိတွင် မန္တလေး နန်းမြို့တော် ဇာတ်အဖွဲ့က ကပြဖျော်ဖြေခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပွဲတော်ကာလအတွင်း လာရောက်ကြသော မြို့နယ်အသီးသီးမှ ပြည်သူများအား အထူးကုဆရာဝန်ကြီးများက မျက်စိရောဂါများ(အခမဲ့)စမ်းသပ်ခွဲစိတ်ကုသပေးခြင်းကိုလည်း ကန့်ဘလူခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဘုရားပွဲတော်ရက်မတိုင်မီမှ စတင် ဆောင်ရွက်ပေးမည်ဖြစ်ကာ ပွဲတော်ပြီးစီးပြီး နောက်ရက်များအထိ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဟု သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိတ္ထီလာမြို့ပေါ် ရပ်ကွက်များအတွင်းရှိ လမ်းများကို အဆင့်မြှင့်တင်သွားမည်

**မိတ္ထီလာ ဇန်နဝါရီ ၇**

မိတ္ထီလာမြို့ပေါ် ရပ်ကွက်များအတွင်းရှိ လမ်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

အဆင့်မြှင့်တင်မည့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများအနက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် လမ်းများမှာ ဈေးအရှေ့ပြင်ရပ်ကွက် စည်သူလမ်း၊ အောင်ဆန်းရပ်ကွက် ရွှေစစ်သည်လမ်း၊ ဝန်ဇင်းနယ်မြေ(၁၂) သုခကာရီလမ်းနှင့် ဝန်ဇင်းနယ်မြေ(၁၇-အေ) မင်္ဂလာဦးလမ်းတို့ဖြစ်ကာ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် လမ်းများမှာ ပြည်သာယာတောင် (၃)လမ်း၊ ဝန်ဇင်းရပ်ကွက် နယ်မြေ(၅)မှ (၆)လမ်း၊ အောင်ဇေယျာရပ်ကွက် နယ်မြေ(၁၃)ရှိ နန္ဒဝန်အစပ်မှ ချည်စက်ရပ်ကွက် သဲတောလေးနယ်မြေ(၁/၂) မဟာစည်တိုးချဲ့ရပ်ကွက်အထိနှင့် စက်မှုဇုန်(၂)လမ်းများဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပေါက်ချောင်းကွက်သစ်နှင့် တိုးချဲ့ကြား မိန်းလမ်းမကြီး ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ပြည်သာယာမြောက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းလမ်း၌ ဂန့်ဂါးခင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကာ အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ဇန်နဝါရီ ၁၈ ရက်အထိ လာရောက်လျှောက်ထားနိုင်ကြောင်း ခရိုင်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျိုင်းတုံ၌ အထူးတန်းဝင်ကော်ဖီထုတ်လုပ်မှုနည်းပညာ သင်တန်းပေး

**ကျိုင်းတုံ ဇန်နဝါရီ ၇**

အထူးတန်းဝင် ကော်ဖီထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ တိုင်းလိယဉ်ကျေးမှုခန်းမဆောင်၌ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ကော်ဖီနှင့် ရာသီသီးနှံဌာနခွဲ၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ကော်ဖီနှင့် ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များနှင့် လန်ချန်း- မဲခေါင်စီမံကိန်း စတင်အကောင်ထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်ဖီထုတ်လုပ်မှု နည်းပညာသင်တန်းသို့ တက်ရောက်လာသည့် ဒေသခံ တောင်သူများအား ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဝင်းမင်းသိန်းက ကော်ဖီမျိုးစေ့များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် တာဝန်ရှိသူများက စိုက်ပျိုးနည်းပညာပေးစာစောင်၊ စာအုပ်များနှင့် ကော်ဖီအခွံချွတ်စက်များကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကျိုင်းတုံနှင့် မိုင်းဆတ်ခရိုင်တို့မှ ကော်ဖီစိုက်ပျိုးနေကြသည့် တောင်သူ ၁၅၀ တက်ရောက်ပြီး သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ကော်ဖီနှင့် ရာသီသီးနှံ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ကော်ဖီ၊ ရော်ဘာနှင့် နှစ်ရှည် သီးနှံပင် စိုက်ပျိုးခြင်းနှင့် အထူးတန်းဝင် နည်းပညာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# အမာမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**အမာ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဘဝသစ်ကျေးရွာအုပ်စု ဘဝသစ်(၁) ကျေးရွာ မူလတန်းကျောင်း၌ အစိမ်းရောင် သဘာဝဝန်းကျင်ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာအုပ်စုတွင်းမှ ကျောင်းပေါင်းစုံ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးအစီအစဉ်များဖြစ်သည့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပြပွဲများ၊ ပန်းချီပြိုင်ပွဲနှင့် ဆုပေးပွဲများကို ဇန်နဝါရီ ၅ ရက်က တစ်နေ့လုံး ကျင်းပခဲ့ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် လူနှင့်သစ်တောဗဟိုဌာန မြန်မာနိုင်ငံအစီအစဉ်မှ ညွှန်ကြားရေးမှူး ဒီရေတောပညာရှင် ဒေါက်တာမောင်မောင်သန်းက အမှာစကား ပြောကြားပြီး အစိမ်းရောင် သဘာဝဝန်းကျင်ဖွံ့ဖြိုးရေးအသင်းမှ အသင်းသားများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ ကျေးရွာနေပြည်သူများနှင့် ကျောင်း ၁၈ ကျောင်းမှ ဆရာ ဆရာမများက 'ပလတ်စတစ်ပြဿနာ အဖြေရှာ'ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပလတ်စတစ်၏ ဆိုးကျိုးများနှင့် ဆိုးကျိုးဖြစ်ရသည့် အကြောင်းရင်းများ၊ ဘယ်လိုနည်းလမ်းတွေနှင့် ဖြေရှင်းမလဲ၊ ဖြေရှင်း ဖြေလျှော့ရမည့် နည်းလမ်းများအကြောင်း စသည်တို့ကို ဦးဆောင်သူများက ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သူများကလည်း ပလတ်စတစ်ကိစ္စသည် အဓိကပြဿနာတစ်ခုအဖြစ် ပြည်သူများသိရှိလာစေရန် အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရေး၊ ပလတ်စတစ်သုံးစွဲမှု လျှော့ချရန်နှင့် အစားထိုးပစ္စည်းများ သုံးစွဲရန်အတွက် အခြေခံကျောင်းများမှ စတင်ပညာပေးသွားရန် စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကျောင်းပေါင်းစုံမှ ကျောင်းသားလေးများအတွက် ပြပွဲနှင့် ပန်းချီပြိုင်ပွဲကို ကျင်းပပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

**ဝင်းမြင့်အောင် (ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်အတွင်းမှ မိုးစပါးရိတ်သိမ်းပြီးသည့် လယ်ကွက်များ၌ ရွှေ့ပြောင်းဘဲမွေးမြူသူများ အဆင်ပြေနေ

**ရေတာရှည် ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးရိတ်သိမ်းပြီးသော လယ်ကွက်များထဲမှ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသော လယ်ကွက်များတွင် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းဘဲမွေးမြူသူများ လာရောက်၍ ဘဲမွေးလျက်ရှိပြီး စပါးစေ့အကြွင်းအကျန်များကြောင့် ဘဲအစာအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ပဲခူးအရှေ့ဘက် သနပ်ပင်မြို့နယ်ကပါ၊ ကျွန်တော်တို့ဘက်မှာက ငါးကန်တွေများတော့ မွေးတဲ့ဘဲတွေအတွက် နေရာနဲ့ အစာအတွက် အခက်အခဲအများကြီးရှိတယ်၊ ဒီဘက်မှာကျတော့ မိုးစပါးခင်းရိတ်ပြီးသားတွေမှာ ဘာမှလည်း ထပ်မစိုက်ကြတော့ ဘဲတွေအတွက် နေရာထိုင်ခင်းကောင်းသလို အစာအတွက်လည်း စရိတ်အများကြီး သက်သာသွားတယ်၊ ဘဲအကောင်ရေ ရှစ်ထောင်ကျော် မွေးထားတာ နှစ်ထောင်ကျော်က ဥတော့မှာ၊ ကျန်တဲ့အကောင် ခြောက်ထောင်လောက်က နောက်တစ်လလောက်ဆို ဥရပြီ၊ ဒီကပြီးရင် ကျွန်တော်တို့က ရွှေဘိုဘက်ကို ထပ်ရွှေ့မှာ၊ ရလာတဲ့ဥတွေကို မရောင်းဘူး၊ ဘဲပြန်ဖောက်မှာ" ဟု ရွှေ့ပြောင်းဘဲမွေးမြူရေး လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။



ဥစားအတွက် စီးပွားဖြစ် ဘဲမွေးမြူသူများ အနေဖြင့်လည်း လက်ရှိဈေးကွက်တွင် ဥတစ်လုံးလျှင် ကျပ် ၁၈၀ မှ ၂၀၀ အထိ ရောင်းချရလျက်ရှိသဖြင့် ဈေးကွက်ကောင်းမွန်ပြီး အဆင်ပြေလျက်ရှိနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့အတူ စပါးစိုက်ပျိုးကြသည့်တောင်သူများ အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ရန်အတွက် ယခုကဲ့သို့ မိုးစပါးရိတ်သိမ်းပြီး နွေစပါးပြန်မစိုက်သည့် လယ်မြေများ၌ ဘဲမွေးမြူနိုင်လျှင် စီးပွားရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ဘဲမွေးမြူကြစေလိုကြောင်း အဆိုပါ ဘဲမွေးမြူသူကပင် အကြံပြုပြောကြားသည်။

**သန်းလွင်**

# မြန်မာ့ရိုးရာ ဓလေ့များဖြင့် အာနန္ဒာဘုရားကြီး (၉၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၄၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၈ ရက်မှ ပြာသိုလကွယ်နေ့ (ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၄ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အာနန္ဒာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောကြားသည်။

ပုဂံ-ညောင်ဦးမြို့ရှိ အာနန္ဒာဘုရားကြီးသည် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဘုရားဖြစ်ပြီး ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းနှင့် ဆယ့်နှစ်ပွဲဈေးသည်များ စုံလင်စွာ လာရောက်ရောင်းချခြင်း၊ ဒေသခံဈေးသည်များက ဒေသထွက် ယွန်းထည်ပစ္စည်းများကို ရောင်းချခြင်းတို့ဖြင့် ဈေးရောင်းဈေးဝယ် အလွန်စည်ကားသော ဘုရားပွဲတော်ဖြစ်ကာ အချိန် တစ်လကျော်ကြာအောင်ကျင်းပသည့် ပွဲတော်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ဈေးဆိုင်ခန်းပေါင်း ၁၈၅၀ ကျော် ရှိမည်ဖြစ်ကြောင်း သိရသည်။

အာနန္ဒာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ပြာသိုလဆန်း ၁၁ ရက်မှ ပြာသိုလဆုတ် ၅ ရက်နေ့အထိ သံဃာတော်များက အသံမစဲပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပြာသိုလဆန်း ၁၅ ရက်(လပြည့်နေ့) နံနက်ပိုင်းတွင် သံဃာတော်အပါး ၁၅၀၀ ကျော်တို့အား ဆွမ်း၊ သပိတ်လုံး၊ ပဒေသာပင်များဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပြာသိုလဆန်း ၁၂ ရက်မှ ၁၄ ရက်အထိ အတွင်း သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရနှင့် ဆရာတော်ကြီးများက တရားဟောကြားခြင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံမှ သိရသည်။

အာနန္ဒာ ဘုရားပွဲတော်နှင့် ဈေးပွဲတော်သည် ညောင်ဦးခရိုင်အတွင်း အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ကာ ပွဲတော်ကာလမှာ တောင်သူများ စိုက်ပျိုးသီးနှံများ ရောင်းချပြီး၍ ငွေပေါချိန်နှင့် ကြုံနေခြင်းကြောင့် ညောင်ဦးနယ်တစ်ဝိုက်မှ တောင်သူများ၊ ရောဝတီမြစ်ကမ်းဘက်မှ ကျွန်းတောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်သုံး စက်ပစ္စည်းကိရိယာများ အပါအဝင် အသုံးအဆောင်ပစ္စည်းမျိုးစုံကို ဘုရားပွဲတော်ပွဲဈေးတွင်ပင် လာရောက်ဝယ်ယူကြခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ လာရောက်ရောင်းချသည့် ပစ္စည်းအမျိုးအစား စုံလင်လှသော ဘုရားပွဲဈေးလည်းဖြစ်ကြောင်း သိရသည်။

အာနန္ဒာဘုရားပွဲတော်သည် အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်ရုံသာမက ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရားပွဲတော်များထဲတွင် ထူးထူးခြားခြား အညာကျေးလက်အငွေ့အသက်များ ကျန်ရှိနေသေးသော ဘုရားပွဲတော်လည်းဖြစ်သည်။ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများမှ ပြည်သူများအနေဖြင့် အာနန္ဒာဘုရားပွဲသို့ ပေါင်းမိုး (အမိုးအကာပါ)လှည်းများဖြင့် ရွာလုံးကျွတ်လာရောက်ကြပြီး ထမင်း ဟင်း ချက်စားရန် အိုး၊ ခွက်၊ ပန်းကန်များကိုပါ လှည်းများပေါ်တွင် သယ်ယူလာကြကာ ပွဲတော်ကျင်းပရာနေရာ၌ပင် ခုနစ်ရက်၊ ရှစ်ရက် နေကြသည်။ ထိုသို့ နေထိုင်ကြပြီးနောက် အာနန္ဒာဘုရားကြီး ဝင်းအတွင်းရှိ အရိပ်ရ မန်ကျည်းပင်ကြီးများအောက်တွင် ပေါင်းမိုးလှည်းများကို ရပ်ထားကာ ထမင်း၊ ဟင်းများ ချက်စားကြသည်။ အိမ်အစောင့်မှအပ ကျန်မိသားစုများအားလုံး အာနန္ဒာဘုရားပွဲသို့ လာရောက်လေ့ရှိကြကြောင်း သိရသည်။





ပေါင်းမိုးလှည်းများဖြင့် ဘုရားပွဲသို့လာကာ လှည်းဝိုင်းကြီးများဖြင့် စတည်းချနေထိုင်ကြသည့် အညာဒေသ၏ ဘိုးစဉ်ဘောင်ဆက် ယဉ်ကျေးမှုအမွေအနှစ်ကို အာနန္ဒာဘုရားကြီး ဂေါပကအဖွဲ့အနေဖြင့်လည်း ယနေ့အချိန်အထိ ထိန်းသိမ်းထားပြီး လှည်းများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရန် စီစဉ်ပေးထားသည်။

ဘုရားပွဲတော်သို့ ဖုန်တလုံးလုံးဖြင့် လှည်းတန်းကြီး လာရောက်သည့် မြင်ကွင်းမျိုးမှာ ယနေ့အချိန်တွင် အာနန္ဒာဘုရားပွဲတွင်သာ မြင်တွေ့ရတော့သည့် မြင်ကွင်းဖြစ်သည်။ ထို့ကြောင့် အာနန္ဒာဘုရားပွဲ နီးပြီဆိုသည်နှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များ၊ အပျော်တမ်း ဓာတ်ပုံသမားများသည် ဘုရားပွဲလာ လှည်းတန်းကြီးကို ဓာတ်ပုံရိုက်ကူးရန် ကြိုတင်လာရောက်လေ့ရှိပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ရပ်ကို ပုံစံအမျိုးမျိုးဖြင့် ရိုက်ကူးလေ့ရှိကြောင်းလည်း သိရသည်။

ယခုနှစ် အာနန္ဒာဘုရားပွဲတွင် ပြာသိုလဆန်း ၁၂ ရက်မှစ၍ ပြာသိုလပြည့်ကျော် ၁၃ ရက်အထိ ဇာတ်ပွဲများဖြင့် ကပြဖျော်ဖြေမည်ဖြစ်ကာ ဇာတ်တစ်ဖွဲ့ပြီးလျှင် နှစ်ညစီ အနားပေး၍ သန့်ရှင်းရေးဆောင်ရွက်စေပြီး ပြန်လည် ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အခြားအစီအစဉ်များအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အဆင့်မြင့်ဘော်လီဘောအသင်းများကို ဖိတ်ကြား၍ ဘော်လီဘောပြိုင်ပွဲများ ကျင်းပခြင်း၊ မြန်မာ့လက်ရွေးစင် ခြင်းအလုခတ်အားကစားသမားများအား ဖိတ်ကြားပြီး ခြင်းအလုခတ်ခြင်းများဖြင့်လည်း ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုဒေသမှ ဘုရားပွဲတော်များအနက် အစည်ကားဆုံး ဘုရားပွဲတော်တစ်ခုဖြစ်ပြီး မြန်မာ့ရိုးရာ ပေါင်းမိုးလှည်းတန်းများဖြင့် ရွာလုံးကျွတ် ဘုရားဖူးလာရောက်ကြသည့် ရိုးရာဓလေ့ကို ကြည့်ရှုခံစားရင်း အာနန္ဒာဘုရားကိုလည်း ဖူးနိုင်ရန်အတွက် ဘုရားပွဲကာလအတွင်း လာရောက်နိုင်ကြပါရန် မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်သူများအား ဖိတ်ခေါ်လိုက်ရပါသည်။ ။

**သတင်းဆောင်းပါး**
**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

---

## ချောက်မြို့နယ်မှ သီးနှံပျက်စီးမှုများအတွက် တောင်သူများအား မြေသြဇာများထောက်ပံ့

**ချောက် ဇန်နဝါရီ ၇**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လက်ပံကျွန်းကျေးရွာ၌ ၂၀၁၈ ခုနှစ်အတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် သီးနှံစိုက်ကေများအတွက် တောင်သူများအား IRM မြေသြဇာများကို မကွေးတိုင်းဒေသကြီးအစိုးရက ဇန်နဝါရီ ၇ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

လက်ပံကျွန်းကျေးရွာတွင် တောင်သူပေါင်း ၁၁၇ ဦး၏ နှမ်း ၄၂ ဧက၊ ပဲတီစိမ်း ၂၄ ဧက ပျက်စီးမှုရှိခဲ့ရာ ငါးဧကလျှင် မြေသြဇာတစ်အိတ်နှုန်းဖြင့် မြေသြဇာ ၁၃ အိတ်ကို တောင်သူများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမြင့်မြတ်သင်းတို့က ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်း သင်တန်းဖွင့်

**ညောင်လေးပင် ဇန်နဝါရီ ၇**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(VDP)ရေးဆွဲနည်း သင်တန်းကို ဇန်နဝါရီ ၇ ရက်က ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်မျိုးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများ ရှင်းလင်းခဲ့သည်။ သင်တန်းသို့ ကြာအင်းကြီး၊ နပဲပင်၊ ထော်န္တတ်၊ လေးအိမ်စုနှင့် ကွင်းဒလကြီး ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလ လေးရက်ဖြစ်ကာ သင်တန်းတွင် VDP ရေးဆွဲနည်းကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည့်အပြင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

---

## နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းတွင် ယာဉ်ငယ်တစ်စီး မီးလောင်ကျွမ်းမှုဖြစ်

**ဖြူး ဇန်နဝါရီ ၇**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ရန်ကုန်-နေပြည်တော် အမြန်လမ်းပေါ် မိုင်တိုင်အမှတ် (၁၀၉/၆)အနီး၌ ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီခန့်က ယာဉ်ငယ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ရန်ကုန်မြို့နေ ဦးမောင်မောင်သက် မောင်းနှင်ပြီး ဇနီးဖြစ်သူ လိုက်ပါလာသော IPSUM အမျိုးအစား ယာဉ်အမှတ် (3F/----)ယာဉ်ငယ်သည် အခင်းဖြစ်နေရာအရောက်တွင် ယာဉ်၏ရှေ့အင်ဂျင်ခန်း အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ဖြူး အမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူများ၊ ဖြူးအမြန်လမ်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ရှင်းလင်းငြိမ်းသတ်ပေးခဲ့သည်။ "မီးက အင်ဂျင်ခန်းက စလောင်တာ၊ အင်ဂျင်ခန်း အပူလွန်ကဲတာပါ၊ ကျွန်တော်တို့ရောက်တော့ ကားတစ်စီးလုံး လောင်နေပြီ၊ နောက်ပိုင်းလေးနည်းနည်းပဲ ကျန်တော့တယ်"ဟု မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းထွန်းက ပြောကြားသည်။

ယာဉ်ငယ်မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြူး အမြန်လမ်းရဲစခန်းက အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **သန်းလွင်**

---

## တရားမဝင်ကုန်သွယ်မှုမှဖမ်းမိသော တိရစ္ဆာန်များကို ထိန်းသိမ်းပြုစုခြင်းသင်တန်း ဗန်းမော်မြို့၌ဖွင့်လှစ်

**ဗန်းမော် ဇန်နဝါရီ ၇**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာ)တို့ ပူးပေါင်း၍ တရားမဝင်ကုန်သွယ်မှုမှ ဖမ်းဆီးရမိသော တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း သင်တန်းကို ဇန်နဝါရီ ၇ ရက်က ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ဖရန့်ရှစ်ဟိုတယ်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက သင်တန်းအကြောင်းနှင့် လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့မှ တာဝန်ခံ ဒေါက်တာကလျာက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဒေါက်တာကလျာ ဦးဆောင်သည့် သင်တန်းဆရာ ငါးဦးတို့က ဌာနဆိုင်ရာများမှ သင်တန်းသား ၃၀ အား ဖမ်းဆီးရမိသော တိရစ္ဆာန်များကို ကိုင်တွယ်ထိန်းသိမ်းနည်းများ၊ လိပ်များကိုထိန်းသိမ်းစောင့်ရှောက်ပုံ၊ မြွေနှင့် သင်းခွေချပ်များကို မျိုးစိတ်ခွဲခြားခြင်းအကြောင်းများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများအကြောင်းနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်သယ်ဆောင်လေ့ရှိသည့်နည်းလမ်းများ စသည်တို့ကို ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ဝန်ထမ်းခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဖြစ်မြောက်နိုင်စွမ်း လေ့လာမှုစီမံကိန်း၏ National Coordinator ရာထူး (၁)နေရာအတွက် အရည်အသွေးပြည့်မီပြီး စိတ်ဝင်စားသည့်သူများကို လျှောက်လွှာတင်သွင်းရန် စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့မှ ဖိတ်ခေါ်အပ်ပါသည်။ လျှောက်ထားမည့်သူများသည် ကိုယ်ရေးအချက်အလက်မှတ်တမ်း၊ မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ လုပ်ငန်းအတွေ့အကြုံဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ တင်သွင်းလျှောက်ထားရပါမည်။

**National Coordinator အနေဖြင့်**

**မဖြစ်မနေရှိရမည့် အရည်အချင်းများ-**

* မြို့ပြအင်ဂျင်နီယာဘွဲ့/ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့ ရရှိထားသူဖြစ်ရမည်။
* သက်ဆိုင်ရာနယ်ပယ်တွင် အနည်းဆုံးလုပ်သက် ၁၀ နှစ်ရှိရမည်ဖြစ်ပြီး စီမံခန့်ခွဲမှု(သို့)ညှိနှိုင်းဆောင်ရွက်မှုအတွေ့အကြုံ ၅ နှစ်ရှိရပါမည်။
* ရေအရင်းအမြစ်နှင့်ပတ်သက်ပြီး ကျွမ်းကျင်သည့် အင်ဂျင်နီယာလက်မှတ်ရရှိထားသူ/ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး EIA Consultant အဖြစ် လက်မှတ်ရရှိသူ ဖြစ်ရပါမည်။
* ရေအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် စီမံခန့်ခွဲမှု/ညှိနှိုင်းဆောင်ရွက်မှုအတွေ့အကြုံရှိရမည်။

**ထပ်ဆောင်းလိုအပ်ချက်များ**

* စီမံကိန်း၏လုပ်ငန်းခွဲ(၄)ခုတို့အား ဆက်စပ်ညှိနှိုင်းကာ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ခြင်း၊
* မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများအား ကျွမ်းကျင်ခြင်း၊
* အလားတူအခြေအနေမျိုးတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိရမည်။ မဲခေါင်ဒေသတွင်လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိပါက ပိုမိုသင့်လျော်ပါသည်။
* အင်္ဂလိပ်ဘာသာစကား ကောင်းမွန်စွာ ပြောဆို၊ ဆက်သွယ်၊ ရေးသားနိုင်ရမည်။
* စိတ်ဓာတ်မြင့်မားတက်ကြွပြီး အပြည်ပြည်ဆိုင်ရာနှင့် ယဉ်ကျေးမှုမျိုးစုံနယ်ပယ်တွင် လွယ်ကူစွာဆက်နွှယ်နိုင်ရမည်။
* အချိန်ဇယားများ၊ အလုပ်များစီမံခန့်ခွဲရာတွင် ကူညီပေးခြင်းနှင့် အခြားသူများ(သို့)အဖွဲ့များကို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြောဆိုဆက်သွယ်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း။

တာဝန်ဝတ္တရားများ ထမ်းဆောင်ချိန်မှာ Budget Proposal အရ ရက်ပေါင်း ၈၀ ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးမြှင့်သွားပါမည်။ တာဝန်ထမ်းဆောင်ရမည့်နေရာမှာ နေပြည်တော်၊ စီမံကိန်းစီမံခန့်ခွဲမှုရုံး ဖြစ်ပါသည်။

စုံစမ်းမေးမြန်းလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လျှောက်ထားလွှာ စာရွက်စာတမ်းများကို လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ အောက်ပါလိပ်စာသို့ ဇန်နဝါရီ ၂၁ ရက် ၂၀၁၉ ခုနှစ် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့**
ဦးထွန်းနိုင်ဝင်း (စီမံကိန်းဒါရိုက်တာ)
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရုံးအမှတ်(၅)၊ နေပြည်တော်၊ မြန်မာ
ဖုန်း-၀၆၇-၄၁၁၄၂၈
အီးမေးလ်- dwir5.npt@gmail.com, tunnaingwin.73@gmail.com
အောက်ပါလိပ်စာသို့ မိတ္တူပေးပို့ရန်-
yethwayaung2008@gmail.com

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးပစ္စည်း (Consumable)များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၉ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၂-၂၀၁၉ ရက်၊ ညနေ ၃ နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်-** ၀၆၇-၃၄၁၁၅၁၀၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ပိုင်းမော်မြို့နယ်၊ (၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာတွင် အဆင့်မြင့်ဈေးသစ် တည်ဆောက်နိုင်ရန်အတွက်**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ပိုင်းမော်မြို့နယ်၊ (၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာ၊ အကွက်အမှတ် ၉/ကချင်စုအရှေ့၊ ဦးပိုင်အမှတ်(၇၈/ခ)၊ မြေချိန်ဧရိယာ၊ အကျယ်အဝန်း ၂ ဒသမ ၃၆၂ ဧကပေါ်တွင် အဆင့်မြင့်ဈေးသစ် ဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဆင့်မြင့်ဈေးအား ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၂-၁-၂၀၁၉ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါပုံစံများကို ၂၈-၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ဖုန်း-၀၇၄-၂၅၂၆၀၆၂**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြစ်ကြီးနားမြို့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) အားကစားပစ္စည်းများ
(ခ) စားရိပ်သာသုံးပစ္စည်းများ
(ဂ) ဆေးခန်းသုံးပစ္စည်းများ
(ဃ) အိပ်ရာသုံးပစ္စည်းများ
(င) လုပ်ငန်းသုံးစက်ပစ္စည်းများ
(စ) ရုံးသုံးစက်ပစ္စည်းများ
(ဆ) ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁-၂၀၁၉ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၂-၂၀၁၉ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက ရုံးအမှတ်(၃၁)၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇမ္ဗူသီရိမြို့နယ်တွင် သင်တန်းကျောင်း (၁၈၅'×၉၀'၊ RC လေးထပ်၊ ယူပုံ)ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၅၀၀၀/နှုန်းဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အုပ်ချုပ်ရေးကဏ္ဍ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၉-၁-၂၀၁၉ရက်မှ ၃၁-၁-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့် နေရာ** - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်
(ဂ) တင်ဒါဖွင့်မည့်ရက် - ၁-၂-၂၀၁၉ ရက်

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးချုပ်၊ ဖုန်း-၀၆၇-၃၄၀၇၀၂၀ နှင့် ၀၆၇-၃၄၀၇၀၉၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကျောက်တန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်(၅၀)**

မယွန်းကြည်သာခင် **နှင့်** ကိုဖြိုးဝေအောင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်းနေ ကိုဖြိုးဝေအောင် (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် မယွန်းကြည်သာခင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ ၂၄ရက် (၁၃၈၀ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှဲ့လှဲ့ဌေး)
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုခမ္မာစာရီလမ်း၊ အမှတ်(B/၃၀၄) တိုက်ခန်းအား ပိုင်ရှင် ဒေါ်သန်းသန်းဝင်း ၁၂/သဃက(နိုင်)၁၁၅၉၈၂ ထံမှ ကျွန်ုပ် ဦးနန္ဒမျိုးကျော်ထင် ၈/မကန(နိုင်)၁၄၂၂၆၁က ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသော အထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဦးနန္ဒမျိုးကျော်ထင် ၈/မကန(နိုင်)၁၄၂၂၆၁**
**ဖုန်း-၀၉-၅၃၄၃၄၁၇**

## လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၉)ဖြင့် **ချစ်ညီမ ဒေါ်သော်တာဝင်း (စန်းသော်တာစိန်ရွှေရတနာ)**အား **သုဓမ္မသီရိဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗိုလ်မှူးအောင်ကျော်နှင်း-ဒေါ်မော်မော်ထွန်း**


## နိုင်ငံ၏မျိုးဆက်သစ်-လူငယ်များအတွက်

. . . အနော်ရထာမင်းကြီးတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီး-ပျက်စီးခဲ့ပုံ ။
. . . ဘုရင့်နောင်မင်းတရားကြီးတည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ကြီး-ပျက်စီးခဲ့ပုံ ။
. . . အလောင်းမင်းတရားကြီးတည်ထောင်ခဲ့သော တတိယမြန်မာနိုင်ငံတော်ကြီး-ပျက်စီးခဲ့ပုံ-စသည့် အကြောင်းအရာများအပြင်
. . . ယိုးဒယားနှင့်မြန်မာ(နှစ်-၂၀၀)ကျော်အတွင်း-စစ်ပွဲပေါင်း(၂၀)ကျော်-ဖြစ်ပွားခဲ့ပုံများကို သုံးသပ်ချက်များဖြင့် ပြုစုထားပါသည်။

“ --- ယိုးဒယား-မြန်မာ-စစ်သမိုင်း ”

ပန်းတနော်-ခင်မောင်မြင့် ပြုစုသည်။

ဇွန်ပန်းမွှေးမွှေးစာပေတိုက်မှ ထုတ်ဝေ၍-တစ်ပြည်လုံးသို့ မျိုးဆက်သစ်စာပေ(ဖုန်း-၀၉-၄၂၀၀၈၃၆၈၈) မှဖြန့်ချိသည်။
ရန်ကုန်မြို့တွင် - စာပေဗိမာန်စာအုပ်တိုက်၊ စာပေလောကစာအုပ်တိုက်၊ ရာပြည့်စာအုပ်တိုက် များတွင် ဝယ်ယူနိုင်ပါသည်။(စာအုပ်အရေအတွက်-အနည်းငယ်သာ ရိုက်နှိပ်ပါသည်။) (တန်ဖိုး - ၉၅၀၀ ကျပ်)


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

**(က) ကျေးလက် လမ်းတံတား(၁၃)ခု၊ ရုံးအဆောက်အအုံ(၄)လုံးနှင့် ကျေးလက်ရေပေးရေး လုပ်ငန်း (၅၈)ခု**
(၁) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၉-၁-၂၀၁၉ ရက်မှ ၃၁-၁-၂၀၁၉ ရက်အထိ
(၂) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်အချိန်** - ၁-၂-၂၀၁၉ ရက်၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ
(၃) **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၊ မုံရွာမြို့

**(ခ) ဖခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး**
(၁) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၉ ရက်မှ ၁၄-၂-၂၀၁၉ ရက်အထိ
(၂) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်အချိန်** - ၁၅-၂-၂၀၁၉ ရက် နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ
(၃) **အိတ်ဖွင့်တင်ဒါတင်သွင်း မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဖုန်း-၀၇၁-၂၀၃၂၇၇၄၊ ၂၀၃၂၅၃၄၊ ၂၀၃၂၅၃၁ နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၅၂၀၊ ၂၆၁၉၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီလမ်းရှိ ဟံသာဝတီအိမ်ရာ တိုက်အမှတ် A1(ရှစ်လွှာ)၊ အခန်းအမှတ် PH1၊ အကျယ်အဝန်း ၂၄၀၀ စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကိုကိုထွေး ၁၂/တမန(နိုင်)၀၅၈၄၅၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၁)**
**အမှတ် ၃၄၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(ခွဲ) ကျောင်းကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံထွန်းနှင့် ဆဋ္ဌမတန်းမှ မရတနာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/တကန(နိုင်)၁၂၀၁၀၆ ဖြစ်ပါကြောင်း။

## အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ (ဌ)ရပ်ကွက်၊ အမှတ် ၂၈၆ နေ မသက်နဒီစံ (ခ) ဝါဝါလင်း၏ အမည်မှန်မှာ မချိုး မြတ်ယမုံဖြိုး ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/5188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1085 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/4620,Toyota Vitz SCP 90 S/L(4x2)R.H.D ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမြတ်ကျော် ၇/လပတ(နိုင်)၀၀၁၅၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

# ကမ္ဘာ့မြန်မာ



ဗုဒ္ဓဂယာ နှင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီလီမိတက်

ကမ္ဘာ့မြန်မာ မှ Director ကိုဥက္ကာဦး ၏ မွေးနေ့အလှူ

ပထမဆုံး စာရင်းပေးသူအယောက် ( 50 ) သာ

( ၁၀ ) ဦးလျှင် ( ၁ ) ဦး အခမဲ့

Hot line 09967670055

( ၁၅ ) ရက်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ထွက်ခွာမည့်ရက်များ

25 JAN ,04.FEB ,11.FEB , 27.FEB 06.MAR , 27.MAR , 10.APR

~~ယခင်- 13 သိန်း~~ ( ယခု - 12 သိန်း 5သောင်း)

( ၈ ) ရက်ဟိုတယ်တည်းဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ထွက်ခွာမည့်ရက်များ

03 FEB , 19 FEB , 17 MAR

~~ယခင် 15 သိန်း~~ ( ယခု - 14 သိန်း )

ကမ္ဘာ့မြန်မာ နှင့် ဗုဒ္ဓဂယာဘုရား ဖူးသွားမည်ဆိုလျှင်

(၁) ရန်ကုန်လေဆိပ်မှစ၍ကျွမ်းကျင်သောအဖွဲ့ခေါင်းဆောင်တစ်ဦးပါရှိခြင်း။
(၂) သမိုင်းကြောင်းရှင်းလင်းပေးရန်ဆရာတော်တစ်ပါးပင့်ဆောင်ပေးခြင်း ။
(၃) အဲယားကွန်း ကားကြီးများဖြင့်သွားရောက်ခြင်း ၊ ညမောင်းမမောင်းခြင်း။
(၄) ဆေးဝါးများထားရှိပေးခြင်း နှင့်လိုအပ်ပါကဆရာဝန်များခေါ်ပေးခြင်း။
(၅) အဖိုးအဖွားများအတွက် Wheel Chair မေတ္တာဖြင့် စီစဉ်ထားရှိပေးခြင်း။
(၆) ရေသန့် အားလိုသလောက် သောက်သုံးနိုင်ရန်ပြည့်စုံစွာထားရှိပေးခြင်း ။
(၇) အိတ်များ အလေးအပင်ပစ္စည်းများသယ်ယူရန်အတွက်ဝန်ထမ်းများပါခြင်း။
(၈) အိန္ဒိယ ဖုန်းဆင်းကတ် များ ဝယ်စရာ မလို ပဲ အခမဲ့သုံးစွဲ ခွင့် ပေးခြင်း။
(၉) နယ်မှလာရောက်သူများအား တည်းခိုရန်အခမဲ့ စီစဉ်ပေးခြင်း။
(၁၀) မည်သည့် အပိုငွေမှ ကောက်ခံမှုမပြုလုပ်ခြင်း။
(၁၁) ခရီးစဉ် တွင် မြန်မာထမင်းဟင်း နှင့် ရန်ကုန် မှ သယ်ယူသွားသည့် အရံဟင်းလျာများ ဖြင့် ဧည့်ခံသည့် အပြင် ဒေသထွက် အသီးအနှံများ မုန့်များ၊အအေးများ နှင့် နွားနို့၊ ဂျင်းလက်ဖက်ရည်၊ ကော်ဖီ၊ ခါကြာမုန့်၊ ဒိန်ချဉ်၊ အိန္ဒိယမလိုင်လုံး၊ အစရှိသည်တို့ဖြင့်ကျွေးမွေးဧည့်ခံခြင်း ။

အမှတ်(၃၂)အေ၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊ (၉ ရပ်ကွက်)၊ လှိုင်မြို့နယ် ၊ရန်ကုန်မြို့။

ဖုန်း:- 01 - 50 49 12 , 09 - 9 6767 00 55 , 09 - 25 222 55 22


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2I/2247 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

ဒဂုံမြို့သစ်(တောင်ပိုင်း) အထက(၄) နဝမတန်း(A) မှ မယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးထူးဝေ ၁၂/မရက(နိုင်) ၁၃၆၄၈၈ ဖြစ်ပါကြောင်း။

**ဦးထူးဝေ**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ဖော်ပြပါ ပစ္စည်းဝယ်ယူခြင်းများကို (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

| စဉ် | ပစ္စည်း/လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီဝယ်ယူခြင်း | (30702)Gals |
| (ခ) | ဘိလပ်မြေဝယ်ယူခြင်း | (3533)Bags |
| (ဂ) | အုတ်(ပထမတန်းစား)ဝယ်ယူခြင်း | (255141)Nos |
| (ဃ) | မြေနီဝယ်ယူခြင်း | (8408)Suds |
| (င) | $95mm^2$ ACSR ဝယ်ယူခြင်း | (7435)kg |
| (စ) | 66/3.3,5 MVA Transformer ဝယ်ယူခြင်း | (1)No |
| (ဆ) | (500mm),(400mm),(300mm)Flexible Pipe ဝယ်ယူခြင်း | (93)Nos |

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၈-၁-၂၀၁၉ ရက်
**တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၁၀-၁-၂၀၁၉ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၂-၂၀၁၉ ရက် (ညနေ ၄:၃၀ နာရီ)

၃။ တင်ဒါစည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့-ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄ တို့တွင် တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဦးတင်စိန် (ခ) ဦးနီနီ အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၉)ဖြင့် (၇၁)နှစ်မြောက်လွတ်လပ်ရေးနေ့တွင်

သီဟသုဓမ္မမဏိဇောတဓရ၊ သုဓမ္မမဏိဇောတဓရ ဦးတင်စိန်(ခ)ဦးနီနီ (အောင်သစ်လွင်ကုန်စည်ပို့ဆောင်ရေး-ဘုရင့်နောင်ပွဲရုံ)အား သာသနာတော်ဆိုင်ရာ လူပုဂ္ဂိုလ်အမြင့်ဆုံးဖြစ်သည့် "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး-သုဓမ္မသီဂီဒေါ်ခင်မြင့်ရီ

သမီးကြီး-ဒေါက်တာမခြူးမျက်ချယ် (UM1)

သမီးငယ်-မပူးမျက်သွယ် (1st Year - Zoology)

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၉ ခုနှစ်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)ဖြင့်

**ရွှေသံလွင်ကုမ္ပဏီနာယကကြီး ဒေါ်သန်းစိန်(ခ)ဒေါက်တာဒေါ်နီနီ**

(ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီအမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌနာယက) အား

"မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်း

နှင့်

(သား) **ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌကြီး ဒေါက်တာဦးကျော်ဝင်း** အား

"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရသည့်အတွက်

အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်

အမျိုးဘာသာ သာသနာအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

ရွှေမင်းဝံသာသနာ့ရိပ်သာ

ဂေါပကအဖွဲ့နှင့်ပုညသီအမျိုးသမီးအဖွဲ့

တက္ကသိုလ်ဝင်တန်း ကျောင်းသား ၊ ကျောင်းသူများအတွက်

မြန်မာနိုင်ငံဓာတုသိပ္ပံအသင်းနှင့် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနမှ

ဆရာကြီး၊ ဆရာမကြီးများ ရေးသားပြုစုထားသော

၂၀၁၉ – ခုနှစ်

တက္ကသိုလ်ဝင်တန်း

**ဓာတုဗေဒဗျာနယ်**




| မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း | ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန | မာကျူရီစာပေ |
|---|---|---|
| ၀၉၇၉၅၉၀၆၀၉၉ | ၀၉၅၀၁၆၄၅၀ | ၀၁–၃၈၃၆၀၃၊ ၃၈၃၃၉၃ |
| ၀၉၅၀၂၀၁၅၈ | ၀၉၅၀၃၃၁၀၁ | ၂၅၅၆၇၆၊ ၃၇၇၅၃၅ |


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်–၁၅၈**

ဦးမျိုးဝင်း **နှင့်** ၁။ ဦးဇော်မိုး ပါ–၂

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းကျေးရွာနေ (၁) တရားပြိုင် ဦးဇော်မိုး (၂) တရားပြိုင် ဒေါ်စန်းမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဦးမျိုးဝင်းက တရားလိုပိုင်လယ်မြေအတွင်း ကျူးကျော်နေသည့် ကြက်ခြံနေအိမ်နှင့် ခြံစည်းရိုးအား ဖျက်သိမ်းဖယ်ရှားထွက်ခွာစေပြီး ကျူးကျော်နေထိုင်သည့်မြေအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (၁၃၈၀ပြည့်နှစ် ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**မြို့နယ်တရားသူကြီး**
**ပျော်ဘွယ်မြို့နယ်တရားရုံး**

## အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဦးနန္ဒာ(မိုးကုတ်မြို့) အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ရက်အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် မိုးကုတ်မြို့၊ မြို့မရပ်နေ **သုဓမ္မသီရိဒေါ်ကာလာဝတီ (ခ)ဒေါ်စန်းစန်း၏ခင်ပွန်း ဦးနန္ဒာ (မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီအဖွဲ့ ဥက္ကဋ္ဌ) (MD နန္ဒာအောင် မိုးကုတ်ဂျဲမ်စ်ကုမ္ပဏီ)**အား အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကိုထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုးဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဝမ်းမြောက် ဂုဏ်ယူအပ်ပါသည်။

**ရှီရီသီဝဆာရာဒါသသတ္တံရှိဋ်ပါဋ္ဌိ**
**(ပရဟိတ)နေပါလီဂေါ်ရခါးဘုရားကျောင်း ဂေါပကအဖွဲ့**
**သက်ရှည်မြိုင်(လော်ခူး)နောင်ချိုမြို့**

## အမည်မှန်

ဘားအံမြို့၊ အမှတ်(၂) အထက (ခွဲ) အင္ဂမတန်း(A)မှ စောဖညာ(ဘ) ဦးအငြိမ်း၏ အမည်မှန်မှာ စောစိန်လင်း ဖြစ်ပါကြောင်း။

**စောစိန်လင်း**

## ရွှေတောင်ပိုင်းသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၂၀၁၇–၂၀၁၈ခုနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်ကြားခြင်း

ရွှေတောင်ပိုင်းသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၇–၂၀၁၈ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှယ်ယာဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** – ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** – မွန်းလွဲ ၁ နာရီ
**ကျင်းပမည့်နေရာ** – ကျောက်စိမ်းခန်းမ၊ ကျန့်တိတ်တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း ကုန်သည်လမ်း၊ အလယ်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့

**ဒါရိုက်တာအဖွဲ့**

## ဂုဏ်ယူဝမ်းမြောက်လွှာ

**အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ဥက္ကဋ္ဌ Super One Holding Co.,Ltd ၏ ဥက္ကဋ္ဌ & CFO ဒေါ်စန်းစန်းရီ**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထံမှ သာသနာတော်ဆိုင်ရာ **သုဓမ္မသီရိဘွဲ့**တံဆိပ်အပ်နှင်းခြင်းအား လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးထွန်းထွန်း–ဒေါ်မိမိစန်း**
**(Tun toys မိသားစု)**
**ဦးအောင်ကြည်ဦး–ဒေါ်လင်းလင်းအေး**
**(ပြည့်ဝဘောဘီ မိသားစု)**


**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763



**ဆရာဒွေး** နှင့် သမီး–ဆရာမ ဒွေးစန္ဒာလွင်
သား–ဆရာ ဒွေးသူရိန်ဝင်း
**အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဇန်နဝါရီလ(၆/၇/၁၀)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု**
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


## ROSE HILL HOSPITAL

**အမှတ် (၂၀) A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ PH-558401/552547**

| | | |
|---|---|---|
| (1) | Senior Medical Officer (M.B.,B.S) ဘွဲ့ရ လုပ်သက်သုံးနှစ်ရှိသူ | (၂) ဦး |
| (2) | Medical Officer (M.B.,B.S) ဘွဲ့ရ | (၃) ဦး |
| (3) | Ass Medical Officer (M.B.,B.S) ဘွဲ့ရ | (၃) ဦး |
| (4) | Sister လုပ်ငန်းအတွေ့အကြုံရှိသူ | (၁) ဦး |
| (5) | Trained Nurse (Diploma Nuring/BNSc) ဘွဲ့ရ | (၂) ဦး |
| (6) | Pharmacy incharge (B-Pharm) ဘွဲ့ရ | (၂)ဦး |
| (7) | သန့်ရှင်းရေး | (၁)ဦး |

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသော ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ (နံနက် ၁၀နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## ထော်ဝင်စကားပြူကုမ္ပဏီလီမိတက်

လိပ်စာ အမှတ်(၃၁)၊ စကားဖြူခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဆက်သွယ်ရန်ဖုန်း – 01 – 539980, 2305599, 500555

ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်။)

**(၁) အတွင်းရေးမှူး** ကျား/မ(၁)ဦး

- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- ကွန်ပြူတာအခြေခံအသုံးပြုနိုင်သူဖြစ်ရမည်။ အင်္ဂလိပ်စာ(အရေး၊ အဖတ်၊ အပြော) အခြေခံတတ်ကျွမ်းရမည်။
- လိုအပ်ပါကအချိန်ပိုဆင်းနိုင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားပြီး ရေရှည်လက်တွဲ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ လစာ ညှိနှိုင်းပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါ လိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်၊ ကျောင်းတက်လမ်း၊ အမှတ် ၀၁၉၇ရှိ အဠနအားမာန်ကုမ္ပဏီလီမိတက်သည် ၂၈-၁၂-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရှယ်ယာရှင်အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မူလအစုရှယ်ယာ ၅၀၀၀စုမှ ၁၀၀၀စုသို့လျှော့ချရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၁ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်ရွှေမောင်**
**မန်နေဂျင်းဒါရိုက်တာ၊ အဠနအားမာန်ကုမ္ပဏီလီမိတက်၊ ဖုန်း–၀၉–၄၅၄၂၉၈၃၈၅**

## အမည်ပြောင်း

ကျွန်တော် ဦးမင်းအောင် ၉/ညဥန(နိုင်)၁၁၇၂၀၀၏သမီးမသီရိမင်းသန့်အား ယနေ့မှစ၍ မပြည့်မှူးအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပြည့်မှူးအိမ်**

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ အမှတ် ၃၅၊ ရုံးကြီးလမ်းရှိ လင်းခန့်သော်ကုမ္ပဏီလီမိတက်သည် ၂၅-၁၂-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရှယ်ယာရှင်အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မူလအစုရှယ်ယာ ၄၀၀စုမှ ၁၀၀စုသို့ လျှော့ချရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၁ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းမြင့်**
**မန်နေဂျင်းဒါရိုက်တာ၊ လင်းခန့်သော်ကုမ္ပဏီလီမိတက်၊ ဖုန်း–၀၉–၄၅၈၂၉၀၆၀၂**

## သက်ဆိုင်သူများနှင့်အများသိစေရန်ကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်၊ ကျောင်းတက်လမ်းအမှတ် ၀၀၈၀ရှိ လေးမျိုးသဇင်ကုမ္ပဏီလီမိတက်သည် ၂၀-၁၂-၂၀၁၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရှယ်ယာရှင်အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ မူလအစုရှယ်ယာ ၄၀၀စုမှ ၁၀၀စုသို့ လျှော့ချရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၂၁ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းတင်**
**မန်နေဂျင်းဒါရိုက်တာ၊ လေးမျိုးသဇင်ကုမ္ပဏီလီမိတက်၊ ဖုန်း–၀၉–၄၀၁၇၇၃၀၄၀**

**မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ် မစိုးရိမ်တိုက်သစ်စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း တစ်သောင်းစီမံကိန်း စတင်အကောင်အထည်ဖော်လျက်ရှိပါသည်။**

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅ (4-3)
(၂) ဦးလှအောင် (ဂေါပက) ဖုန်း-၀၉-၂၀၀၃၂၂၉
(၃) ဦးမြဇော် (ဂေါပက) ဖုန်း-၀၉-၂၀၀၇၃၆၄
(၄) ဦးသိန်းငွေအောင် (ဂေါပက) ဖုန်း-၀၉-၂၀၀၉၇၉၀
(၅) ဦးကင်းဝန်(ဂေါပက) ဖုန်း-၀၉-၅၃၀၂၁၃၇
(၆) ဦးကျော်ဇေယျ (ဂေါပက) ဖုန်း-၀၉-၂၀၀၃၈၅၅

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

**ဒီဇင်ဘာလအလှူရှင်စာရင်း**

| | | |
|---|---|---|
| ၁ | ဦးရွှေသိန်း-ဒေါ်စိန်ကြည်ခင် စိန်ကြက်သွန်ကြော် မိသားစု၊ ဦးတင်အောင်ဆန်း-ဒေါ်ရွှေကြည် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးနှင့် ဝန်ထမ်းများ ချောက်မြို့ | 1435000 |
| ၂ | ဦးမောင်ကို-သီရိသုဓမ္မသီဂီဒေါ်ရွှေဉ ထာဝရကုမ္ပဏီနှင့် ရွှေဉသြရွှေဆိုင် မိသားစု မန္တလေးမြို့ | 1000000 |
| ၃ | ကွယ်လွန်သူ ဖခင်ကြီး ဦးဟန်နွယ်နှင့် ဦးတင်လှိုင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ဧယျာပါသာဒိကာ(ဒေါ်မြတ်ပိုး)နှင့် ဒေါ်ကျင်ထွေးတို့ကို အမှူးထား၍ ဒေါက်တာပွင့်ဦး၊ ဒေါက်တာဥမ္မာလှိုင်၊ သား မောင်တင်ထူးအံ့၊ သမီး မယွန်းမြတ်သရဖီ မိသားစု သီတဂူဗွီးရှင်းဆေးခန်း မော်လမြိုင်မြို့ | 1000000 |
| ၄ | ဒေါက်တာဝင်းဝင်းမော် (၄၁)နှစ်ပြည့်မွေးနေ့အလှူ နေနတ်သားဆေးတိုက် ပခုက္ကူမြို့ | 500000 |
| ၅ | ကိုနေလင်း-မမိုးမိုးသင်း၊ သား မောင်ရဲလင်းခန့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဝမ်းတွင်းမြို့ | 500000 |
| ၆ | ဦးတင်စိုး-ဒေါ်လှလှမြင့် ဆင်ပျံပရဆေး မိသားစု၊ အမှတ် ၁၇၅၊ ထိပ်တန်းဈေးလမ်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၇ | စစ်သူနာပြုအပတ်စဉ် (၆)မှ အရာရှိများ | 300000 |
| ၈ | ဦးထွန်းခင်၊ ဒေါ်ခင်အန်၊ ဒေါ်စွမ်ကြို့တို့အားရည်စူး၍ သမီး ဒေါ်ခင်ဝင်းမြင့် မိသားစု လောပိတလမ်း ၃၄ရပ်ကွက် မြောက်ဒဂုံမြို့နယ် ရန်ကုန်မြို့ | 300000 |
| ၉ | အနန္တောအနန္တ ငါးပါးဦးထိပ်ထားလျက် နှစ်ဖက်ဘိုးဘွား မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးညွန့်ကြည်တို့အားရည်စူး၍ ဒေါ်အေးအေးမြင့် သားသမီးမြေးတစ်စု | 300000 |
| ၁၀ | ဆရာတော် ဦးဇောတိက (မစိုးရိမ်တိုက်သစ်ကျောင်းသားဟောင်း)နှင့် ဒါယကာ ဒါယိကာမများ ဇေတဝန်ကျော်အောင်စံထား စာသင်တိုက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၁ | ဒေါ်သန်းညိုအား ရည်စူး၍ ဦးကျော်ငွေ မိသားစု တန့်ကြည်ရွာ ပခုက္ကူမြို့နယ် | 150000 |
| ၁၂ | ဖခင်ကြီး ဦးဘ-မိခင်ကြီး ဒေါ်စု၊ အစ်ကို ဦးတင်မောင်၊ ညီမ ဒေါ်စိန်စိန်၊ ဒေါ်တင်ညွန့်ညွန့်၊ ဒေါ်တင်အုံးတို့အား ရည်စူး၍ ဆရာမ ဒေါ်ရီရီမိသားစု အမှတ် (၆၄)၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 120000 |
| ၁၃ | ကွယ်လွန်သူ ဖခင်ဦးချစ်ပို-မိခင် ဒေါ်ညိုစိမ့်တို့အားရည်စူး၍ သားသမီးမိသားစု (၁)ရပ်ကွက်၊ ကျောက်မဲမြို့ | 100000 |
| ၁၄ | ကွယ်လွန်သူ ဖခင်ကြီးဦးချစ်စိန်-မိခင်ကြီးဒေါ်အေးသန်းတို့အား ရည်စူး၍ ဆရာမဒေါ်အေးအေးငွေ ထူးချွန်ဘော်ဒါ ကျောက်မဲမြို့ | 100000 |
| ၁၅ | ဆရာမဒေါ်လှလှသင်း၊ ဆရာမဒေါ်ထွေး ကျောက်မဲမြို့ | 100000 |
| ၁၆ | ဆရာမဒေါ်ခင်မာအေး၊ ဆရာကြီးဦးမောင်မောင်အေး မောင်နှမတစ်စု နမ့်တုံရပ် ကျောက်မဲမြို့ | 100000 |
| ၁၇ | ဦးစက်အေး မိသားစု နမ်တုံရပ် ကျောက်မဲမြို့ | 100000 |
| ၁၈ | ဦးငွေမောင်-ဒေါ်ဝင်းနီညွန့်(ခ)ဒေါ်ဝိုက် မိသားစု အောင်ဇေယျာရပ်၊ အမှတ် (၅)နယ်မြေ၊ မိတ္ထီလာမြို့ | 100000 |
| ၁၉ | ဒေါ်တင်တင် ကြံတိုင်းအောင်တူရိယာ မိသားစု (၄၁)လမ်း၊ မန္တလေးမြို့ | 100000 |
| ၂၀ | ဒေါ်ကောမလညာဏီ ကျွဲဆည်ကန်မိုးကုတ်ရိပ်သာ မန္တလေးမြို့ | 100000 |
| ၂၁ | ဒေါ်နန်းခင်နှင်းကြည် နှင်းလင်းမိသားစု မန္တလေးမြို့ | 100000 |
| ၂၂ | ဒေါ်နန်းညွန့်ညွန့်မေ မူဆယ်မြို့ | 100000 |
| ၂၃ | ဒေါ်ခင်သန်းငွေ (ခင်-တိုင်းရင်းမေ) ကွယ်လွန်ခြင်း (၂)နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးစိန်လှိုင်(သူရဇော်)မိသားစု မြောက်ဒဂုံမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၂၄ | ဦးသောင်းညွန့်-ဒေါ်ဥမ္မာသန်း၊ သမီး မကြည်လဲ့ဝေ၊ မနှင်းယုသောင်း မိသားစု | 100000 |
| ၂၅ | ဦးဝင်းရွှေ-ဒေါ်ရင်ရင်၊ သမီး မသီတာ မိသားစု အကွက် (၃၉၁)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၆ | ဦးသံဝရ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်း၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာ | 100000 |
